# စစ်မက်ကြားက
# မြေဇာပင်တို့၏ အသံ

၂၀၂၃ ခုနှစ် စက်တင်ဘာလ ၊ ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ)



## စစ်မက်ကြားက

# မြေဇာပင်တို့၏ အသံ

၂၀၂၃ ခုနှစ် စက်တင်ဘာလ ၊ ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ)

# ကျေးဇူးတင်လွှာ

အစီရင်ခံစာ ထုတ်ဝေနိုင်ရန်အတွက် လိုအပ်သော သတင်းအချက်အလက်များကို သတ္တိရှိရှိ အမှန်အတိုင်း ဖြေကြားပေးသော ရှင်သန်လွတ်မြောက်သူ အမျိုးသမီးများ၊ သတင်းအချက်အလက်များကို စွန့်စွန့်စားစား သွားရောက်မေးမြန်းခဲ့ကြသော ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) – KWAT မှ လုပ်ဖော်ကိုင်ဖက်များကို အထူးကျေးဇူးတင်ရှိပါသည်။

အစီရင်ခံစာ ထုတ်ဝေမှုတွင် လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးသော ဆရာမ Mai Ja နှင့် ဆရာမ Ying Tzarm ကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

အစီရင်ခံစာ ထုတ်ဝေနိုင်ရန်အတွက် လိုအပ်သော ငွေကြေးထောက်ပံ့ပေးသော Asia Justice and Rights (AJAR) ကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။


# မာတိကာ


၁
အနှစ်ချုပ်

၃
ရှင်သန်လွန်မြောက်သူ ကချင်အမျိုးသမီး (၂၀) ဦး၏ ဖြတ်သန်းမှုဘဝဖြစ်စဉ်

၉၁
ရှင်သန်လွန်မြောက်သူ အမျိုးသမီးတို့၏ အသံ

၉၉
ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) ၏ အကြံပြုချက်များ

# အနှစ်ချုပ်

ဤစာတမ်းသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ရှင်သန်လွတ်မြောက်သူ အမျိုးသမီးများ၏ ဘဝဖြစ်စဉ်ဖြစ်ရပ်မှန်နှင့် ထိုသူတို့၏ ရင်တွင်းခံစားချက်အသံများအား ရှာဖွေဖော်ထုတ်ထားခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်း ဆယ်စုနှစ်များစွာ အချိန်ကာလအတွင်း လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ ပိုမိုတိုးမြင့်လာသည်နှင့်အမျှ စစ်မှန်သော တရားမျှတမှုရယူနိုင်ရန် ရှင်သန်လွတ်မြောက်သူတို့၏ဖြစ်ရပ်မှန်ဇာတ်ကြောင်းများနှင့် ထိုသူတို့၏ အသံကို မှတ်တမ်းတင်ထားကာ အသွင်ကူးပြောင်းရေးကာလအတွင်း တရားမျှတမှုရှာဖွေခြင်း လမ်းစဉ်များ၌ ထည့်သွင်းစဉ်းစားနိုင်ရန် အထောက်အကူပြုစေရန် ရည်ရွယ်သည်။

ဤစာတမ်းတွင် ရှင်သန်လွတ်မြောက်သူအမျိုးသမီး (၂၀) ဦး၏ အသံကို ထုတ်ဖော်ထားခြင်းဖြစ်သည်။ (ရှင်သန်လွတ်မြောက်သူအမျိုးသမီးများ၏ အမည်များကို (အစားထိုး) သုံးထားခြင်းဖြစ်သည်။) ထိုကဲ့သို့သော အလားတူဖြစ်ရပ်မှန်ဘဝဇာတ်ကြောင်းများစွာလည်း ရှိနေသေးသည်။ စာတမ်းပြုစုနိုင်ရန် လိုအပ်သော သတင်းအချက်အလက်များကို ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) – KWAT မှ ဝန်ထမ်းများကိုယ်တိုင် လူတွေ့ တွေ့ဆုံမေးမြန်းကာ မှတ်တမ်းပြုစုထားခြင်းဖြစ်သည်။

ရှင်သန်လွတ်မြောက်သူအမျိုးသမီးများ၏ ဘဝသည် ပတ်ဝန်းကျင်မှ အထင်အမြင်သေးခြင်း၊ မိမိတို့ မိသားစုအသက်ရှင်နေထိုင်ရန်၊ လိုအပ်သော ဝင်ငွေနှင့် အလုပ်ကိုင်အခွင့်အလမ်းနည်းပါးသဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကိစ္စအဝဝအတွက် အခက်ခဲများစွာ ကြုံတွေ့ခံစားနေရသည်။ အဆိုးဆုံးမှာ ရှင်သန်လွတ်မြောက်သူများအတွက် တရားမျှတမှု ရယူနိုင်ရန် အမှောင်မိုက်ဆုံးကာလအဖြစ် ကြုံတွေ့ရသည်။ ပြစ်မှုကျူးလွန်သူများအား အရေးယူဆောင်ရွက်ခြင်းများမရှိသဖြင့် ထပ်ပြီးကျူးလွန်မှုများစွာ ရှိနေသောကြောင့် ရှင်သန်လွတ်မြောက်သူများ၏ လုံခြုံရေး စိုးရိမ်ကြောင့်ကြရခြင်းများ ကြုံတွေ့ခံစားနေရသည်။

ရှင်သန်လွတ်မြောက်သူများမှာ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုကြောင့် နောက်ဆက်တွဲ ကျန်းမာရေး ပြဿနာများ ကြုံတွေ့ခံစားနေရသည် သာမက ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုကြောင့် မသန်စွမ်းဖြစ်ရသည့် အခြေအနေမျိုးကြုံတွေ့ရပါသည်။ တစ်ဖက်တွင် ရှင်သန်လွတ်မြောက်သူ အမျိုးသမီးများ၏ အမှန်တရားဖြစ်ရပ်မှန် အသံကိုထုတ်ဖော်ပြောဆိုရန် စိန်ခေါ်မှုရှိသည်။ ရှင်သန်လွတ်မြောက်သူများအတွက် လိုအပ်နေသည့် အချက်များအား သက်ဆိုင်ရာ အစိုးရမှ အလေးထား ဖြေရှင်းဆောင်ရွက်ပေးရန်နှင့် နိုင်ငံတကာ အသိုင်းအဝိုင်းမှလည်း ပါဝင်ဆောင်ရွက်ပေးရန် တောင်းဆိုပါသည်။



# ရှင်သန်လွတ်မြောက်သူ ကချင်အမျိုးသမီး ၂၀ ဦး၏ ဖြတ်သန်းမှု ဘဝဖြစ်စဉ်





# အဘောက်

**အဘောက်**သည် xxxxx မြို့၊ မူဆယ်ခရိုင်တွင် နေထိုင်သူဖြစ်ပြီး ၂၀၁၁ ခုနှစ်တွင် အဖေနှင့် အိမ်ထောင်ပြုခဲ့သည်။ အိမ်ထောင်ကျပြီး ဘာသာရေးအခြေပြုကျောင်း (SJN) ကျောင်းဆရာမ ပြုလုပ်ရန် စတင်ပြင်ဆင်ခဲ့၍ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် SJN ကျောင်းဆရာမလုပ်ရန် xxxxx မြို့မှာ မွမ်းမံသင်တန်းတက်ရောက်ခဲ့ပြီး ၂၀၁၆ ခုနှစ်မှ ၂၀၂၂ ခုနှစ် (၆) နှစ်အတွင်း ကျောင်းဆရာမပြုလုပ်ခဲ့သည်။ ထိုကာလအတွင်း သား (၃) ဦးကို ရရှိခဲ့သည်။ ၂၀၂၀ ဝန်းကျင်တွင် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ကိုဗစ်ကတ်ရောဂါကျရောက်ချိန်၌ xxxxx မြို့၊ မူဆယ်ခရိုင် တစ်လျောက်တွင်လည်း ကြီးကြီးမားမား ဆိုးဝါးသည့် အချိန်ဖြစ်သည်။

ကိုဗစ်ကတ်ရောဂါကြောင့် ၂၀၂၁ ခုနှစ်အတွင်းတွင် သူမနှင့် သူမ၏ မိသားစုအတွင်း ဆိုးဝါးသော ကျန်းမာရေး ထိခိုက်မှုများ ကြုံတွေ့ခဲ့ရသည်။ ထိုချိန်တွင် စစ်တပ်အာဏာသိမ်းမှုကြောင့် ဆေးဝါးပျက်လပ်၊ ကျန်းမာရေးဝန်ထမ်းများမှာ Civil Disobedience Movement (CDM) ပြုလုပ်၍ ပြည်သူ့ဆေးရုံ၌ ဆေးရုံလည်ပတ်မှု အားမကောင်းသည့် အချိန်ဖြစ်ပြီး ဆေးကုသရန် ကျန်းမာရေးစောက်ရှောက်ခွင့်ရနိုင်ရန် အင်မတန်မှ ခက်ခဲသည့် အချိန်ဖြစ်ခဲ့သည်။ သူမနှင့် သူမတို့ မိသားစုများသည်လည်း အပြင်ဆေးခန်းမှ သောက်သုံးနိုင်ရန် ဆေးဝါးများသာ ဝယ်ယူသုံးစွဲကာ မိမိတို့၏ နေအိမ်တွင်သာ မိမိကိုယ်တိုင် ထိုင်ကုသခဲ့သည်။ တစ်ဖက်တွင်လည်း xxxxx မြို့ တွင်းတွင် မြန်မာစစ်တပ်၏ တပ်ချရာ ဒေသဖြစ်ပြီး လက်နက်ကိုင် အဖွဲ့အစည်းများလည်းရှိရာ ဒေသဖြစ်သောကြောင့် အချိန်မရွေး လက်နက်များ ပစ်ခတ်ကာ ပြည်သူလူထုများအတွက် မလုံခြုံသော ဒေသလည်းဖြစ်သည်။

ထို့အပြင် တရုတ်ပြည်နယ်စပ်ဒေသဖြစ်သောကြောင့် တရုတ်လောင်းကစားရုံများလည်း ရှိပြီး ဒေသတွင်း ကုန်စည်ပစ္စည်းများ ဈေးမြင့်သောကြောင့် သာမန်လူထုများအတွက် စားဝတ်နေရေး ခက်ခဲသော ဒေသဖြစ်သည်။ သူမ၏ ကျောင်းဆရာမ လခဖြင့် သူမ၏ မိသားစုအား နေ့စဉ်လိုအပ်နေသော စားဝတ်နေရေးကို ဖြေရှင်းဆောင်ရွက်ပေးနေခဲ့သည်။ ၂၀၂၁ အောက်တိုဘာလ ၂၀ တွင် သူမတို့ မိသားစုဘဝကို အလင်းရောင်ကင်းပြီး မှောင်မိုက်နေသော ဘဝသို့ ရောက်ရှိခဲ့သည်။ ထိုနေ့တွင် တိုက်ပွဲမရှိပဲ မြန်မာစစ်တပ်မှ ရမ်းတမ်းပစ်ခတ်ခဲ့သော လက်နက်ကြီးသည် အဘောက်တို့ အိမ်တွင် ကျရောက်ကာ ကိုဗစ်ရောဂါဖြင့် နာမကျန်းဖြစ်နေသော အဘောက်၏ ရင်ဘက်တွင် ထိမှန်ခံသည်။

**“ကျွန်မနေမကောင်းသောကြောင့် အိမ်တွင် ဆေးကုသခံယူနေချိန်မှာ လက်နက်ကြီးဟာ အိမ်ဝန်းတွင် ကျရောက်ကာ ကျွန်မ၏ ရင်ဘက်အတွင်း ကျည်စထိမှန်ပြီး ရုတ်တရက်ကျွန်မ၏ နှာခေါင်းနှင့် ပါးစပ်အတွင်းမှသွေးတွေ ယိုထွက်လာချိန်မှာ ကျွန်မဘဝဟာ အမှောင်မိုက်ဆုံးချိန်ရောက်ခဲ့ပြီလို့ ကျွန်မခံယူခဲ့တယ်။ အသက်ရှူကြပ်ပြီး အင်မတန်မှနေရခက်သည်။ သို့သော်ကျွန်မကလေးတွေကလည်း ကျွန်မရဲ့ဒဏ်ရာမှ သွေးတွေကို တွေ့ပြီး အော်ငိုနေတာတွေကို ကြည့်ပြီး ကျွန်မဟာ ကျွန်မဘဝကို အရှုံးပေးလို့မရဘူး ကျွန်မကလေးတွေအတွက် ကျွန်မအသက်ရှင်နေရမယ်ဆိုတဲ့ စိတ်နဲ့ ကျွန်မ၏ နာကျင်ခြင်းကို ကျွန်မအံတုခဲ့ရတယ်”**

ကျွန်မခုလို ဒဏ်ရာရသည့်ချိန်မှာပဲ ချက်ချင်း XXXXX မြို့ဆေးရုံရောက်ခဲ့တယ်။ အခြေအနေဆိုးဝါးသောကြောင့် အောက်စီဂျင်ရှူပြီး မန္တလေးပြည်သူ့ဆေးရုံသို့ ရောက်ရှိခဲ့သည်။ သို့သော်ဆေးကုသခံယူနိုင်ရန် ခက်ခဲသောကြောင့် ပုဂ္ဂလိက ဆေးရုံသို့ ပြောင်းရွှေ့ကုသခဲ့ရသည်။ ဆေးကုသခံယူနိုင်ရန် လိုအပ်သော ငွေကြေးများအတွက် ချေးငှားခဲ့ပြီး ဆေးကုသခဲ့သည်။ ကျွန်မ၏ ထိခိုက်ဒဏ်ရာ ဖြစ်မှုကို ဆေးရုံရောက်ချိန် ဓါတ်မှန်ရိုက်ပြီးချိန် ကျွန်မ၏ အဆုတ်တွင်းတွင် ကျည်စရှိနေခဲ့သည်ကို သိရှိခဲ့သည်။ ဆေးကုသခံယူခဲ့သော်လည်း အဆုတ်မှ ကျည်စကိုတော့ မထုတ်နိုင်ခဲ့ပါ။

“ဒါပေမယ့် ဆရာဝန်က ကျွန်မစိတ်ပျော်သွားအောင် အားလုံးထုတ်လိုက်ပြီလို့ ပြောခဲ့သော်လည်း ကျွန်မပြန်ပြီး နာမကျန်းဖြစ်လို့ ဓါတ်မှန်ပြန်ရိုက်တဲ့အခါ ပြန်တွေ့မြင်ခဲ့ရတယ်။ ခုချိန်မှာ ကျွန်မ၏ ဒဏ်ရာနာကျင်မှုကို လျှော့ချနိုင်ရန် တိုင်းရင်းဆေးတွေသောက်ပြီး ကုသနေတယ်။ များသောအားဖြင့် အလုပ်ကြမ်း လုပ်လို့မရ၊ အမောပန်းမခံနိုင်တာမျိုးတွေ ဖြစ်တယ်။ ရာသီဥတုအေးတဲ့ချိန်မျိုးမှာလည်း ကိုက်ခဲ့နာကျင်မှုတွေ ခံစားရပါတယ်။”

ကျွန်မ၏ ကျန်းမာရေးအခြေအနေကြောင့် ကျောင်းဆရာမလုပ်ငန်းမှ ၂၀၂၁ တွင် ရပ်တန့်ခဲ့ရသည်။ ကျွန်မသည် စကားကြာကြာပြောရချိန် မောပန်းပြီး အမောစို့လာသည်။ ဝင်ငွေရလုပ်ငန်းအတွက် အလုပ်အကိုင်ရှာဖွေရာတွင်လည်း လုပ်ငန်းကြမ်းတွေသာ ရှိသောကြောင့် ကျွန်မအတွက် အခက်ခဲများ ကြုံတွေ့နေရသည်။ ယခုကဲ့သို့ ရှင်သန်လွတ်မြောက်သူ အမျိုးသမီးတစ်ဦး ဖြစ်ခဲ့ရတာဟာ “ကျွန်မကို ကံမကောင်းလို့ ဒီလိုဖြစ်ရတာဆိုတဲ့ အပြောအဆိုမျိုးတွေကိုလည်း ခံခဲ့ရပါတယ်” “အများပြည်သူများအား ပြောချင်တာက ပြည်သူလူထုများမှ ကဲ့ရဲ့ပြစ်တင်ပြောဆိုမည့်အစား ကြီးမားသော နာကျင်ခြင်း ဝေဒနာနှင့် ကြုံတွေ့နေရသော ရှင်သန်လွတ်မြောက်သူများအတွက် ပြန်လည်ကုစားမှု၊ အမှန်တရားနှင့် တရားမျှတမှုများအတွက် အမြဲကူညီ ထောက်မကာ ဝိုင်းဝန်းကူညီပေးဖို့ မေတ္တာရပ်ခံချင်ပါတယ်။”

“ကျွန်မသည် ၂၀၂၂ ခုနှစ်တွင် ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ)မှ ဆရာမများ၏ စိတ်ပိုင်းဆိုင်ရာ ကုစားမှုလုပ်ငန်းများ၊ ရှင်သန်လွတ်မြောက်သူများနှင့်သက်ဆိုင်သော အမြင်ဖွင့် သင်တန်းများတွင် တက်ရောက်ပြီးကျွန်မ၏ စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာများကို ကုစားနိုင်ခဲ့သည်။” ယခုချိန်တွင် ကျွန်မသည် မိသားစုအတွက် လိုအပ်သော နေ့စဉ်စားဝတ်နေရေးအတွက် ဝင်ငွေရလုပ်ငန်းတစ်ခုရရှိရန်လည်း လိုအပ်နေသည်။ ကျွန်မတတ်နိုင်သော လက်မှုပညာဖြင့် ဝင်ငွေရှာဖွေလိုသော်လည်း ရင်းနှီးမတည်ငွေ လိုအပ်နေသောကြောင့် လုပ်ငန်းစတင်လုပ်ဆောင်နိုင်ရန်လည်း အခက်ခဲကြုံတွေ့နေရခြင်းဖြစ်သည်။ ယခုချိန်တွင် ကျွန်မသည် အခြားသော ရှင်သန်လွတ်မြောက်သူအမျိုးသမီးများအား ပြန်လည်ဖေးမကူညီနိုင်ရန် စုဖွဲ့ထားသော ရှင်သန်လွတ်မြောက်သူအမျိုးသမီးအဖွဲ့တွင် အတွင်းရေးမှူးတာဝန်ကို ၂၀၂၂ တွင် စတင်ပါဝင်လုပ်ရှားနေပြီဖြစ်သည်။ “ကျွန်မတို့၏ ရှင်သန်လွတ်မြောက်သူအမျိုးသမီးအဖွဲ့သည် ကျွန်မတို့ကဲ့သို့သော ကြုံတွေ့ခံစားနေရသည့် ရှင်သန်လွတ်မြောက်လာသူများအား ပြန်လည်ဖေးမကူညီနိုင်ရန် ကျွန်မတို့ကိုယ်တိုင် သူတို့၏ အသံကို ကောင်းစွာနာထောင်ပေးခြင်း၊ ခံစားချက်များအား ဖလှယ်ခြင်းများ ပြုလုပ်လျှက်ရှိသည်။”

ကျွန်မတို့ ပြည်သူလူထုတွေရှိတဲ့ နေရာတွေမှာ လက်နက်ကိုင်အဖွဲ့အစည်းတွေကို မရှိခိုင်းချင်ပါဘူး။ စစ်ပွဲတိုက်ပွဲမရှိချင်တော့ပါဘူး။ တိုက်ပွဲဖြစ်တာနဲ့ အရင်ဆုံးနာကျင်ခံစားရတာကကျွန်မတို့ ပြည်သူလူထုတွေပဲဖြစ်တာပါ။ ရှင်သန်လွတ်မြောက်သူများအတွက် ပြန်လည် ကုစားခြင်းကိုလည်း ယခုကာလမှစ၍ အသွင်ကူးပြောင်းရေးကာလမှာ အစဉ်တစ်စိုက် ထည့်သွင်းစဉ်းစားပေးဖို့ တောင်းဆိုချင်ပါတယ်။ “ခုလိုမျိုး အစိုးရနှင့် မြန်မာစစ်တပ်မှ ချိုးဖောက်သူများအား အပြစ်ပေး အရေးယူခြင်းကင်းမဲ့နေခြင်းကြောင့် ထပ်သလဲလဲ ချိုးဖောက်မှုများ ဖြစ်နေရခြင်းဖြစ်သည်။ ထိုသို့သောကြောင့် ကျူးလွန်သူများအား အပြစ်ပေးအရေးယူရန် လိုအပ်ကြောင်း နိုင်ငံတကာအသိုင်းဝန်းများထံ ပြောကြားချင်ပါသည်။” တစ်ဖက်တွင်လည်း ကျွန်မတို့၏ ဘဝ ပြန်လည်ရပ်တည်နိုင်ဖို့ဆိုတာက ကျွန်မတို့ ဘဝက မလွယ်ပါဘူး။ ပြန်လည်ကုစားမှုလို့ ပြောတဲ့ချိန်မှာ စိတ်ပိုင်းဆိုင်ရာ သာမက ရုပ်ပိုင်းဆိုင်ရာနှင့် ရှင်သန်လွတ်မြောက်သူများ၏ ဘဝရပ်တည်နိုင်ရန် ပံ့ပိုးကူညီမှုလည်း လိုအပ်လှပါသည်။





# အနန်

ကျွန်မနာမည်က အနန် လို့ခေါ်ပါတယ်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ xxxxx မြို့၊ xxx ကျေးရွာမှာ နေထိုင်ခဲ့သူဖြစ်ပါတယ်။ မွေးချင်းမောင်နှမ (၉)ယောက်ရှိပြီး ကျွန်မတို့ မိသားစုမှာ စားဝတ်နေရေးအတွက် တောင်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပါတယ်။ မိသားစုအခက်အခဲကြောင့် ကျွန်မဟာ ကျောင်းမနေခဲ့ရပါဘူး။ ဒါကြောင့် ကိုယ့်ကိုယ်ကို စိတ်အားငယ်တာမျိုးတွေ ရှိခဲ့ပါတယ်။

အသက် အရွယ်လေးရလာတော့ မူဆယ်ခရိုင်၊ xxxxx မြို့၊ xxx ကျေးရွာက မာဂမ်နှင့် အိမ်ထောင်ပြုခဲ့ပါတယ်။ ကျွန်မတို့ အိမ်ထောင်သက်အတွင်းမှာ သားသမီး (၆) ယောက် ထွန်းကားခဲ့ပါတယ်။ စစ်ပွဲတွေ မရှိရင်တော့ ဘယ်လောက်ပဲခက်ခဲပါစေ ကျွန်မတို့ မိသားစုစားဝတ်နေရေးအတွက် ကျွန်မတို့ အလုပ်ကြိုးစားပြီး စားနိုင်သောက်နိုင် အဆင်ပြေပါတယ်။ မိသားစုမှာ ကျွန်မအမျိုးသားက မိသားစုရဲ့ အားကိုးအားထားရသူဖြစ်ပါတယ်။

သို့ပေမဲ့ မထင်မှတ်ပဲ ၂၀၁၃ ခုနှစ်၊ မေလ၊ (၇) ရက်နေ့ မနက် အစောပိုင်း၊ ကျွန်မတို့ မိသားစုအိပ်မောကျနေသေးတဲ့ အချိန်မှာ မြန်မာစစ်တပ်၊ တပ်မ (၉၉) စစ်ကြောင်းဟာ ကျွန်မတို့ ရွာထဲကို ဝင်ရောက်လာခဲ့ပါတယ်။ ရပ်ရွာထဲက ရွာလူကြီး အုပ်ချုပ်ရေးမှူးနှင့်

စစ်သားတွေက စစ်ကြောင်းအတွက်လမ်းပြပေးဖို့ လူလိုအပ်နေတယ်ဆိုပြီး ကျွန်မအမျိုးသားကို အချိန်မကြာဘူး၊ ခဏပါပဲ ဆိုပြီးလမ်းပြဖြစ် ခေါ်သွားခဲ့ပါတယ်။ ကျွန်မအမျိုးသားကို ခေါ်သွားပြီးနောက် ညနေပိုင်း မွန်းလွဲ ၂ နာရီဝန်းကျင် လောက်မှာတော့ သေနတ်သံကြားရပါတော့တယ်။

အဲဒီသေနတ်ပစ်ခတ်သံက ကျွန်မအမျိုးသားကို သူတို့ ပစ်သတ်လိုက်တာဖြစ်ပါတယ်။ ကျွန်မအမျိုးသားကို ပစ်သတ်လိုက်ပြီဆိုတဲ့ သတင်းကြားကြားချင်းပဲ ကျွန်မနဲ့ ကျွန်မရဲ့သား၊ သမီးတွေအားလုံး ဝမ်းနည်းငိုကြွေးခဲ့ရပါတယ်။ အဲဒီအချိန်မှာ ကျွန်မတို့ ကလေးအငယ်ဆုံးလေးက နို့စို့အရွယ်လေးပဲ ဖြစ်နေပါသေးတယ်။ ကျွန်မအမျိုးသားဟာ နောက်ကြောကနေပစ်ခတ်လိုက်တဲ့ ကျည်ဆံသည် ဝမ်းဗိုက်ကနေ ပြန်ဖောက်ထွက်သွားတဲ့ ဒဏ်ရာနဲ့ သေဆုံးခဲ့ရတာပါ။

**ကျွန်မအမျိုးသားသေဆုံးသွားချိန်မှာ ကျွန်မတစ်ယောက်တည်း ကျွန်မတို့ရဲ့ ကလေးတွေကို ဘယ်လိုများ ရှာဖွေကျွေးမွေးစောင့်ရှောက်နိုင်တော့မလဲလို့စဉ်းစားပြီး လမ်းပျောက်သွားသလိုခံစားခဲ့ရပါတယ်။**

ကျွန်မကလေးတွေကို ကျွန်မသနားတယ်။ သူတို့လေးတွေ ကလေးတွေ ကြီးလာရင် အဖေလို့ ခေါ်စရာမရှိတော့ဘူး။ ကျွန်မမှာ အရမ်းကို ဝမ်းနည်းပူဆွေးနေရပေမဲ့လည်း ကလေးတွေရဲ့ စားဝတ်နေရေးအတွက် ဖြေရှင်းဖို့က ရှိနေသေးတော့ ဒေသအတွင်းမှာ ဝင်ငွေရနိုင်မဲ့ အလုပ်ကြမ်းတွေကိုစပြီး လုပ်ရပါတော့တယ်။ "ကျွန်မအမျိုးသား အခုလိုဖြစ်သွားတာကြောင့် ကျွန်မတစ်ယောက်တည်း မိသားစုတခုလုံးရဲ့ တာဝန်တွေကို ကျုံးပြီး ယူနေရတာဟာ တကယ်ကို မလွယ်လှပါဘူး။ အခုဆိုရင် ကျွန်မရဲ့သား၊ သမီး (၆) ယောက်စလုံးကို ကျွန်မတယောက်တည်း ရှာဖွေကျွေးမွေး၊ ပြုစုစောင့်ရှောက်နေရပါတယ်။ တစ်ရက်ရှာရမှ တစ်နေ့စားနိုင်တာမို့လို့ ကျွန်မအတွက်တော့ နားချင်ပေမဲ့လည်း နားဖို့အချိန်မရှိပါဘူး။ နေ့တိုင်း နေ့စားအလုပ်တွေ လိုက်ရပါတယ်။ ကြုံရာကျပန်းအလုပ်တွေ လိုက်ရတယ်။ တစ်နေ့ကို မြန်မာကျပ်ရှစ်ထောင် (၈၀၀၀) ရတာလေးနဲ့ မိသားစုစားဝတ်နေရေးကို ဖြေရှင်းနေရပါတယ်။"

**မြန်မာစစ်တပ်က ကျွန်မအမျိုးသားကို လမ်းပြဆိုပြီးခေါ်သွားရာကနေ ပစ်သတ်လိုက်တဲ့လုပ်ရပ်ဟာ အလွန်ကိုမှ လူမဆန်ရက်စက်၊ ကြမ်းကြုတ်တဲ့ လုပ်ရပ်ဖြစ်တယ်။**

ကျွန်မအမျိုးသား ဒီလိုဖြစ်သွားပြီးနောက်မှာ ကျွန်မရဲ့ ကျန်းမာရေးအခြေအနေက ဆိုးလာခဲ့တယ်။ အထူးသဖြင့် ကျွန်မရဲ့နှလုံးကျန်းမာရေး စပြီးထိခိုက်လာတယ်။ ခုဆိုရင် ကျွန်မမှာ ကျယ်လောင်တဲ့ အသံတွေ ကြားလို့မရပါဘူး။ ကြားလိုက်တာနဲ့ နှလုံးခုန်တာမြန်လာပြီး မောပန်းလာတတ်ပါတယ်။ ကျွန်မရဲ့ စိတ်က ကြောက်စိတ်တွေ အချိန်ပြည့်စိုးမိုးနေတယ်။ ၂၀၁၄ ခုနစ်တွင် မုံးကိုးမြို့နယ်အတွင်းရှိ ကျေးရွာတွေမှာ တိုက်ပွဲတွေဖြစ်လာတာကြောင့် ကျွန်မတို့ သားအမိတွေဟာ မူဆယ်ခရိုင်၊ xxxxx မြို့၊ xxx ကျေးရွာ နေအိမ်ကနေ မူဆယ်ခရိုင်မှ စစ်ရှောင်စခန်းတစ်နေရာသို့ ဘာပစ္စည်းမှ မသယ်ယူနိုင်ပဲ ကိုယ်လွတ် ထွက်ပြေးသိမ်းရှောင်လာခဲ့ရပါတယ်။ စစ်ရှောင်စခန်းမှာ နေထိုင်စဉ်ကာလတလျှောက် အများကူညီထောက်ပံ့ပေးတဲ့ အထောက်အပံ့တွေကိုပဲ ချွေတာစားသုံးပြီး နေထိုင်ခဲ့ရပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းတွေလည်း မရှိသောကြောင့် ကျွန်မသား၊ သမီးတွေကို ကျောင်းဆက်မထားနိုင်တော့ပါဘူး။ ၂၀၁၈ ခုနှစ်ကစပြီး စစ်ရှောင်တွေ မိမိတို့ နေရပ်ဒေသကို ပြန်နိုင်ပြီဆိုလို့ အားလုံးက နေရပ်ပြန်သွားကြပေမဲ့လည်း ကျွန်မတို့ သားအမိတွေကတော့ လုံခြုံရေးအတွက် စိုးရိမ်ပြီး မပြန်ရဲခဲ့ပါဘူး။ မူဆယ်ခရိုင် နေရာလေးတစ်နေရာမှာ အကူအညီတောင်းပြီး နေထိုင်ခဲ့ကြတာ ယခုချိန်ထိဖြစ်ပါတယ်။ ကျွန်မတို့ မိသားစုမှာ လုပ်ကိုင်စားသောက်ဖို့ တောင်ယာ၊ လယ်ယာတွေ မရှိပေမဲ့လည်း ကျွန်မတို့ မိသားစု အတူတူနေနိုင်တာကြောင့်ကျွန်မစိတ်ချမ်းသာပါတယ်။

ကျွန်မစိုးရိမ်တာတစ်ခုကတော့ နိုင်ငံရေး၊ စီးပွားရေးအခက်ခဲတွေကြောင့် လူငယ်တွေ အလုပ်အကိုင်မရှိ၊ အလုပ်လက်မဲ့တွေဖြစ်ကြပြီး ပျက်စီးနေကြတာကြောင့် ကျွန်မ ကလေးတွေလည်း လမ်းပျောက်ပြီး ပျက်စီးသွားမှာကို အရမ်းပဲ စိုးရိမ်မိတယ်။ ကျွန်မ ဘဝမှာ ဘယ်အရာမဆို ပျော်ပျော်ရွှင်ရွှင်နဲ့ ကျော်ဖြတ်ရတယ်ဆိုတာ မရှိခဲ့ပါဘူး။ တခါ တလေ ကျွန်မကိုယ်ကို ကျွန်မအဆုံးစီရင်ချင်တဲ့ စိတ်တွေ ဖြစ်ပေါ်ခံစားခဲ့ဖူးပါတယ်။ သို့ပေမဲ့ အခုဆိုရင် ကျွန်မရဲ့ စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာဒဏ်ချက်တွေကို ပြန်လည်ပြုစုနိုင်ဖို့ အခွင့်အလမ်းတွေ ကျွန်မရရှိခဲ့ပါပြီ။ ကျွန်မကို ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) မှ သက်ဆိုင်ရာ တာဝန်ရှိသူတွေက လာရောက်တွေ့ဆုံပြီး စိတ်ပိုင်းဆိုင်ရာ ပြန်လည် ကုစားနိုင်ဖို့ နည်းလမ်းမျိုးစုံနဲ့ ကျွန်မတို့ကို အားပေးမှု၊ ပံ့ပိုးကူညီမှုတွေ လုပ်ခဲ့ကြတယ်။ အခုဆိုရင် ကျွန်မလိုပဲ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ကြုံတွေ့ခံစားခဲ့ရတဲ့ ရှင်သန် လွတ်မြောက်သူ အမျိုးသမီးများနှင့် တွေ့ဆုံနိုင်ပြီး အတွေ့အကြုံ၊ ခံစားချက်တွေကို အပြန်အလှန် ဖလှယ်ခြင်းများကိုလည်း လုပ်ဆောင်နေနိုင်ပါပြီ။ လက်ရှိကျွန်မတို့ မိသားစုနေထိုင်နေရတဲ့ နေရာလည်း အခုဆိုရင် သိပ်မလုံခြုံပါဘူး။ မြန်မာစစ်တပ်တွေ က အချိန်မရွေး ရွာတွင်းဝင်ထွက်ပြီး ကြက်တွေ ဖမ်းစား၊ ထင်းတွေလာတောင်း လုပ်ကြပါ တယ်။ အခြေအနေမကောင်းဘူးဆိုရင် ကျွန်မအမြဲ စိုးရိမ်ထိတ်လန့်နေရတယ်။

“ကျွန်မတို့ အရပ်သားပြည်သူလူထုတွေနေထိုင်တဲ့ ကျေးရွာဒေသတွင်းမှာ စစ်တပ်မှ တပ်ချတာမျိုး၊ လက်နက်အပြည့်နဲ့ ပြည်သူတွေရှိတဲ့ နေရာတွေမှာ ဝင်ရောက်နေထိုင်တာ မျိုးတွေကို ကျွန်မတို့ မလိုလားပါဘူး။ အမြန်ဆုံးထွက်သွားပေးစေလိုပါတယ်။ တိုက်ပွဲ လည်းမဖြစ်စေချင်ပါဘူး။” “ကျွန်မတို့လို ရှင်သန်လွတ်မြောက်လာသူများကို ဘေးဖယ် မထားပဲ သူတို့ဘဝတွေ ပြန်လည်ရှင်သန်ရပ်တည်လာနိုင်ဖို့အတွက် ကူညီပံ့ပိုးပေးစေလို ပါတယ်။ ကျွန်မတို့ ကြုံတွေ့ခံစားခဲ့ရတဲ့ ဖြစ်ရပ်မျိုး အခြားဘယ်သူကိုမှ မခံစားစေချင် တော့ပါဘူး၊ ဒါကြောင့် အမှန်တရားနှင့် တရားမျှတမှုရရှိဖို့အတွက်၊ ကျူးလွန်သူတွေကို အပြစ်ပေး အရေးယူမှုများ ဆောင်ရွက်ကြရန် တိုက်တွန်းချင်ပါတယ်။”



# အတွမ့်

ကျွန်မက အတွမ့်ပါ။ မူဆယ်ခရိုင်၊ xxxxx မြို့၊ xxx ကျေးရွာ တွင် နေထိုင်ပါတယ်။ ကျွန်မမှာ မွေးချင်း မောင်နှမ (၅) ယောက် ရှိပါတယ်။ ကလေးဘဝ ငယ်ရွယ်စဉ် အချိန်ခါမှာ ကျွန်မမိဘတွေရဲ့ မေတ္တာ ရိပ်အောက် မိသားစုစုံစုံလင်လင်နဲ့ နေထိုင်ကြီးပြင်း ခွင့်ရခဲ့လို့ အင်မတန်မှ ပျော်ရွှင်ခဲ့ပါတယ်။ ကျွန်မ အသက် ၁၁ နှစ်ကစပြီး ၂၃ နှစ်အထိ ဆွေမျိုးအိမ်မှာ အလုပ်လုပ်ပြီး နေထိုင်ကြီးပြင်းလာခဲ့ရပါတယ်။ အလုပ်ကိုသာ အချိန်ပြည့် လုပ်ခဲ့ရပါတယ်။ အိမ်နီးနားချင်းသူငယ်ချင်းတွေနဲ့ တွေ့ဆုံနိုင်ဖို့ တောင် အင်မတန်မှ ခက်ခဲလှပါတယ်။ ကျွန်မ အသက် ၂၅ နှစ်ပြည့်ပြီးချိန်မှာတော့ မူဆယ်ခရိုင်၊ xxxxx မြို့မှ ကျွန်မချစ်ရသူနဲ့ လက်ထပ်ပြီး အိမ်ထောင်ပြုခဲ့ပါတယ်။ ကျွန်မက အိမ်ထောင်ကျ ပြီးနောက် ကျွန်မခင်ပွန်းနောက်ကိုလိုက်ပြီး သူ့ မိသားစုနဲ့အတူ နေထိုင်ခဲ့ပါတယ်။ ကျွန်မတို့မှာ သား၊ သမီး (၄) ဦး ထွန်းကားခဲ့ပါတယ်။ ကျွန်မတို့ မိသားစုက လယ်ယာစိုက်ပျိုးရေးကို အဓိက လုပ်ကိုင်ပါတယ်။ မိသားစုဝင်ငွေအတွက် အဓိက ဦးဆောင်သူမှာ ကျွန်မအမျိုးသား ဖြစ်ပါတယ်။ ကျွန်မကတော့ အိမ်မှုကိစ္စတွေနဲ့ သား၊ သမီး တွေကို ပြုစုစောင့်ရှောက်တဲ့ တာဝန်ကို အဓိက ယူပါတယ်။



၂၀၁၆ ခုနှစ်၊ နိုင်ဝင်ဘာလ (၁၇) ရက်နေ့မှာတော့ မူဆယ်ခရိုင်၊ xxxxx မြို့ xxx ရွာတွင် မြန်မာစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့တွေကြားမှာ တိုက်ပွဲစ ဖြစ်ခဲ့ပါတယ်။ မြန်မာစစ်တပ်မှ မူဆယ်ခရိုင်၊ xxxxx မြို့ xxx ရွာတွင် လေယာဉ်နဲ့ ဗုံးကျဲ တိုက်ခိုက်လာခြင်းကြောင့် ကျွန်မတို့မိသားစုအားလုံး တရုတ်ပြည်နယ်စပ်သို့ အမြန် ထွက်ပြေးသိမ်းရှောင်သွားခဲ့ရပါတယ်။ သို့ပေမဲ့ ကျွန်မရဲ့ ယောက္ခထီး ဖော်ဖော်က နေမ ကောင်းဖြစ်နေတာကြောင့် ထွက်မပြေးနိုင်ပဲ အိမ်မှာ ကျန်နေခဲ့ပါတယ်။ ကျွန်မတို့လည်း တိုက်ပွဲတွေ ပြင်းပြင်းထန်ထန်ဖြစ်နေတာကြောင့် အိမ်လုံးဝ ပြန်လို့မရဖြစ်နေခဲ့တယ်။ တစ်လလောက်ကြာတဲ့အခါ တိုက်ပွဲတွေရပ်သွားပြီး သေနတ်ပစ်ခတ်သံတွေလည်း မကြား ရတော့တဲ့အချိန်မှာ ကျွန်မအမျိုးသားက ကျွန်မတို့ အိမ်အခြေအနေကို စုံစမ်းဖို့အတွက် တရုတ်ပြည်နယ် စပ်မှ အိမ်သို့ တစ်ယောက် တည်း ပြန်သွားခဲ့ပါတယ်။

ကျွန်မအမျိုးသား အိမ်ပြန်ပြီး အခြေအနေသွားကြည့်တုန်းက သူကြုံတွေ့ခဲ့ရတဲ့အဖြစ် အပျက်ကို ပြန်ပြောပြရာမှာ သူ xxxxx မြို့သို့ ကြောက်ကြောက်နဲ့ ပြန်သွားခဲ့တယ်။ သူမြို့ ထဲကို ပြန်ရောက်တဲ့အချိန်မှာ အရင်ဦးဆုံး ကျွန်မတို့ အိမ်ကို သွားကြည့်ခဲ့တယ်။ အိမ်ခြံ ဝင်းထဲဝင်သွားတော့ အိမ်တံခါးဝက ဖွင့်လျက်သားဖြစ်နေတယ်လို့ပြောတယ်။ အဲလိုအိမ် တံခါးဝက ပွင့်နေတော့ ကျွန်မအမျိုးသားက အိမ်ထဲကို အပြေးတပိုင်းနဲ့ ပြေးဝင်သွားပြီး သူ့အဖေကို “အဖေ...အဖေ”လို့ ပထမဆုံးအော်ခေါ်ကြည့်တယ်တဲ့။ သို့ပေမဲ့ အဖေရဲ့ ထူး သံကို ပြန်မကြားရဘူး။ အိမ်ခြံဝင်းတခုလုံးကတိတ်ဆိတ်နေပြီး သူ့အသံကိုပဲ သူပြန်ကြား နေရတယ်။ သူက ထပ်ပြီး “အဖေ..အဖေ” လို့ခေါ်တယ်။ အိမ်တခုလုံးကို တိုးရှာကြည့် ခဲ့တယ်။ ဒါပေမဲ့လည်း သူ့အဖေကို မတွေ့ဘူး။ အိမ်အပြင်ခြံဝင်း တစ်ခုလုံးလဲပြေးလှာပြီး ပတ်ရှာခဲ့ပေမဲ့လည်း မတွေ့ဘူး။ နောက်ဆုံးမှာတော့ ကျွန်မတို့ အိမ်ရဲ့အရှေ့ဘက်၊ လယ်တောသွားတဲ့လမ်းဘက်ကို သွားကြည့်လိုက်တယ်။ အဲဒီတော့မှ ကျွန်မတို့ အိမ်နဲ့ တစ်ဖာလုံလောက်အကွာမှာ တစ်စစီညှင်းပန်းနှိပ်စက်သတ်ဖြတ်ခံထားတဲ့ ဖခင်ရဲ့ အလောင်းကို ရှာတွေ့ခဲ့ပါတော့တယ်။ အဖေအိမ်မှာ ကျန်နေခဲ့တုန်းက သူဝတ်ထားတဲ့ အဝတ်အစားနဲ့ ခေါင်းကတခြား၊ ခန္ဓာကိုယ်ကတစ်ခြား ဖြစ်နေပြီး လက်နှစ်ဘက်ကို လည်း ကြိုးနဲ့ ချည်တုတ်ထားလျက် သေဆုံးနေတဲ့ သူ့ဖခင်ရဲ့ ရုပ်အလောင်းကို ကျွန်မ အမျိုးသားက တွေ့မြင်လိုက်ရတာပါ။

ကျွန်မအမျိုးသားက သူဖခင်အသတ်ခံထားရတာကို တွေ့ရှိတဲ့နေ့ကတော့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ၊ (၄) ရက်နေ့ဖြစ်ပါတယ်။ သူ့အဖေရဲ့ ရုပ်ကလပ်ကို မြေမြှုပ်သင်္ဂြိုဟ်ပြီး မိသားစုတွေ ခိုလှုံရာ တရုတ်ပြည် နယ်စပ်မြို့သို့ ပြန်လာခဲ့ပါတယ်။ ထိုသို့ဖြစ်ပြီး ၆ နှစ် အကြာမှာတော့ ကျွန်မတို့ စစ်ရှောင်တွေ မိမိတို့ နေရပ်ပြန်နိုင်ပြီဆိုလို့ ကျွန်မတို့ မိသားစုက မူဆယ်ခရိုင်၊ xxxxx မြို့ xxx ရွာသို့ ပြန်လာခဲ့ကြပါတယ်။ ကျွန်မတို့ အိမ်ပြန် ရောက်တော့မှ ကျွန်မရဲ့ ယောက္ခထီး (အဖေ) အတွက် အောက်မေ့ဆုတောင်းပွဲကို လုပ်နိုင်ခဲ့ပါတယ်။

## တိုက်ပွဲကြောင့် ကျွန်မတို့ မိသားစုမှာ ကျွန်မယောက္ခထီးကို ဆုံးရှုံးခဲ့ရသည် သာမကဘဲ မိသားစုစားဝတ်နေရေးအတွက် လုပ်ငန်းတွေကို အစကနေ ပြန်အစပျိုးထူထောင်ယူရပါတယ်။

တိုက်ပွဲဖြစ်ပြီးနောက် လက်နက်ကိုင်အဖွဲ့အစည်းများက ထောင်ထားတဲ့ မြေမြှုပ်မိုင်းတွေ ရှင်းလင်းထားခြင်းမရှိပဲ နေရပ်ပြန်ခိုင်းတာကြောင့် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့မှာ ကျွန်မအမျိုးသားက တောင်ပေါ်တက်ပြီး ထင်းသွားခွေတော့ လမ်းမှာထောင်ထားတဲ့ မြေမြှုပ်မိုင်းနင်းမိပြီး ညာဘက်ခြေထောက်တွင် ကြီးမားတဲ့ ထိခိုက်ဒဏ်ရာရရှိခဲ့တယ်။ ထိုသို့ဖြစ်ဖြစ်ခြင်း ကျွန်မအမျိုးသားကို တရုတ်ပြည်၊ ယူနန်ပြည်နယ်၊ မာန်ရှီမြို့က ဆေးရုံ ကြီးကို ပို့ဆောင်ကုသခဲ့ရပါတယ်။ အချိန်ကာလ ကြာရှည်စွာ ဆေးကုသမှုကို ခံယူခဲ့ရတယ်။ ခုချိန်ထိ ကျွန်မအမျိုးသားရဲ့ ခြေထောက်မှာ စတီးချောင်းထည့်ထားရသေးတယ်။ အရိုး အကြောနဲ့ သက်ဆိုင်တဲ့ တိုင်းရင်းဆေးမြစ်များတွေကို ဝယ်သောက်နေရတယ်။ ကျွန်မ အမျိုးသားအခုလို ဖြစ်သွားပြီးတဲ့နောက်ပိုင်းကစပြီး သူ့အလုပ်ကြမ်းမလုပ်နိုင်တော့ပါ ဘူး။ ဒါကြောင့် ကျွန်မက အိမ်ထောင်စုရဲ့ လုပ်ငန်းတွေကို ကိုယ်တိုင်ဦးဆောင်ဦးရွက် လုပ်နေရသလို အိမ်တွင်း အိမ်မှုကိစ္စအားလုံးကိုလည်း တာဝန်ယူ၊ စီမံရပါတော့တယ်။ ကျွန်မမှာ တာဝန်တွေ ပိုပြီးပိလာပါတယ်။ ကလေးတွေရဲ့ ပညာရေး၊ မိသားစု ကျန်းမာရေး နှင့် လူမှုရေးကိစ္စအဝဝအတွက် ကျွန်မကတာဝန်ထမ်းထားရပါတယ်။

**ကျွန်မဘဝက အသက်ငယ်ရွယ်စဉ်မှာ ဆွေမျိုးအိမ်မှာပဲ နေရပြီး အမြဲဆူပေါက်ခံခဲ့ရတော့ ကြောက်တဲ့ စိတ်တွေက ရှိနေခဲ့တယ်။ အခုလို စစ်ပွဲကြောင့် မိသားစုဝင်တစ်ဦးရက်ရက်စက်စက် လူမဆန်စွာ သတ်ဖြတ်ခြင်းခံရတာကို ကြုံခဲ့ရသလို ကျွန်မချစ်တဲ့အမျိုးသားကလည်း စစ်ပွဲရဲ့နောက်ဆက်တွဲ ဆိုးကျိုးမြေမြှုပ်မိုင်းကြောင့် ခြေထောက်ထိခိုက်ဒဏ်ရာရပြန်တော့ ကျွန်မစိတ်က အမြဲကြောက်လန့်တဲ့ စိတ်တွေနဲ့ လွှမ်းမိုးနေတယ် အိမ်မှာရှိနေလဲ အိမ်နောက်ဖေး၊ အိမ်ရှေ့၊ အိမ်ပြင် အမြဲသတိထားပြီး နေနေရ သလိုခံစားရတယ်။ ကျွန်မစိတ်က အမြဲကြောက်နေတယ်။ ကျယ်လောင်တဲ့ အသံတစ်ခုခုကြားတာနဲ့ မောပန်းလာတယ်၊ ခေါင်းမူးပြီး နေရခက်လာတယ်။ ဒီစိတ်ဒဏ်ရာတွေကြောင့် ကျွန်မရဲ့နှလုံးကျန်းမာရေးကို ထိခိုက်လာတယ်။**

ကျွန်မဘဝဟာ တိုးတက်လမ်း မရှိတော့ဘူးလို့လဲ ခံစားရတယ်။ အခြားသူတွေကိုလည်း ကျွန်မရဲ့ ခံစားချက်တွေကို ရင်ဖွင့်ပြောပြလိုက်ချင်တယ်။ သို့သော်လည်း ကျွန်မရဲ့ လုံခြုံရေးအတွက် စိုးရိမ်တာကြောင့် ဘယ်သူ့ကိုမှ မပြောပြရဲခဲ့ဘူး။ ဒီလိုဖြစ်နေချိန်မှာ ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ)မှ ကျွန်မတို့ ရှင်သန်လွတ်မြောက်သူမိသားစုတွေဆီကို အိမ်တိုင်ရာရောက် လာတွေ့ဆုံပြီး ကျွန်မတို့ရဲ့ အသံ၊ ကျွန်မရဲ့ ခံစားချက်တွေကို နားထောင်ပေးခဲ့တယ်။ ပထမဆုံး စတွေ့တဲ့အချိန်မှာတော့ ကျွန်မရဲ့ အတွေ့အကြုံဖြစ်ရပ်တွေကို ပြောပြနိုင်ဖို့ အရမ်းကို ကြောက်ရွံ့ခဲ့တယ်။ ကျွန်မကို လာတွေ့တဲ့သူများဘက်ကလည်း ကျွန်မကို အကြိမ်ကြိမ်လာရောက် တွေ့ဆုံပြီးတော့ အားပေးတယ်။ ကျွန်မအမျိုးသားအတွက်ဆေးကုသစရိတ် ငွေကြေးအချို့ကိုလည်း ပံ့ပိုးကူညီပေးခဲ့တယ်။ ထို့မှနောက်ပိုင်းတွင်ကျွန်မကိုယ်တိုင် ရှင်သန်လွတ်မြောက်သူအမျိုးသမီးများအဖွဲ့တွင် ပါဝင်ခွင့်ရရှိခဲ့ပြီး အသိအမြင့်တွေ ပွင့်လာခဲ့သလို ရှင်သန်လွတ်မြောက်သူအမျိုးသမီးတွေရဲ့ နှီးနှောဖလှယ်ခြင်းအစီစဉ်တွင် ပါဝင်ခြင်းဖြင့် ကျွန်မတွေ့ကြုံခံစားနေရတာတွေကို ပြောပြနိုင်ခွင့်ရခဲ့တယ်။ အခြားသော ရှင်သန်လွတ်မြောက်သူအမျိုးသမီးများရဲ့ အခြေအနေတွေကိုလည်း သိရှိလာခဲ့ရတယ်။ သူတို့ဆီက စိတ်ခွန် အားတွေလည်းရရှိခဲ့တယ်။ ဒီလို ရှင်သန်လွတ်မြောက်သူများအချင်းချင်း တွေ့ဆုံနိုင်တဲ့ နေရာမျိုးကို ဖန်တီးပေးတာဟာ ကျွန်မတို့အတွက် အင်မတန်မှ အကျိုးရှိလှပါတယ်။ ကျွန်မတို့ရဲ့ ခံစားချက်တွေကိုလည်း ဖွင့်ထုတ်နိုင်ပြီး ရှင်သန်လွတ်မြောက်သူညီအစ်မတွေကို ကျွန်မရဲ့ ဆွေမျိုးတွေထက်တောင် ပိုပြီးယုံကြည်မှုရှိလာတယ်။ ပိုပြီးပြောပြရဲလာခဲ့တယ်။

အိမ်ထောင်မိသားစုတစ်ခုကို များသောအားဖြင့် အမျိုးသားတွေကသာ အဓိကဦးဆောင်ဦးရွက်ပြုလေ့ရှိသည့် ကျွန်မတို့ ကချင်လူမှုအသိုင်းအဝိုင်းမှာ ကျွန်မလို အိမ်ထောင်ကို ဦးစီးဦးဆောင်ရတဲ့ အိမ်ထောင်ရှင်အမျိုးသမီးတွေအတွက် အလွန်ခက်ခဲပါတယ်။ ကျွန်မတို့မှာ ဝင်ငွေရလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်တတ်ဖို့ အရေးကြီးလှပါတယ်။ စစ်ပွဲဖြစ်ရင် ဆုံးရှုံးနစ်နာရသူများမှာ ပြည်သူလူထုတွေသာ ဖြစ်တာကြောင့် စစ်ပွဲတွေ မဖြစ်စေချင်ဘူး။ ပြည်သူလူထုရှိတဲ့ နေရာတွေမှာ တပ်ချထားခြင်းမျိုး မပြုလုပ်ဖို့ မြန်မာအစိုးရကို တောင်းဆိုချင်ပါတယ်။ ကျွန်မတို့က လူ့အခွင့်အရေးချိုးဖောက်ခံသူတွေပါ။ စစ်ရာဇဝတ်မှုကျူးလွန်ခံရသူတွေပါ။ ကျွန်မတို့အတွက် တရားမျှတမှုကို ရလိုပါတယ်။ ဒါကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေနှင့်လည်း အလေးထားပြီး ပံ့ပိုးကူညီပေးစေလိုပါတယ်။

**“ကျွန်မအနေနဲ့ စစ်မှန်သော ငြိမ်းချမ်းရေးကို လိုလားတောင်းတသလို၊ ကြောက်ရွံ့တဲ့ စိတ်တွေ ကင်းပြီးနေချင်ပါတယ်။”**



# လုလု

ကျွန်မနာမည်က **လုလု** လို့ခေါ်ပါတယ်။ ကျွန်မက မူဆယ်ခရိုင်၊ xxxxx မြို့ xxx ရွာတွင် နေထိုင်ပါတယ်။ ကျွန်မမှာ မွေးချင်း မောင်နှမ (၁၀) ယောက်ရှိပါတယ်။ ကျွန်မရဲ့ ငယ်စဉ်ကလေးဘဝကို မှတ်မိသလောက် ပြောရမယ်ဆိုရင် ကျွန်မအဒေါ် (အမေ၏ အစ်မ) က သားသမီးမရှိတာကြောင့် ကျွန်မကို မွေးစားဖို့ ကျွန်မမိဘတွေဆီမှာ တောင်းယူခဲ့တယ်လို့ ဆိုပါတယ်။ ဒါကြောင့် ကျွန်မက အသက် (၁၀) နှစ်အရွယ်မှာ အဒေါ်တို့ မိသားစုနေထိုင်ရာ မူဆယ်ခရိုင်၊ xxxxx မြို့ xxx ရွာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရပါတယ်။

ကျွန်မရဲ့ မွေးစားမိခင် (အဒေါ်) တို့ အိမ်ရောက်သွားတဲ့ နှစ်ကစပြီး အဖေနဲ့ အမေ၊ မောင်နှမတွေကို သတိရလွမ်းဆွတ်ပြီး ကျွန်မက တစ်နှစ်ပတ်လုံး နေမကောင်းဖြစ်ခဲ့တယ်။ အိမ်ကို လွမ်းလွန်းတာကြောင့် နောက်ဆုံးမှာတော့ အဒေါ်ကို အသိမပေးဘဲ၊ ကျွန်မတစ်ယောက်တည်း xxx ရွာကနေကျွန်မတို့ မိသားစုရှိတဲ့ ရွာသို့ ခြေလျင်ခရီးနဲ့ ထွက်ပြေးပြန်သွားခဲ့ပါတယ်။ နံနက်စောစော အိမ်ကနေထွက်သွားပြီး တစ်ရက်အတွင်း တနေကုန် လမ်းလျှောက်ပြီး ညနေအတော်မိုးချုပ်မှပဲ အိမ်ကိုရောက်တယ်။ အဲဒီအချိန်ကစပြီး ကျွန်မမိဘတွေက ကျွန်မကို အဒေါ်တို့ အိမ်ပြန်မပို့တော့ပါဘူး။ ကျွန်မတို့ ရွာမှာပဲနေပြီး ကျောင်းတက်ခွင့်ရခဲ့တယ်။

ကျွန်မဒုတိယတန်းမှာ ပညာရည်ချွန်ဆု၊ ဒုတိယဆုကို ရရှိခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ကျွန်မအရမ်းပျော်ခဲ့တယ်။ ဒါပေမဲ့ကျွန်မက (၆) တန်းထိပဲကျောင်းနေခဲ့ရတယ်။ ကျွန်မ (၆) တန်းအောင်တဲ့ချိန်မှာ ကျွန်မအသက်က (၁၇) နှစ်ရှိပြီ။

ငယ်စဉ်ကလေးဘဝမှာ ကျွန်မတို့ အိမ်က မိသားစုဝင်များတော့ အရမ်းပျော်ဖို့ကောင်းတယ်။ ကျွန်မအသက် (၁၇) နှစ်၊ ၂၀၀၀ ခုနှစ်မှာ ကျွန်မမိဘတွေက ကျွန်မကို အောင်အောင်နဲ့ အိမ်ထောင်ပြုပေးခဲ့တယ်။ ကျွန်မအိမ်ထောင်ပြုပြီး သားတစ်ယောက်နှင့် သမီးတစ်ယောက် ထွန်းကားခဲ့ပါတယ်။ ကျွန်မတို့ မိသားစုက အဓိကအားဖြင့် လယ်ယာ၊ တောင်ယာစိုက်ပျိုးရေးလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပါတယ်။ ကျွန်မတို့ မိသားစုမှာ မိသားစုစားဝတ်နေရေးက ကျွန်မအမျိုးသားအပေါ်မှာ အဓိကမှီခိုအားထားရတယ်။ ကျွန်မကတော့ ကလေးတွေကိုဦးစားပေး စောင့်ရှောက်ရင်း အိမ်မှုကိစ္စအားလုံးကို အဓိကတာဝန်ယူ လုပ်ရတယ်။

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့မှာတော့ ကျွန်မတို့ xxxxx မြို့ xxx ကျေးရွာတွင်းမှာ မြန်မာစစ်တပ်နှင့် တိုင်းရင်းသာလက်နက်ကိုင်အဖွဲ့တွေကြား တိုက်ပွဲစတင်ဖြစ်ပွားလာခဲ့တယ်။ မြန်မာစစ်တပ်က xxxxx မြို့၊ xxx ကျေးရွာတွင်း လေယာဉ်နဲ့ ဗုံးကျဲတိုက်ခိုက်တာကြောင့် ကျွန်မတို့ မိသားစုအပါအဝင် ဒေသအတွင်းရှိ ပြည်သူများဟာ တရုတ်ပြည်နယ်စပ်ဒေသတစ်နေရာသို့ ထွက်ပြေးသိမ်းရှောင်ခဲ့ရတယ်။ အဲဒီကာလတုန်းက တရုတ်ပြည်ဘက်ကို ဝင်ထွက်သွားလာရလွယ်ကူချိန်မို့ ထွက်ပြေးလွတ်မြောက်နိုင်ခဲ့တာပါ။ ကိုဗစ်ကာလလိုမျိုး တရုတ်နယ်စပ်အဝင်၊ အထွက်ဂိတ်တွေ ပိတ်ထားတဲ့ အခြေအနေမျိုးနဲ့ သာဆိုရင်တော့ စစ်ရှောင်ပြည်သူလူထုအတွက် အတော်ကို ဒုက္ခရောက်မှာ သေချာတယ်။

ကျွန်မတို့ ထွက်ပြေးသွားပြီးနောက် (၁၀) ရက်ခန့်လောက်ကြာတဲ့အခါ ကျွန်မတို့ ဒေသကရွာတွေမှာ မြန်မာစစ်တပ်က အိမ်တွင်းမှာ ရှိရှိသမျှအဖိုးတန်ပစ္စည်းတွေကို ခိုးယူသိမ်းဆည်းသွားတယ်။ အိမ်မွေးတိရစ္ဆာန် ကြက်၊ ဝက်၊ ကျွဲ၊ နွားတွေကိုကျတော့ သတ်ဖြတ်စားပြီး အိမ်တွေကိုတော့ မီးရှို့ဖျက်စီးပစ်ခဲ့ကြတယ်။ ကျွန်မတို့ အိမ်လဲ မီးရှို့ခံရတယ်။ ကျွန်မတို့ အိမ်ကို မီးတင်ရှို့ပြီး၊ မီးလောင်နေတာကို ကျွန်မတို့ ရှင်းရှင်းလင်းလင်း တန်းမြင်နေရတယ်။ အဲဒီနေ့က ကျွန်မ မခံစားနိုင်လွန်းလို့ အော်ဟစ်ငိုကြွေးမိပါတော့တယ်။ ကျွန်မတို့ ဘဝတခုလုံးမှီတင်းနေထိုင်ခဲ့တဲ့၊ ဒီအိမ်ကြီးတစ်လုံးဖြစ်လာဖို့ဆိုတာ ဘယ်လောက်တောင် ခက်ခက်ခဲခဲနဲ့ ကြိုးစားပမ်းစား တည်ဆောက်ခဲ့ရတာလေ။ နောက်တခါပြန်ပြီး တည်ဆောက်ယူနိုင်ဖို့ဆိုတာ တကယ်မလွယ်ဘူး။ ဘာဖြစ်လို့လဲဆိုရင် နယ်စပ်ဒေသဖြစ်တဲ့အတွက် ကုန်ပစ္စည်းဈေးနှုန်းတွေကလဲမြင့်နေသလို နေ့စဉ်စားဝတ်နေရေးအတွက် ရုန်းကန်နေရတော့ အတော်ခက်ခဲတယ်။ နောက်ပိုင်းမှာ ကျွန်မတို့ မိသားစုနေထိုင်ဖို့ အိမ်မရှိလို့ အဖွဲ့အစည်းအသီးသီးမှ ကူညီထောက်ပံ့ပေးမှုနဲ့ နားခိုနိုင်တဲ့ အိမ်လေးကို ပြန်လည်တည်ဆောက် နိုင်ခဲ့ပါတယ်။

**ကျွန်မတို့မှာ စစ်ရှောင်ထွက်ပြေးရင်း အိမ်လဲမီးရှို့ခံရတဲ့ ဆင်းရဲဒုက္ခတွေနဲ့ စိတ်ဒဏ်ရာဝေဒနာတွေ ခံစားနေချိန်မှာ တစ်ပူပေါ်နှစ်ပူ ထပ်ဆင့်ပြန်တဲ့ ဒုက္ခအခက်အခဲတစ်ခုကတော့ ကျွန်မအမျိုးသားက မြေမြှုပ်မိုင်းနင်းမိပြီး ခြေတစ်ဘက် ဆုံးရှုံးခဲ့ရပြန်ပါတယ်။**

စစ်ပွဲ၏ နောက်ဆက်တွဲ ပြဿနာဖြစ်တဲ့ မြေမြှုပ်မိုင်း မရှင်းလင်းထားဘဲ စစ်ရှောင်ပြည်သူတွေကို နေရပ်ပြန်ခိုင်းမှုကြောင့် ၂၀၁၈ ခုနှစ်မှာ ကျွန်မအမျိုးသားက တောတောင်ထဲမှာ ထင်းခွေသွားချိန် မြေမြှုပ်မိုင်းနင်းမိပြီး ဘယ်ဘက်ခြေထောက်က ဆိုးဝါးစွာ ထိခိုက်ဒဏ်ရာရခဲ့တယ်။ ကျွန်မအမျိုးသားကို ဒဏ်ရာရရချင်း တရုတ်ပြည်၊ မန်ရှီဆေးရုံကို အချိန်မှီ ပို့ဆောင်ကုသနိုင်ခဲ့ပေမဲ့လည်း နောက်ဆုံးတော့ ခြေထောက်တဘက် ဆုံးရှုံးလိုက်ရပါတော့တယ်။ ကျွန်မအမျိုးသားကဆေးရုံမှာ တစ်လလောက်ကုသမှု လုပ်ခဲ့ရတာကြောင့် ကျွန်မတို့မှာ ငွေကြေးအကြပ်အတည်းနဲ့လည်း ရင်ဆိုင်ခဲ့ရတယ်။ သို့ပေမဲ့ ဆေးရုံတက်နေချိန်စဉ် ကာလတလျှောက် လူပုဂ္ဂိုလ်တစ်ဦးချင်းနဲ့ အဖွဲ့အစည်းအသီးသီးဆီက ငွေကြေးအားဖြင့် ပံ့ပိုးကူညီမှု၊ အားပေးမှုတွေကို လက်ခံရရှိခဲ့ပါတယ်။

ကျွန်မအမျိုးသားခြေထောက်တဘက် ဆုံးရှုံးလိုက်ရပြီးတဲ့နောက် သူ ကဝင်ငွေမရှာနိုင်တော့ဘူး။ ကျွန်မသား၊ သမီးတွေဆို သူတို့အဖေ ဒီလိုဖြစ်သွားတဲ့အခါ ကြောက်လန့်ပြီး နေမကောင်းတဲ့အထိ ဖြစ်ခဲ့ကြတယ်။ သူတို့တွေမှာလည်း စိတ်ဒဏ်ရာအခုအချိန်ထိ မပျောက်သေးဘူး။ အမြဲစိုးရိမ်ထိတ်လန့်နေကြတာကို မြင်တွေ့နေရတယ်။ လက်ရှိမှာတော့ ကျွန်မအမျိုးသားက ခြေထောက်တစ်ဖက်တည်းနဲ့မို့လို့ အလုပ်တွေ မလုပ်နိုင်တော့တဲ့အတွက်ကြောင့် ကျွန်မကပဲ အိမ်ထောင်မိသားစုရဲ့ လုပ်ငန်းတွေကို ဦးစီးဦးဆောင်လုပ်ကိုင်နေရပါတယ်။ အခုအချိန်မှာ ကျွန်မကဈေးဆိုင်လေးရောင်းပါတယ်။ ကျွန်မတို့မိသားစုရဲ့ စားဝတ်နေရေးက ဈေးဆိုင်ရောင်းတဲ့လုပ်ငန်းအပေါ်မှာ မှီခိုအားထားနေရပါတယ်။

ကျွန်မက ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) မှ ဦးဆောင်ကျင်းပသော ရှင်သန်လွတ်မြောက်သူအမျိုးသမီးတွေရဲ့ နှီးနှောဖလှယ်မှုအစီအစဉ်ကို ၂၀၂၁ တွင် စတင်ပါဝင်ခဲ့ပါတယ်။ အဲဒီနှီးနှောဖလှယ်မှု အစီအစဉ်မှာ ကျွန်မလိုဘဝတူခံစားနေကြတဲ့ အခြားရှင်သန်လွတ်မြောက်သူအမျိုးသမီးတွေနဲ့ တွေ့ဆုံခွင့်ရခဲ့တယ်။ သူတို့တတွေရဲ့အတွေ့အကြုံ၊ အခြေအနေတွေကိုလည်း သိလာရတာသာမက သူတို့ဆီက အားအင်တွေ၊ အားပေးမှုတွေကိုလည်း ရရှိခဲ့တယ်။ ကျွန်မတို့ ရှင်သန်လွတ်မြောက်သူများအတွက် အချင်းချင်း တွေ့ဆုံနိုင်တဲ့ နေရာမျိုးကို ဖန်တီးပေးတာဟာ သိပ်ကိုကောင်းတဲ့ အစီအစဉ်တစ်ခုပါ။ တကယ်လိုအပ်တဲ့ အစီအစဉ်ဖြစ်ပါတယ်။ နောက်ပြီး ကျွန်မတို့အတွက် တရားမျှတမှုရရှိဖို့လည်း လိုအပ်တယ်။ ရှင်သန်လွတ်မြောက်သူများအတွက် တရားမျှတမှုရရှိဖို့ရာ နိုင်ငံတကာ အသိုင်းအဝိုင်းမှလည်း ပံ့ပိုးပေးစေလိုပါတယ်။

“စစ်ပွဲကြောင့် ကျွန်မဘဝရဲ့ ပျော်ရွှင်မှုတွေ၊ အရာအားလုံးက ဖျက်စီးခံလိုက်ရတယ်။ ကျွန်မဘဝကို ဘယ်လိုပြန်လည် တည်ဆောက်ယူရမလဲလို့တွေးပြီး အားငယ်လို့ ကျွန်မငိုကြွေးခဲ့ဖူးတယ်။ ကျွန်မစစ်ပွဲတွေ မဖြစ်စေချင်တော့ဘူး။ ကျွန်မတို့လို အခြားသူတွေကိုလည်း မဖြစ်စေချင်ဘူး၊ မခံစားစေချင်ဘူး။ စစ်မှန်တဲ့ ငြိမ်းချမ်းရေးကိုပဲ လိုလားတောင်းတနေမိတယ်။ ကြောက်ရွံ့တဲ့ စိတ်တွေနဲ့ကင်းပြီး လွတ်လွတ်လပ်လပ် ထုတ်ဖော်ပြောဆိုနိုင်ခွင့်ကို ရချင်တယ်။ ကျွန်မတို့ရဲ့ ခံစားချက်တွေကို အလေးထားပြီး နားထောင်ပေးမဲ့သူ လိုအပ်တယ်။ ကျွန်မတို့ ဘဝတွေကို ပြန်လည်ထူထောင်နိုင်ဖို့ အားလုံးဝိုင်းဝန်းပံ့ပိုးပေးဖို့လဲ တိုက်တွန်းနှိုးဆော်ချင်ပါတယ်”



# အလျှန်

ကျွန်မ **အလျှန်** ပါ။ မူဆယ်ခရိုင်၊ xxxxx မြို့၊ xxx ကျေးရွာ တွင်းနေထိုင်သူဖြစ်ပါသည်။ ကျွန်မတို့ မိသားစုက လယ်ယာ၊ ပြောင်း၊ ကြံခင်း စိုက်ပျိုးရေးလုပ်ငန်းကို မိသားစုစီးပွါးရေးအဖြစ် လုပ်ကိုင်ကြပါတယ်။ ကျွန်မတို့ မိသားစုမှာ မိသားစုစီးပွားရေးလုပ်ငန်းတွေ စီမံခန့်ခွဲတဲ့အပိုင်းကို ကျွန်မအမျိုးသားက တာဝန်ယူပြီး အိမ်တွင်းအလုပ်၊ အိမ်မှုကိစ္စတွေနဲ့ ကလေးနှစ်ယောက်ကို ပြုစုစောင့်ရှောက်တဲ့ အပိုင်းကိုတော့ ကျွန်မကတာဝန်ယူရပါတယ်။ ကျွန်မတို့ မိသားစုဟာအတူတကွ ပျော်ပျော်ရွှင်ရွှင်နေထိုင်ခဲ့တဲ့ အိမ်ထောင်မိသားစုတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကျွန်မတို့ မိသားစုရဲ့ ပျော်ရွှင်မှုတွေဟာ ၂၀၁၃ ဇူလိုင် ၂၈ ရက်နေ့တွင် ပြိုပျက်သွားခဲ့ရပါတော့တယ်။ အဲဒီနေ့က တနင်္ဂနွေနေ့ဖြစ်တာကြောင့် ကျွန်မခင်ပွန်းနဲ့သားကြီးက ဘုရားကျောင်းကို သွားကြပါတယ်။ ကျွန်မကတော့ သားငယ်လေး နေမကောင်းတာကြောင့်ဘုရားကျောင်းကို လိုက်မသွားဘဲ၊ ကလေးနဲ့အတူ အိမ်မှာနေရစ်ခဲ့ပါတယ်။ ကျွန်မတို့ရဲ့ လယ်က ဘုရားကျောင်းသွားတဲ့လမ်းနဲ့ မနီးမဝေးမှာ ရှိပါတယ်။ အဲဒီနေ့က ဝတ်ပြုစည်းဝေးကလဲ မစသေးတော့ ကျွန်မယောက်ျားက ကလေးကို ဘုရားကျောင်းမှာထားခဲ့ပြီး လယ်တောဘက်ကို ခဏသွားကြည့်ဖို့ထွက်သွားခဲ့တယ်လို့ သိရပါတယ်။ ကျွန်မယောက်ျားနဲ့ သား အိမ်ကနေထွက်သွားပြီး သိပ်မကြာခင်မှာပဲ သေနတ်ပစ်ခတ်သံတွေကို ကျွန်မကြားလိုက်ရတယ်။ ကျွန်မလည်းစိုးရိမ်လာလို့ ယောက်ျားကို ဖုန်းခေါ်ကြည့်ပေမဲ့လည်း သူဖုန်းမကိုင်ခဲ့ဘူး။ ဖြစ်ချင်တော့ သူကဖုန်းကို ဘုရားကျောင်းမှာသားရဲ့လက်ထဲပေးထားခဲ့တဲ့အခါကျတော့၊ သားကလည်း ငယ်သေးတော့ ဖုန်းမကိုင်တတ်သေးဘူး။ အဲဒါကြောင့် ဖုန်းဘယ်လောက်ဝင်လာလာ သူလက်မခံတတ်လို့ အဆက်အသွယ် မရခဲ့ဘူး။

အဲဒီညနေပိုင်း ဘုရားကျောင်းဝတ်ပြုစည်းဝေးပြီးတဲ့အချိန်ကျမှ ကျွန်မသားကို အိမ်နီးချင်း မိတ်ဆွေတွေက ပြန်ခေါ်လာပေးခဲ့တယ်။ သားအိမ်ပြန်ရောက်တော့မှပဲ အကျိုးအကြောင်းတွေကို သိရတော့တယ်။ အဲဒီညမှာ ကျွန်မယောက်ျားအိမ်ကို ပြန်ရောက်မလာခဲ့ဘူး။ နောက်နေ့မနက်မှာတော့ မိတ်ဆွေတွေက ကျွန်မယောက်ျားကို ဗမာစစ်တပ်၊ စစ်ကြောင်းက ခေါ်ဆောင်သွားပြီဆိုတာ လာပြောပြကြတယ်။ ကျွန်မလည်းလိုက်ရှာကြည့်ခဲ့ပေမဲ့ မတွေ့ဘူး။ အဲဒီနေ့ မှာပဲ စစ်ကြောင်းက ကျွန်မတို့ ရွာဘက်ကို ပြန်ဖြတ်လာတာတွေ့တော့ စစ်သားတွေကို ကျွန်မတို့က သွားမေးကြည့်ဖို့ ကြိုးစားခဲ့ပါသေးတယ်။ ကျွန်မယောက်ျားစီးသွားတဲ့ ဆိုင်ကယ်ကို စစ်ကြောင်းထဲက စစ်ဗိုလ်တစ်ယောက်က စီးလာတာကို ကျွန်မတွေ့ခဲ့တယ်။ နောက်ရက်တွေမှာလည်း ကျွန်မတို့ မိသားစု၊ ဆွေမျိုးအသိုင်းအဝိုင်းတွေကလည်း လိုက်ရှာကူခဲ့ကြပါတယ်။ သူ့ကို ရှာပြီး (၂) ရက်မြောက်နေ့မှာမှ ကျွန်မတို့ရဲ့ ကြံခင်းဘေးမှာ သေနတ်ဒဏ်ရာတွေ၊ နှိပ်စက်ခံထားရတဲ့ ဒဏ်ရာတွေနဲ့ သေဆုံးနေတဲ့ ကျွန်မယောက်ျားကို ရှာတွေ့ခဲ့ပါတယ်။

ဒီလိုဖြစ်တော့ ကျွန်မအရမ်းဝမ်းနည်းပူဆွေးခဲ့ရတယ်။ ကျွန်မမှာ အထီးကျန်၊ အပယ်ခံလို ခံစားနေရတဲ့ အချိန်မှာ အချို့လူတွေက ကျွန်မကို ကဲ့ရဲ့ရှုံ့ချကြတယ်။ "သူ့ယောက်ျားမရှိတော့ သူပျော်နေပြီ၊ သူ့ယောက်ျားခုလိုသေရတာ ကံဆိုးလို့ဖြစ်တာနေမှာ၊ ဝဋ်လည်တာနေမှာ.." ဆိုပြီး ကျွန်မကို လောင်ပြောင်ကြတဲ့သူတွေရှိခဲ့ပါတယ်။ ကျွန်မက အဲဒီချိန်မှာ မိသားစုစားဝတ်နေရေးအခက်ခဲတွေကို ဖြေရှင်းနေရတာကတစ်ဖက်၊ နောက်တဖက်မှာလည်း ကောလိပ်ကျောင်းတက်နေတဲ့ ကျွန်မယောက်မကိုလည်း ပြန်ပြီးထောက်ပံ့ ကူညီနေရတော့၊ လူရောစိတ်ပါ တအားပင်ပန်းပြီး ကျွန်မဘဝက ဒီအခက်အခဲတွေကို ကျော်မှကျော်ဖြတ်နိုင်ပါတော့မလားလို့ တွေးပြီး ကျော်ဖြတ်နိုင်ဖို့ အားအင်တွေ မရှိတော့သလို ခံစားခဲ့ရတယ်။ ကျွန်မက မိသားစုတစ်နေ့၊ တစ်နေ့စားနိုင်ဖို့အတွက် နေ့စားအလုပ်တွေ လိုက်လုပ်ပြီး ကျွေးမွေးစောင့်ရှောက်ခဲ့ရတယ်။ "ကျွန်မတို့ လင်မယားက သားလေးနှစ်ယောက်ကို ပညာတတ်ကြီးတွေဖြစ်အောင် ပံ့ပိုးပေးဖို့ အတူလက်တွဲပြီး ကြိုးစားကြမယ်ဆိုပြီး စိတ်အားတွေ ထက်သန်ခဲ့ကြတာပါ။ အခုကျွန်မယောက်ျားဆုံးသွားတော့ ကျွန်မတစ်ယောက်တည်းမတတ်နိုင်တော့ပါဘူး။ ကျွန်မတို့ မိသားစုရဲ့ပျော်ရွှင်စရာ အိမ်မက်တွေဟာ ကျိုးပဲ့ပျက်စီးသွားခဲ့ရတယ်"



အခုချိန်မှာ ကျွန်မသားကြီးက ကျောင်းဆက်မတက်နိုင်တာကြောင့် စိတ်လေလွင့်ပြီး အကျင့်စာရိတ္တတွေ ပျက်လာလို့ ကျွန်မစိတ်ပူနေရပါတယ်။ မိသားစုအားလုံးရဲ့ စားဝတ်နေရေးအတွက် လိုအပ်တဲ့ ဝင်ငွေတွေရဖို့ ကျွန်မက ကြံရာကျပန်းအလုပ်တွေလဲ လုပ်တယ်။ ကုန်စုံဆိုင်ဖွင့်ပြီး ဈေးရောင်းတဲ့ အလုပ်ကိုလဲ လုပ်နေပါတယ်။ ကျွန်မမှာ ကူရာမဲ့ စိတ်ဒဏ်ရာတွေနဲ့ တစ်ယောက်တည်း ရုန်းကန်ကြိုးစား နေခဲ့ပါတယ်။

တစ်နေ့မှာတော့ကျွန်မကို ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) မှ လာရောက်တွေ့ဆုံပြီး ကျွန်မကို စိတ်ပိုင်းဆိုင်ရာ အားပေးမှုတွေနဲ့ စတင်မိတ်ဆက်ခဲ့ပါတယ်။ ပြီးတော့ KWAT က ပံပိုးကူညီသူတွေက ကျွန်မကို အခြားရှင်သန်လွတ်မြောက်သူတွေနဲ့လည်း တွေ့ဆုံနိုင်ဖို့ ဖိတ်ခေါ်ခဲ့ကြတယ်။ ကျွန်မလည်း အရင်ကတော့ ကျွန်မတစ်ယောက်တည်း ဒီလိုဖြစ်ပျက်တွေကြုံနေရတာလို့ထင်ပြီး တစ်ယောက်တည်း ကြိတ်မှိတ်ခံစားခဲ့ရတယ်။ အခုတော့ ကျွန်မလိုဘဝတူ အခြားရှင်သန်လွတ်မြောက်သူအမျိုးသမီးတွေနဲ့ တွေ့ဆုံခွင့်ရလာပြီး ကျွန်မမှာ အားအင်တွေ ပြန်ပြည့်လာသလို၊ အခြားသူတွေကိုလည်း ပိုပြီးစာနာနားလည်ပေးလာနိုင်ခဲ့တယ်။ အခုဆိုရင် ကျွန်မတို့ ရှင်သန်လွတ်မြောက်သူအမျိုးသမီးများဟာ ကိုယ်တိုင်ဦးဆောင်ဦးရွက် ပြုနိုင်တဲ့သူတွေဖြစ်လာနေပါပြီ။

"ကျွန်မကရှင်သန်လွတ်မြောက်သူတစ်ဦးအနေနဲ့ သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူတွေကို တောင်းဆိုချင်တာကတော့၊ ကျွန်မတို့ လူ့အခွင့်အရေးချိုးဖောက်မှုကို ခံရတဲ့သူတွေအတွက် တာဝန်ယူမှု လုပ်ဆောင်ပေးကြပါလို့ တောင်းဆိုချင်ပါတယ်။ အနည်းဆုံးတော့ ပစ်မှုကျူးလွန်ခဲ့တဲ့ စစ်တပ်အနေနဲ့ ကျူးလွန်ခဲ့ကြောင်းကို ဝန်ခံရင် ကျွန်မကျေနပ်ပါတယ်။ အခုကျတော့ ကျူးလွန်တာကို ဝန်မခံတဲ့အပြင် ကျူးလွန်ခံရတဲ့ ကျွန်မတို့ကို ပြန်ပြီးအပြစ်တင်ပြောဆိုတာတွေ ပြန်ခံနေရပါတယ်။"

**"ကျွန်မအနေနဲ့ စစ်ပွဲတွေ မဖြစ်စေချင်တော့ဘူး။ စစ်ပွဲဖြစ်တဲ့နေရာတိုင်းမှာ လူ့အခွင့်အရေးချိုးဖောက်ခံမှု အခြေအနေတွေက ပုံစံအမျိုးမျိုးရှိနေတယ်။ ကျွန်မတို့ ခံစားရသလို အခြားဘယ်သူ့ကိုမဆို မခံစားစေချင်တော့ဘူး။"**

# မာကိုင်

ကျွန်မနာမည်က **မာကိုင်** လို့ခေါ်ပါတယ်။ ကျွန်မက မူဆယ်ခရိုင်၊ xxxxx မြို့၊ xxx ကျေးရွာ တွင်နေထိုင်သူဖြစ်ပါတယ်။ ကျွန်မက xxx ကျေးရွာ မှ အဆိုင်းနဲ့ အိမ်ထောင်ကျပြီးနောက် xxxxx မြို့၊ xxx ကျေးရွာမှာ နေထိုင်ပါတယ်။ ကျွန်မတို့နှစ်ယောက်မှာ သား၊ သမီး (၅) ယောက်ရှိပါတယ်။ မိသားစုရဲ့ အဓိကစီးပွါးရေးလုပ်ငန်းကတော့ လယ်ယာနှင့် ပြောင်းစိုက်ပျိုးရေးကို လုပ်ကိုင်ပါတယ်။ ကျွန်မတို့ မိသားစုမှာ ကျွန်မအမျိုးသားက အိမ်ထောင်ဦးစီးအဖြစ် တာဝန်ယူပြီး ကျွန်မကတော့ သား၊ သမီးတွေရဲ့ ပညာရေး၊ ကျန်းမာရေးနှင့် အိမ်မှုကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ရပါတယ်။

၂၀၁၃ ခုနှစ် ကျွန်မအမျိုးသားက xxxxx မြို့၊ xxx ကျေးရွာရဲ့ ဆယ်အိမ်မှူးတစ်ဦးအဖြစ် တာဝန်ယူထားရစဉ်တုန်းက ကျွန်မတို့ xxx ကျေးရွာထဲကို မြန်မာစစ်တပ်စစ်ကြောင်းတွေ ဝင်ရောက်လာပြီး တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ ကေအိုင်အေနဲ့ ထိတွေ့တိုက်ပွဲဖြစ်လာခဲ့တယ်။ ရွာသူရွာသားတွေက xxx ကျေးရွာ ဘုရားကျောင်းဘက်ကို ထွက်ပြေးသိမ်းရှောင်ခဲ့ကြတယ်။ အဲဒီအချိန်မှာ စစ်သားတွေက ဆယ်အိမ်မှူး ဘယ်သူလဲဆိုပြီး ရွာသူရွာသားတွေကို လိုက်စုံစမ်းကြပြီးနောက် ကျွန်မအမျိုးသားကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြတယ်။ ကျွန်မအမျိုးသားကို ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် ဖြစ်ပျက်ခဲ့တာတွေဟာ အတော့်ကို ရင်နာဖို့ကောင်းပါတယ်။



ကျွန်မအမျိုးသားပြောပြချက်အရ စစ်သားတွေက သူ့ကို ဖမ်းဆီးသွားပြီး သူ့ရဲ့ ရင်ဘတ်နဲ့ နောက်ကြောကို သေနတ်တွေနဲ့ ထုရိုက်ညှင်းပန်း နှိပ်စက်ခဲ့သလို၊ ရှာအောက်နားက သစ်ပင်မှာ တစ်ညလုံး ကြိုးနဲ့ချည်ပြီး ထားထားခဲ့တယ်။ နောက်မနက်မှာတော့ xxx ကျေးရွာကနေ xxxxx မြို့ဘက်ကို ခေါ်ဆောင်သွားခဲ့တယ်။ ရိုက်နက်ခံထားရတဲ့ ဒဏ်ရာတွေ နာကျင်လွန်းတာကြောင့် သူ့ကို ထမင်းကျွေးပေမဲ့လည်း မစားနိုင်ဘူးလို့ ပြောပါတယ်။ သူ့ကို xxxxx မြို့ စစ်တပ်တွင် (၃) ရက်ကြာ ချုပ်နှောင်ထားပြီးနောက် ပြန်လွှတ်လိုက်တယ်။ အဲဒီလိုညှင်းပန်းနှိပ်စက်ခံခဲ့ရတဲ့ ဒဏ်ကြောင့် နောက်ပိုင်းမှာ ကျွန်မအမျိုးသားက မကြာခဏနာမကျန်းဖြစ်တတ်လာပါတယ်။ သူ့ရဲ့နှလုံးကျန်းမာရေးလဲ ထိခိုက်လာတယ်။ စိတ်တွေက မွန်းကြပ်ပြီး အမြဲစိုးရိမ်ထိတ်လန့်တတ်လာတယ်။ ကျွန်မအမျိုးသားကို ဖမ်းဆီးခေါ်ဆောင်သွားတဲ့ အကြောင်းပြချက်က ကချင်တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ကေအိုင်အေ) နဲ့ ဆက်သွယ်မှုရှိတယ် ဆိုပြီစွပ်စွဲခဲ့ပါတယ်။ "စစ်တပ်ကယခုလိုပြည်သူတွေကို သူတို့ကြိုက်သလို စွပ်စွဲပြီး လူမဆန်စွာ ညှင်းပန်းနှိပ်စက်တာဟာ တကယ်ကိုမမတရားဘူး။" အဲဒီအဖြစ် အပျက်ဖြစ်ပြီးနောက်ပိုင်းမှာ ကျွန်မတို့မိသားစုက တရုတ်ပြည်နယ်စပ်ဒေသရှိ စစ်ရှောင်စခန်းတစ်ခုတွင် ခိုလှုံနေထိုင်ခဲ့ရတယ်။ စစ်ရှောင်စခန်းတွင် ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၃ ယနေ့ထိတိုင် နေထိုင်စဉ်မှာ ကူညီထောက်ပံ့မှုတွေက တဖြည်းဖြည်းလျော့ချလာတယ်။ နောက်ပိုင်းတွင် ထောက်ပံ့ကူညီမှုတွေ မရှိတော့သလောက်ဖြစ်လာတယ်။ ကျွန်မတို့ မိသားစုအတွက် တအားခက်ခဲလာတယ်။ ယောက်ျားဖြစ်သူကစစ်သားတွေ နှိပ်စက် ထားတဲ့ဒဏ်ရာကြောင့် အရင်လိုအလုပ်ကြမ်းတွေလည်း မလုပ်နိုင်တော့ဘူး။ ကျွန်မတစ်ယောက်တည်းပဲ မိသားစုစားဝတ်နေရေးအတွက် ဝင်ငွေရရှိအောင် တာဝန်ယူဖြေရှင်းနေရတယ်။

ကျွန်မတို့ တရုတ်-မြန်မာနယ်စပ်ဒေသမှာ ၂၀၁၉ ခုနှစ် မတိုင်ခင်အထိတော့ တရုတ်ပြည်နယ်စပ်အဝင်အထွက်လမ်းတွေ ဖွင့်တဲ့အတွက် တရုတ်ပြည်နဲ့ ကူးသန်းရောင်းဝယ်လို့ရနေတာကြောင့် မိသားစုစီးပွားရေးလုပ်ငန်းတွေ လုပ်နိုင်ကိုင်နိုင် လည်ပတ်နိုင်ခဲ့တယ်။ သို့သော် ၂၀၁၉ ခုနှစ် နောက်ပိုင်းကစပြီး ကိုဗစ်ကပ်ရောဂါအခြေအနေကြောင့် တရုတ်နယ်စပ်ကုန်သွယ်ရေးနဲ့ နယ်စပ်ဂိတ်တွေအားလုံး ပိတ်သွားခဲ့တာကြောင့် ကူးသန်းသွားလာဖို့ အခက်အခဲဖြစ်သွားတော့တယ်။ ကျွန်မတို့မှာ စီးပွါးရေးပိုကြပ်တည်းလာခဲ့တယ်။



ဒါကြောင့်ကျွန်မက ဒေသတွင်းမှာ ရရာကျပန်းအလုပ်တွေကို လုပ်ကိုင်ပြီး မိသားစုကို ကျွေးမွေးထောက်ပံ့နေခဲ့ရတယ်။ ကိုဗစ်ကပ်ရောဂါကြောင့် ကျောင်းတွေကလည်း ပိတ်ထားရလို့ ကလေးတွေရဲ့ ပညာရေးအတွက်လည်း စိုးရိမ်စရာဖြစ်လာခဲ့တယ်။ ဒီလိုနဲ့ ကလေးတွေက ကျောင်းပြန် မတက်နိုင်၊ စီးပွားရေးတွေကလည်း အစဉ်မပြေလို့ အရမ်းကို ခက်ခဲနေချိန် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှာ စစ်တပ်က အာဏာထပ်သိမ်းလိုက်ပြန်တယ်။ စစ်အာဏာသိမ်းပြီးနောက် စစ်တပ်က စာသင်ကျောင်းတွေမှာလည်း တပ်ချတာတွေ လုပ်လာတာကြောင့် ကျွန်မကလေးတွေ ကျောင်းတက်ဖို့အတွက် လုံခြုံမှုကို စိုးရိမ်လာရပြန်တယ်။ မိသားစုစီးပွါးရေးအခြေအနေက ဘယ်လောက်ပဲ ခက်ခဲနေပါစေ၊ ကလေးတွေကိုတော့ ပညာတတ်ဖြစ်စေချင်တာကြောင့် သူတို့ကို မိသားစုနဲ့ ဝေးပေမဲ့လည်း ကျောင်းရှိတဲ့နေရာကို ပို့ထားပြီး ပညာဆက်လက်သင်ယူခွင့်ရအောင် လုပ်ခဲ့တယ်။ ကျွန်မစိတ်ခါတ်ကျလို့ မဖြစ်ဘူး။ ကျွန်မကိုယ်တိုင်က ခင်ပွန်းဖြစ်သူရဲ့ စိတ်ဒဏ်ရာတွေ သက်သာလာဖို့လဲ အမြဲပံ့ပိုးပေးနေရတယ်။

ဒီလိုနဲ့ ကျွန်မတို့လို ခံစားချက်ချင်းတူတဲ့ အခြားရှင်သန်လွတ်မြောက်သူအမျိုးသမီးတွေနဲ့ တွေ့ဆုံတဲ့ အစီအစဉ်တစ်ခုမှာ ပါဝင်ရဖို့ ဖြစ်လာတော့ ကျွန်မပျော်ရွှင်ခဲ့ရတယ်။ ဘဝတူ၊ အခက်အခဲ၊ ခံစားချက်ချင်းတူတဲ့ သူတွေအချင်းချင်း အားပေးဖြစ်ကြတယ်။ ဆက်လက်ရှင်သန်ရပ်တည်ဖို့ စိတ်ခွန်အားတွေလဲပြန်ရလာတယ်။ ဒီလိုရှင်သန်လွတ်မြောက်သူတွေရဲ့ အသံကို အချင်းချင်းနားထောင်ပေးလို့ရတဲ့ အစီအစဉ်ကို ဖန်တီးပေးတာ အရမ်းကောင်းပါတယ်။

**ကျွန်မတို့ ဘဝမှာ ငြိမ်းငြိမ်းချမ်းချမ်းနှင့် နေထိုင်ချင်လှပါပြီ။ သို့သော်လည်း အချိန်မရွေးတိုက်ပွဲတွေကဖြစ်နေတော့၊ သေနတ်ပစ်ခတ်သံတွေပဲ ကြားနေရတယ်။ ကျွန်မတို့က လုံခြုံမှုကင်းမဲ့စွာ နေထိုင်အသက်ရှင်နေရတာ ဒီကနေ့အထိပါပဲ။ ကျွန်မအနေနဲ့ စစ်ပွဲတွေ မရှိစေချင်တော့ဘူး။ စစ်မဖြစ်တဲ့ဒေသ၊ ငြိမ်းချမ်းတဲ့နိုင်ငံတော်ကြီး အမြန်ဆုံး ဖြစ်လာပါစေလို့ ဆုတောင်းနေပါတယ်။**

"စစ်ပွဲဖြစ်ရင် စစ်တပ်က အရပ်သားပြည်သူလူထုတွေကို ပစ်မှတ်ထားပြီး သူတို့ကြိုက်သလို မတရားဖမ်းဆီး၊ ညှင်းပန်းနှိပ်စက်မှုတွေ လုပ်တာကို တားဆီးကာကွယ်ပေးဖို့ နိုင်ငံ့ရဲ့သက်ဆိုင်ရာ အစိုးရအုပ်ချုပ်သူတွေကိုတောင်းဆိုချင်ပါတယ်။"

**"ညှင်းပန်းနှိပ်စက်မှုကြောင့် လူတစ်ဦးတစ်ယောက်ရဲ့ ဘဝကို အသက်သာရှင်နေသော်လည်း ဘဝတခုလုံးဆုံးရှုံးသွားစေနိုင်တယ်။ ဒီလို မတရားပြုကျင့်မှုတွေကို လုံးဝခွင့်ပြုမထားသင့်ပါဘူး။ မြန်မာနိုင်ငံအတွင်းမှာ ဆိုးရွားတဲ့ လူ့အခွင့်အရေးချိုးဖောက်မှု တွေကိုအရေးယူ ဆောင်ရွက်နိုင်ဖို့ အတွက်နိုင်ငံတကာအသိုင်းအဝိုင်းမှ လည်းဝိုင်းဝန်းပံ့ပိုးကူညီပေးကြဖို့ ကျွန်မအနေနဲ့တောင်းဆိုချင်ပါတယ်။"**



# မာကော့

ကျွန်မနာမည် မာကော့ လို့ခေါ်ပါတယ်။ ကျွန်မနှင့် အဘရန့်နဲ့ ၂၀၀၅ ခုနစ်တွင် အိမ်ထောင်ပြုခဲ့ကြပါတယ်။ အဲဒီတုန်းက ကျွန်မတို့ မိသားစုမှာ ရှမ်းပြည်နယ်၊ မြောက်ပိုင်းတွင် နေထိုင်ခဲ့ပါတယ်။ ပထမကလေးမွေးပြီးနောက် ၂၀၀၆ ခုနစ်တွင် ကျွန်မတို့က ကချင်ပြည်နယ်၊ xxxxx မြို့၊ xxx ကျေးရွာကို ပြောင်းရွှေ့လာခဲ့ကြပါတယ်။ နောက်ပိုင်းတွင် ကျွန်မတို့ လင်မယားမှာ နောက်ထပ်သားတစ်ယောက်နှင့် သမီးတစ်ယောက် ထွန်းကားခဲ့ပြန်ပါသည်။

အဲဒီကာလတွေမှာ ကျွန်မအမျိုးသားက ကျန်းမာရေး အလွန်ကောင်းသူဖြစ်ပါတယ်။ ဖျားတာနာတာတွေသိပ်မရှိဘူး၊ တစ်နှစ်လုံးနေမှ နှာစေးချောင်းဆိုးတာ တခါလောက်ပဲ ဖြစ်လေ့ရှိပါတယ်။ ကျွန်မ အမျိုးသားက အိမ်ထောင်မိသားစုကို ဦးဆောင်ပြီး ကျွန်မတို့ သားအမိတွေကို ကောင်းကောင်းမွန်မွန် ရှာဖွေကျွေးမွေးပါတယ်။ ကျွန်မတို့ မိသားစု စားဝတ်နေရေးအတွက် တောင်ယာလုပ်ကိုင်ပါတယ်။ အမျိုးသားက ကြုံရာကျပန်းအလုပ်တွေကိုလဲ လုပ်တယ်။ ကျွန်မကကလေးသုံးယောက်ကို ပြုစုစောင့်ရှောက်ရတော့ တခြားအလုပ်တွေမလုပ်နိုင်ဘူး။

၂၀၁၁ ခုနှစ်မှာတော့ ကျွန်မတို့ နေထိုင်တဲ့ ကချင်ပြည်နယ်၊ xxxxx မြို့၊ xxx ကျေးရွာမှာ ကချင်တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ကေအိုင်အေ)နဲ့ မြန်မာစစ်တပ်ကြားတိုက်ပွဲစဖြစ်လာတာကြောင့် ကျွန်မတို့ မိသားစု အပါအဝင် ရွာသူရွာသားတွေက xxxxx မြို့ ဘက်ကို ထွက်ပြေးသိမ်းရှောင်လာခဲ့ကြပါတယ်။ ကျွန်မတို့အားလုံး ကချင်ပြည်နယ် xxxxx မြို့၊ xxx ကျေးရွာသို့ စစ်ဘေးရှောင်ခိုလှုံနေထိုင်ခဲ့ကြတယ်။ ကျွန်မတို့ မိသားစု ရွာကနေ စထွက်ပြေးလာခဲ့တုန်းက ဘာပစ္စည်းမှ သယ်မလာနိုင်ခဲ့ဘူး။ မိသားစုငါးယောက်စလုံး ဆိုင်ကယ်အစုပ်လေးတစီးနဲ့ပဲ ကိုယ်လွတ်ရုန်းထွက်ပြေးလာ ခဲ့ရပါတယ်။

စစ်ဘေးရှောင်နေရတဲ့ အချိန်ကာလမှာ ကျွန်မတို့ မိသားစုဘဝကို ပြန်လည်တည်ဆောက်ခဲ့ရတာလည်း တကယ်ကို မလွယ်ပါဘူး။ စစ်ဘေးရှောင်လာတာ တစ်နှစ်ပြည့်ပြီး ၂၀၁၂ ခုနှစ်မှာတော့ ကျွန်မအမျိုးသားက ကလေးတွေရဲ့ ကျောင်းစရိတ်နှင့် မိသားစုစားဝတ် နေရေးအတွက် ကမ့်အပြင်ထွက်ကာ ဝင်ငွေရလုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။ ထိုလုပ်ငန်းမှာ နွားလုပ်ငန်းရှင်တွေ၏ နွားတွေကို ကချင်ပြည်နယ်၊ xxxxx မြို့၊ xxx ကျေးရွာမှ တရုတ်ပြည်နယ်စပ်သို့ နွားမောင်းပို့ပေးသည့်ချိန် xxx ကျေးရွာမှာ ရှိလယ်တောတွင် ခေတ္တအနားယူနေချိန် ခလရ (၃၇) တပ်မှ ဗမာစစ်သား နှင့် ပြည်သူ့စစ်များမှ စစ်ဆေး ဖမ်းဆီးချုပ်နှောင်ခဲ့သည်။ သူတို့က ကျွန်မအမျိုးသားကို ကေအိုင်အေစစ်သားလို့ စွပ်စွဲပြီး ရက်ရက်စက်စက်ညှင်းပန်းနှိပ်စက်မှုတွေ လုပ်ခဲ့ကြတယ်။ နောက်ဆုံးမှာ ၁၇/၁ ပုဒ်မနဲ့ တရားစွဲပြီး ထောင်ဒဏ်သုံး နှစ်ချမှတ်တာခံလိုက်ရသည်။ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ပြန်လည်လွတ်မြောက်လာခဲ့ပါတယ်။ ပြန်လွတ်လာခဲ့သော်လည်း ကျွန်မအမျိုးသားက စိတ်ဒဏ်ရာတွေ အများကြီး ရလာခဲ့တယ်။ သူရဲ့ နှလုံးကျန်းမာရေး ထိခိုက်သွားတယ်။

၂၀၁၅ ခုနှစ်မှာ ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) - KWAT ကနေကြီးမှူးကျင်းပတဲ့ ရှင်သန်လွတ်မြောက်သူအမျိုးသမီးများရဲ့ အလုပ်ရုံဆွေးနွေးပွဲကို ကျွန်မ တက်ရောက်ခွင့်ရခဲ့တယ်။ ၂၀၁၆ ခုနှစ်မှာ KWAT ကနေပြီး



ရှင်သန်လွတ်မြောက်သူများ အနေနှင့် အသေးစားအသက်မွေး ဝမ်းကျောင်းလုပ်ငန်း စတင်နိုင်ဖို့အတွက် ထောက်ပံ့တဲ့မတည်ငွေ အချို့ရရှိခဲ့တယ်။ အဲဒီမတည်ငွေနဲ့ ကျွန်မအမျိုးသားက ဆံပင်ညှပ်ဆိုင်လေး တစ်ခု စတင်ဖွင့်နိုင်ခဲ့တယ်။ အဲဒီဆိုင်လေးကို လုပ်ကိုင်နေတာ ခုဆိုရင် ၈ နှစ်ရှိပါပြီ။ ကိုဗစ်ကတ်ရောဂါကြုံတွေ့ရချိန်မှာ ကျွန်မတို့ မိသားစုတွင်လည်း နာမကျန်းဖြစ်ခဲ့ရသည်။ ထိုချိန်တွင် ကျွန်မအမျိုးသား လုပ်ငန်းလုပ်ကိုင်သော ဆံပင်ညှပ်ဆိုင်လည်း ပိတ်ထားခဲ့ရသည်။ ဤကဲ့သို့သော ဝင်ငွေရလုပ်ငန်းတစ်ခု ရပ်နားခဲ့ခြင်းကြောင့် ကျွန်မတို့မိသားစု၏ စားဝတ်နေရေး အင်မတန်မှ ခက်ခဲခဲ့သည်။

၁၉ ဇန်နဝါရီ ၂၀၁၈ ခုနှစ်တွင် ကျွန်မတို့ ရှင်သန်လွတ်မြောက်သူအမျိုးသမီး (၅) ယောက်စုပေါင်းပြီး ရှင်သန်လွတ်မြောက် သူအမျိုးသမီးတွေ အချင်းချင်းတွေ့ဆုံနိုင်ရန်နှင့်အပြန်အလှန် ပံ့ပိုးကူညီနိုင်ရန်အတွက် ရှင်သန်လွတ်မြောက်သူအမျိုးသမီးများ အဖွဲ့ငယ်လေးတစ်ခုကို စတင်စုဖွဲ့ခဲ့ကြပါတယ်။ ကျွန်မက ထိုအဖွဲ့ငယ်လေးရဲ့ မှတ်တမ်းဓာတ်ပုံတွေ စုစည်းရတဲ့ တာဝန်ကို ယူခဲ့ပါတယ်။ ကျွန်မတို့ (၅) ယောက် တစ်လတစ်ကြိမ် ပုံမှန်တွေ့ဆုံကြပါတယ်။ လူ့အခွင့်အရေးချိုးဖောက်ခံရတဲ့သူတွေကို ကူညီဖို့အတွက် ကျွန်မတို့က တစ်လမှ တစ်ယောက်ကို ကျပ်ငွေ ၂၀၀၀ စီစုတဲ့ အစီအစဉ်ကို စလုပ်ပြီး တတ်နိုင် သလောက် ကူညီခဲ့ပါတယ်။ ကျွန်မအနေနဲ့ ဒီအဖွဲ့ငယ်လေးမှာ ပါဝင်ရခြင်းအားဖြင့် အသိပညာ၊ ဗဟုသုတတွေ၊ လက်မှုပညာ၊ လူ့အခွင့်အရေးအကြောင်း၊ အမျိုးသမီးအခွင့်အရေးအကြောင်းတွေ အများကြီး သင်ယူရရှိခဲ့တယ်။ လေ့လာရေးခရီးတွေလည်းသွားရတာကြောင့် မွန်းကြပ်နေတဲ့ စိတ်တွေ သက်သာလာသလို စိတ်ခွန်အားတွေ ရရှိခဲ့တယ်။ လူများနဲ့ ပြောဆိုဆက်ဆံရေးအကြောင်းတွေလဲ သင်ယူလေ့လာခဲ့ရတယ်။

၂၀၂၀ ခုနှစ်မှာ ကျွန်မတို့ မိသားစုက ကိုဗစ်ရောဂါ ကူးစက်ခံရတာကြောင့် သေလုနီးပါးနာမကျန်းဖြစ်ခဲ့ကြရတယ်။ အလုပ်အကိုင်လဲမရှိ၊ ဝင်ငွေလဲမရှိတာကြောင့် ဆေးကုသဖို့တောင် အိမ်နီးနားချင်းတွေဆီက ပိုက်ဆံချေးငှားပြီး ကုသ

ခဲ့ရတယ်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ကစပြီး ကျွန်မတို့ရဲ့ ကလေးတွေလည်း ကျောင်းနှစ်နှစ် နားလိုက်ရတယ်။ စစ်တပ် အာဏာသိမ်းပြီးနောက်ပိုင်း ကျွန်မတို့ စစ်ရှောင်ပြည်သူတွေကို ကူညီထောက်ပံ့ ပေးတဲ့ အဖွဲ့တွေလဲ မရှိသလောက်ဖြစ်လာတာကြောင့် စားဝတ်နေရေးက ပိုပြီး ကျပ်တည်းလာပါတယ်။
ကျွန်မအမျိုးသား ကအလုပ်ကြမ်းတွေ မလုပ်နိုင်၊ ခဏ ခဏလည်း နေမကောင်းဖြစ် တော့ လိုအပ်လာတဲ့ ငွေကြေး ကို ချေးပြီးဖြေရှင်းနေရတယ်။ စစ်ရှောင်စခန်းပြင်ပကို ထွက်ပြီး အလုပ်လုပ်ဖို့ကလည်း အလုပ်အကိုင်အခွင့် အလမ်းတွေ ရှားပါးတာ ကြောင့် ပိုပြီးခက်ခဲလာတယ်။

အာဏာသိမ်းစစ်ကောင်စီက ၂၀၂၃ ခုနှစ်တွင် စစ်ရှောင် စခန်းတွေ အားလုံးကို ပိတ် သိမ်းခိုင်းတယ်ဆိုတော့ ကျွန်မတို့ စစ်ရှောင်တွေ နေရပ်ကို ပြန်ရတော့မှာဖြစ်ပါ တယ်။ ကျွန်မတို့ ရွာကို မပြန်ရတာ ၁၁ နှစ်ကျော်သွားပါပြီ။ ကျွန်မတို့ရွာကို ပြန်ချင် ပါတယ်။ သို့ပေမဲ့ နှစ်ဘက် တပ်တွေ ထောင်ထားတဲ့မြေမြှုပ်မိုင်းတွေ ရှင်းလင်းရေး လုပ်မပေးပဲပြန်ရမှာကိုတော့ စိုးရိမ်တယ်။ အဲ့ဒါကြောင့်ကျွန်မတို့ ရွာမှာ ပြန်နေဖို့ ကြောက်နေတာတယ်။ ရွာက ဘုရားကျောင်းဝင်းထဲမှာဆိုရင် စစ်ပွဲတုန်းက လက်နက် ကြီးပေါက်ကွဲထားတဲ့ မိုင်းခွံတွေ အခုထိရှိနေသေးတယ်။ နေရပ်ပြန်သူ တွေအနေနဲ့ ကိုယ့်အိမ်ကို ကိုယ့်ဖာသာဆောက်ယူရမယ်ဆိုတော့ ကျွန်မအမျိုးသား က အလုပ် ကြမ်းမလုပ်နိုင်တာကြောင့် ကိုယ်တိုင်မဆောက်နိုင်တော့ သူများကို ဆောက်ခိုင်းမယ်ဆိုရင်လည်း ကျွန်မတို့က ပိုက်ဆံမရှိတော့ ကျွန်မအတွက်က အ မှောင်ထဲမှာ လမ်းလျှောက်နေရသလိုပဲ ခံစားနေရတယ်။ နိုင်ငံရေး အခြေအနေတွေ က ဆိုးတာကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုတွေ ပိုများလာတယ်။ အဲ့ဒါကြောင့် ကျွန်မအနေနဲ့ စစ်မှန်တဲ့ငြိမ်းချမ်းရေးအမြန်ရချင်လှပြီ။

**“နိုင်ငံငြိမ်းချမ်းသွားတဲ့ အချိန်ကျရင် လူ့အခွင့်အရေး ချိုးဖောက်ခံခဲ့ ရသူတွေကို မေ့မထားစေချင်ဘူး။ ရှင်သန်လွတ်မြောက် လာသူတွေ ကို စိတ်ဒဏ်ရာကုစားပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာတွေ သင်ပေးခြင်း၊ ပြန်လည်ကုစားမှုများကို လုပ်ပေးခြင်းတွေကို ပံ့ပိုး ပေးစေလိုပါတယ်။ ကျူးလွန်သူတွေလည်း ကိုယ့်အပြစ် တွေဝန်ခံ ပြီး၊ သူတို့နဲ့ ထိုက်သင့်တဲ့ ပြစ်ဒဏ်ကို ခံယူခိုင်းစေချင်တယ်။ နိုင်ငံတကာအသိုင်းအဝိုင်းကိုလည်း ကျွန်မတို့ မြန်မာနိုင်ငံမှာ ပြည်တွင်းစစ်ပွဲကြောင့် ဒုက္ခရောက်နေတဲ့ စစ်ဘေးရှောင် (အိုင်ဒီပီ) တွေကို ဆက်လက်ကူညီထောက်ပံ့မှုတွေ လုပ်ပေးကြဖို့ တောင်းဆို ချင်ပါတယ်။ အကူညီလိုအပ်နေတဲ့ တိုင်းရင်းသားဒေသတွေဆီကို အကူအညီတွေ တိုက်ရိုက်ရောက်ရှိအောင်လည်း ကူညီပေးစေလို ပါတယ်။ မြန်မာနိုင်ငံကို စီးပွားရေး၊ ဖွံ့ဖြိုးရေး၊ ပညာရေးပိုင်းတွေ အတွက်လဲ ကူညီထောက်ပံ့ပေးကြပါလို့ တောင်းဆိုချင်တယ်။”**



# အပရီ

ကျွန်မ အပရီပါ။ ကျွန်မအိမ်ထောင်မပြုခင်မှာတော့ ကျွန်မမိဘတွေနဲ့ ကချင်ပြည်နယ်၊ xxxxx မြို့၊ xxx ကျေးရွာမှာ နေထိုင်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်၊ ဇွန်လမှာ တိုက်ပွဲတွေ စဖြစ်လာတာကြောင့် ကျွန်မညီမတွေ၊ အဖိုး၊အဖွားတွေကို xxxxx မြို့ရှိ စစ်ဘေးရှောင်စခန်းကို ပို့ထားခဲ့တယ်။ အဲ့သည်အချိန်တုန်းက အမေက XXX ကျေးရွာမှာ ဆိုင်ဖွင့်ထားတာကြောင့် အဖေနဲ့အမေရယ် ကျွန်မတို့ သုံးယောက်က xxx ကျေးရွာမှာ နေရစ်ခဲ့တာပါ။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလမှာ ကျွန်မတို့အိမ်ကို ဗမာစစ်သားတွေက အဖေ့ကို ခဏခဏလာရှာ၊ လာမေးကြတဲ့ကြောင့် ကျွန်မတို့က xxxxx မြို့ရှိ စစ်ရှောင်စခန်းဘက်ကို အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ကျွန်မတို့ မိသားစု XXX ကျေးရွာမှ စစ်ဘေးရှောင်ထွက်ပြေးသွားတဲ့အချိန်ပြည်သူ့စစ်နဲ့ စစ်သားတွေက ကျွန်မတို့ အိမ်မှာ ကတုတ်ကျင်းတွေတူးပြီး ဂိတ်လုပ်ပြီး နှစ်နှစ်ကြာ စခန်းချနေထိုင်ခဲ့ကြတယ်။ စစ်ပွဲကြောင့် ကျွန်မတို့ မိသားစုမှာ တစ်ချို့က ၂၀၁၁ ခုနှစ်မှာ  xxxxx မြို့ဘက် သိမ်းရှောင်ခဲ့ပြီး၊ ၂၀၁၂ ခုနှစ်မှာတော့ အခြားနေရာဖြစ်သော xxxxx မြို့သို့ သိမ်းရှောင်ခဲ့ကြရကာ လေးနှစ်ကျော် တကွဲတပြားစီ နေခဲ့ကြရတယ်။

၂၀၁၄ ခုနှစ်မှာ xxxxx မြို့၊ xxx ကျေးရွာမှ စစ်ရှောင်စခန်းမှာနေတဲ့  အဖိုးကနေမကောင်း ဖြစ်လာတာကြောင့် ကျွန်မနဲ့ ကျွန်မမိဘတွေက စစ်ရှောင်စခန်းသို့ပြောင်းရွှေ့လာခဲ့တယ်။ ၂၀၁၅ ခုနှစ် မှာတော့ အဖိုးဆုံးသွားခဲ့တယ်။ ၂၀၁၅ ခုနှစ်မှာပဲ ကျွန်မအမျိုးသားနဲ့ ကျွန်မက xxxxx မြို့၊ xxx ကျေးရွာမှ စစ်ရှောင်စခန်းမှာ အိမ်ထောင်ပြုခဲ့တယ်။ ၂၀၁၆ ခုနှစ်မှာ သမီးလေးတစ်ယောက် မွေးဖွားခဲ့တယ်။ ၂၀၁၇ ခုနှစ်မှာ ကျွန်မက အစိုးရကျောင်းဆရာမ စလုပ်ခဲ့တယ်။ ကျွန်မယောက်ျားက နွေရာသီရောက်ရင် ကီးဘုတ် (Keyboard) အတီးသင်တန်းဖွင့်တယ်။ သူကစတိတ်ရှိုးပွဲတွေမှာလည်း Keyboard လိုက်တီးပြီး မိသားစုကိုရှာကျွေးခဲ့တယ်။ ကျွန်မက ကျောင်းဆရာမလုပ်တယ်ဆိုတော့ ကလေးကိုသူပဲကျောင်းအကြိုအပို့လုပ်ပေးတယ်။

၂၀၂၁ ခုနှစ်မှာအဖေက နေမကောင်းဖြစ်ပြီး ဆုံးသွားခဲ့ပြန်တယ်။ ၂၀၂၂ ခုနှစ်အောက်တိုဘာလ ၂၃ ရက်မှာတော့ ကျွန်မအတွက်က အမှောင်မိုက်ဆုံးကမ္ဘာကို ရောက်သွားသလို ခံစားခဲ့ရတယ်။ ကျွန်မအမျိုးသားက မထင်မှတ်ပဲ အဲဒီညမှာ xxxxx မြို့၊ XXX ကျေးရွာမှာ လုပ်တဲ့ ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို) တည်ထောင်ခြင်း ၆၂ နှစ်ပြည့် အထိမ်းအမှတ် ဂီတဖျော်ဖြေပွဲ (စတိတ်ရှိုး) တွင် Keyboard တီးပေးနေစဉ် အာဏာသိမ်းစစ်တပ်က လေယာဉ်နှင့် ဗုံးလာကျဲ တာကြောင့် အခင်းဖြစ်တဲ့ နေရာမှာတင် ပွဲချင်းပြီး သေဆုံးသွားခဲ့ရတယ်။ ကျွန်မအမျိုးသားက ရုတ်တရက်ဆုံးသွားတော့ ဒီအမှောင်မိုက်ဆုံးကာလတွေကို ဘုရားသခင်ထံမှာ ဆုတောင်းခြင်းနဲ့ပဲ စိတ်ခွန်အားယူပြီး ကျော်ဖြတ်နိုင်ဖို့ ကြိုးစားနေပါတယ်။ သမီးကြီးကိုလည်း သူ့အဖေရှိတုန်းက ထားခဲ့တဲ့ကျောင်းကနေထုတ်ပြီး၊ အသင်းတော်က ဖွင့်တဲ့ ပရန်ဝမ် (Pran Wan) ကျောင်းကို ပြောင်းထားခဲ့ရတယ်။

အိမ်ထောင်ပြုခါစ အချိန်တုန်း ကျွန်မတို့ လင်မယား အရမ်းခက်ခဲတယ်။ ခက်ခဲတဲ့ အချိန်ကာလတွေကို အတူလက်တွဲကျော်ဖြတ်ခဲ့ပြီး အခုနည်းနည်း အဆင်ပြေလာခါနီးမှ သူဒီလိုဖြစ်သွားတော့ ကျွန်မအရမ်းခံစားရတယ်။ ကျွန်မကလဲ ၂၀၂၁ ခုနှစ်မှာ စစ်အာဏာသိမ်းတဲ့အတွက်ကြောင့် အစိုးရဝန်ထမ်းကျောင်းဆရာမကနေ CDM လှုပ်ရှားမှုပါဝင်ထားတော့ ကလေးနှစ်ယောက်နဲ့ ကျွန်မတစ်ယာက်ထဲ အလုပ်လုပ်ဖို့ အရမ်းခက်ခဲတယ်။ ကျွန်မကလေးတွေနဲ့အတူ ကျွန်မဘဝကို ရှေ့ဆက်သွားမယ်။ ကလေးတွေ၏ ပညာရေးနှင့် ကျန်းမာရေးအတွက် အကောင်းဆုံး ပံ့ပိုးပေးချင်တယ်။ ကလေးနှစ်ယောက်လဲငယ်နေသေးတော့ အဝေးကို သွားပြီး ပိုက်ဆံရှာ အလုပ်လုပ်ဖို့က မဖြစ်နိုင်ဘူး။ အိမ်မှာနေရင်း လုပ်ကိုင်လို့ရတဲ့ အလုပ်မျိုးပဲ လုပ်ချင်တယ်။

**ကျွန်မတို့ မိသားစုမှာ စစ်ရှောင်ကာလအတွင်း ကျွန်မတို့ ချစ်တဲ့ မိသားစုဝင် အဖိုး၊ အဖေနဲ့ ကျွန်မအမျိုးသား သုံးယောက်ကို ဆုံးရှုံးခဲ့ရတယ်။ ကျွန်မအနေနဲ့ ဒီလိုအဖြစ်အပျက် မျိုးဘယ် သူ့ကိုမှ မကြုံစေချင်ဘူး၊ မတရားကျူးလွန်သူတွေကိုလဲ အပြစ်ပေးအရေးယူမှုတွေ အမြန်ဆုံး လုပ်ခိုင်းစေချင်ပါတယ်။ မြန်မာနိုင်ငံကို အမြန်ဆုံး ငြိမ်းချမ်းစေချင်ပါပြီ။**





# အရှယ်

ကျွန်မက အရှယ် ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ xxxxx မြို့၊ xxx ကျေးရွာမှာ နေထိုင်ခဲ့ပါတယ်။ ကျွန်မက အဒွတ်နဲ့ အိမ်ထောင်ပြုပြီး သား၊ သမီး (၃) ယောက်ရှိပါတယ်။ ကျွန်မအမျိုးသားက မိသားစုကို လုပ်ကိုင်ကျွေးမွေးပြီး အိမ်ထောင်ဦးစီးတာဝန် ကျေပြွန်သူဖြစ်ပါတယ်။ မိသားစုအပေါ်မှာ ချစ်ခြင်းမေတ္တာအပြည့်နဲ့ နွေးနွေးထွေးထွေး ဆက်ဆံတတ်သူ၊ သား၊ သမီးတွေအပေါ်မှာလည်း ကျား၊မခွဲခြားပြီး မဆက်ဆံတတ်သူ၊ ရပ်ရေးရွာရေး လူမှုရေးကိစ္စတွေမှာလည်း တက်ကြွပါဝင်သူတစ်ဦး ဖြစ်ပါတယ်။ ဒီလို ပျော်ရွှင်တဲ့ကျွန်မတို့ အိမ်ထောင်မိသားစုဟာ ၂၀၁၁ ခုနှစ်တွင် ကချင်ပြည်နယ်မှာ တစ်ကျော့ပြန်ဖြစ်လာတဲ့ စစ်ပွဲကြောင့် ရွာကနေ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ကချင်ပြည်နယ်၊ xxxxx မြို့၊ xxx ကျေးရွာရှိ စစ်ရှောင်စခန်းမှာ ခိုလှုံနေထိုင်လျက်ရှိပါတယ်။

ဒါကကျွန်မတို့ မိသားစုအနေနဲ့ ပထမဦးဆုံး စစ်ဘေးဒဏ်ကနေ ထွက်ပြေးတိမ်းရှောင်ဖူးတာဖြစ်ပါတယ်။ စစ်ဘေးတိမ်းရှောင် လာတာကာခဏပဲ၊ ပြန်လာရမယ်လို့ထင်ပြီး ဘာပစ္စည်းမှ သယ်မလာခဲ့ပါဘူး။ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ထွက်ပြေးလာခဲ့တာဖြစ်ပါတယ်။ ရွာမှာဆိုရင် ကျွန်မတို့ မိသားစုက အိမ်ကုန်စုံဆိုင်လေး ဖွင့်ထားတာပါ။ ကျွန်မတို့ ပိုင်ဆိုင်တဲ့ ဥစ္စာပစ္စည်းအားလုံးကို စွန့်ပစ်ထားခဲ့ရတယ်။

စစ်ရှောင်စခန်းအတွင်းနေထိုင်နေစဉ် ၂၀၁၂ ဇွန်လ ၁၇ ရက်နေ့မှာတော့ မမျှော်လင့်ပဲ ရဲတွေက ကျွန်မအမျိုးသားကို လာရောက်ဖမ်းဆီးသွားခဲ့တယ်။ ကျွန်မအမျိုးသားကို လူသားမဆန်စွာရက်ရက်စက်စက် ညှင်းပန်းနှိပ်စကပြီး ၁၇/၁ နဲ့တရားစွဲထောင်ချခဲ့တယ်။ ထောင်ကနေ လွတ်လာပြီးနောက် ကျွန်မအမျိုးသားဟာ စိတ်ဒဏ်ရာရပြီး စိတ်လည်း အရမ်းတိုလွယ်လာတယ်။ မိသားစုအပေါ်မှာလည်း အရင်လိုနွေးထွေးမှုတွေ မရှိတော့ဘူး။ ကျန်းမာရေးကလည်း အရင်လိုမကောင်းတော့တာကြောင့် အလုပ်အကိုင်လည်း ကောင်းကောင်းမလုပ်နိုင်တော့ပါဘူး။

ကျွန်မအမျိုးသားက ကချင်ပြည်နယ်၊ xxxxx မြို့၊ XXX ကျေးရွာမှာ ခြံစောင့်အလုပ်လုပ်နေချိန် ကိုဗစ်ရောဂါကူးစက်ခံ ရတာကြောင့်နာမကျန်း ဖြစ်နေချိန်မှာ ကျွန်မနဲ့ ကလေးတွေလည်း နာမကျန်းဖြစ်ခဲ့ရတယ်။ အဲဒီအချိန်မှာ ကိုဗစ်ကပ်ရောဂါတားဆီးရေးအတွက် စစ်ရှောင်စခန်း အတွင်းဝင်ထွက်မှုကို ကန့်သတ်ထားချိန် ဖြစ်တာကြောင့် ကျွန်မအမျိုးသားကို သွားမပြုစုနိုင်ခဲ့ဘူး။ နာမကျန်းဖြစ်နေချိန် ငွေကြေးခက်ခဲတာကြောင့် စားချင်တဲ့ အစားအစာတွေ ဝယ်မစားနိုင်ခဲ့ဘူး။ အလုပ်လဲလုပ်မရတော့ ဝင်ငွေမရှာနိုင်ဘူး။ ကိုဗစ်ကြောင့် ကျန်းမာရေး၊ နေ့စဉ်စားဝတ်နေရေး အခက်ကြုံခဲ့ရသလို ကလေးတွရဲ့ ပညာရေးလည်း နှောင့်နှေးကျန့်ကြာမှု ဖြစ်ရတယ်။ ကျွန်မတို့လို အခြေခံလူတန်းစားတွေအတွက် စစ်ကောင်စီရဲ့ပညာရေးကို မကြိုက်ပေမဲ့ ကျွန်မတို့ အခြေခံလူတန်းစားတွေအတွက် တစ်ခြားကျောင်းတွေ မထားနိုင်တော့ စစ်ကောင်စီက ပြန်ဖွင့်တဲ့ ကျောင်းမှာပဲ ကလေးတွေကို ကျောင်းထားဖြစ်တယ်။ ကျွန်မနှင့် ကျွန်မခင်ပွန်းမှာ ဝင်ငွေရလုပ်ငန်းတွေကို ဒေသတွင်း ကျပန်းလုပ်ငန်းလုပ်ကိုင်သည်။ ရရှိလာသော ဝင်ငွေသည် ကျွန်မခင်ပွန်း၏ ဆေးကုသမှုအတွက် ပုံမှန်ကုန်ကျနေသောကြောင့် အခက်ခဲရှိနေသည်။

ကျွန်မခင်ပွန်းက အတွင်းဒဏ်ရာရှိနေတော့တစ်လ တစ်ကြိမ် သွေးထုတ်ရတယ်၊ သွေးမထုတ်ရင် သူက နေလို့မကောင်းပဲ စိတ်တွေတိုလာတယ်၊ သွေးကြောတွေတင်းလာပြီး မျက်နှာတွေ ယောင်လာတယ်။ သူအမြဲတမ်း အားဆေးတွေ၊ ဒဏ်ကြေဆေးတွေ သောက်နေရတယ်။ ကျွန်မယောကျာ်း အမြဲတမ်းပြောတာက “ကျွန်တော်အခုလိုမျိုး မဖြစ်ခဲ့ရင်၊ မင်းတို့သားအမိကို ကောင်းကောင်းရှာကျွေးနိုင်တယ်၊ အခုလိုဖြစ်ခဲ့လို့ ကျွန်တော်ရှာတဲ့ ပိုက်ဆံတောင် ကျွန်အတွက် ဆေးကုဖို့ မလောက်လို့” ဆိုပြီး ခဏခဏ ငိုပြီး ကျွန်မကို ပြောလေ့ရှိတယ်။ ကျွန်မကတော့ သူ့ကို စိတ်အားမငယ်အောင် ပြန်ပြီး နှစ်သိမ့်ပေးသည်။ ကျွန်မပွန်းအဖမ်းဆီးခံရတဲ့အချိန်မှာ ကျွန်မအရမ်းကြောက်သွားခဲ့တယ်၊ တစ်ခါမှလည်း အပြစ်မရှိတဲ့ ပြည်သူတွေကို ဖမ်းဆီးတယ်ဆိုတာလည်း မတွေ့ဖူး၊ မကြားဖူး ဆိုတော့ ကျွန်မက ငိုပဲ ငိုနေခဲ့တယ်။ အဲ့အချိန်တုန်း က ကျွန်မကို သူငယ်ချင်းတွေက ရူးသွားပြီးလို့တောင် ထင်သွားခဲ့တယ်။ ကျွန်မယောကျာ်း ဒီလိုဖြစ်သွားတော့ အိမ်မှာ ငိုင်ပြီးထိုင်နေတဲ့ အချိန် အသင်းတော်ဆရာ တစ်ယောက်က ကျွန်မဆီလာပြီ စိတ်ခွန်အားတွေပေးကာ၊ ဆုတောင်းပေးခဲ့တယ်။ အဲ့ဒီနောက်ပိုင်း ကမ့်အတွင်းမှာ လူ့အခွင့်အရေး သင်တန်းတွေ၊ အမျိုးသမီးအခွင့်အရေးသင်တန်းတွေ တက်ခဲ့တယ်။ ကမ့်အတွင်း ကျွန်မ တက်နိုင်သည့်ဘက်မှ လိုအပ်သည့် လုပ်ငန်းများတွင် ပါဝင်လှုပ်ရှားခဲ့သည်။ ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) မှ ကျွန်မကို စိတ်ပိုင်းဆိုင်ရာ ကုစားမှု၊ လက်မှုပညာနှင့် အခြားနိုင်ငံ သို့လေ့လာရေး ခရီးသွားခြင်းများ ပြုလုပ်ပေးခဲ့သည်။

ထိုချိန်တွေကစပြီးကျွန်မတို့ ရှင်သန်လွတ်မြောက်သူအမျိုးသမီးများ၏ ရင်တွင်းခံစားချက်တွေ ကိုထုတ်ဖော်နိုင်ရန် Kasi Kaja ဆိုသည့် အမျိုးသမီးအဖွဲ့ကို ဖွဲ့စည်းပြီး ကျွန်မကိုယ်တိုင် ဦးဆောင်ဦးရွက်ပြုနိုင်ခဲ့သည်။ Kasi Kaja အဖွဲ့အစည်းရည်ရွယ်ချက် က လူ့အခွင့်အရေးချိုးဖောက်ခံရသူ ရှင်သန်လွတ်မြောက်သူအမျိုးသမီးများ နှင့် မိသားစုဝင်တွေကို နှစ်သိမ့်အားပေးနိုင်ရန်နှင့် ခံစားမှုများကို အချင်းချင်းကုသ ရင်ဖွင့်ဖလှယ်နိုင်ရန်၊ တရားမျှတမှုလုပ်ဆောင်ရာတွင် အတူတကွ ပါဝင်လုပ်ဆောင်နိုင်ရန်ဖြစ်တယ်။ Kasi Kaja group အစဖွဲ့စည်းတဲ့ အချိန်မှာ အဖွဲ့ဝင် (၅) ယောက်မှ (၂၀၀၀) စုပြီး ရှင်သန်းလွတ်မြောက်သူအသစ်တွေကို နှစ်သိမ့်အားပေးတဲ့ အစီအစဉ်တွေ လုပ်ခဲ့တယ်။ ယခုချိန်တွင် ကျွန်မတို့ ရှင်သန်လွတ်မြေက်သူအမျိုးသမီးထုမှ ရှင်သန်လွတ်မြောက်သူအမျိုးသမီးသစ်များအား တွေ့ဆုံကာ သူတို့၏အသံကိုနားထောင်ပေးခြင်း၊ လက်မှုပညာများဖြင့် ဝင်ငွေရလုပ်ငန်း များပြုလုပ်ကာ ရှင်သန်လွတ် မြောက်သူအိမ်ထောင် မိသားစုများအား ကူညီထောက်ပံ့ပေးခြင်းများ ပြုလုပ်လျက်ရှိသည်။ ကျွန်မတို့ စစ်ရှောင်ပြည်သူတွေမှာ

မိမိနေရပ်သို့ပြန်ရန်အစိုးရမှ ပြင်ဆင်နေတဲ့ချိန်ဖြစ်သည်၊ ကျွန်မတို့ကောင်းမွန်စွာပြန်နိုင်ဖို့ရန် အစိုးရမှပြည်သူများအတွက် လုံခြုံသောအခြေအနေ တစ်ခုဖြစ်အောင် လုပ်ဆောင်ပေးရန်လိုအပ်ပါသည်။

ကျွန်မတို့ စစ်ရှောင်စခန်းကနေ မိမိနေရပ်ပြန်တဲ့အချိန်မှာ ကျွန်မတို့လို လူ့အခွင့်အရေးချိုးဖောက်ခံရသူများကို လက်တွဲခေါ်ပြီး နှစ်သိမ့်အားပေးမှုတွေ လုပ်သွားမယ်။ ဒီလိုမျိုးရှင်သန်လွတ်မြောက်လာသူများ စုံစည်းဖို့အတွက် နေရာတစ်ခုတော့ လိုတယ်။ လူ့အခွင့်အရေးချိုးဖောက်မှု အဖြစ်အပျက်များကိုလည်း ကောက်ယူသိမ်းစည်းထားဖို့လည်း စဉ်းစားထားတယ်။

**"ကျူးလွန်သူများကိုလည်း တရားနည်းလမ်းအရ ပြစ်ဒဏ်ပေးရန်နှင့်၊ လူ့အခွင့်အရေးချိုးဖောက်ခံရသူတွေအတွက်လည်း ပြန်လည်ထူထောင်ရေး အစီအစဉ်တွေကို လုပ်ဆောင်ပေး ရန်လိုအပ်ပါသည်။"**

နိုင်ငံတကာအသိုင်းအဝန်းမှ မြန်မာအစိုးရအနေအား အပြစ်မဲ့ပြည်သူလူထုတွေကို ညှင်းပန်းနှိပ်စက် တာတွေ မလုပ်ဖို့ ဖိအားပေးစေချင်တယ်။ "မြန်မာနိုင်ငံအတွင်း ရာဇဝတ်ကျူးလွန်ချိုးဖောက်မှုများရှိသောကြောင့် အရေးယူဆောင်ရွက် ပေးဖို့တောင်းဆိုချင်ပါသည်။" လူ့အခွင့်အရေးချိုးဖောက်ခံရသူများအနေနှင့်လည်း ကိုယ့်ရဲ့ခံစားချက်တွေကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တွေလည်း အမြန်ရချင်ပြီ။ ကျွန်မတို့ နိုင်ငံလည်း စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို အမြန်လို ချင်တယ်။





# အခေါ်န်

ကျွန်မ အခေါ်န် ဖြစ်ပါသည်။ ကျွန်မငယ်စဉ်ခါကတည်းက ကချင်ပြည်နယ်၊ xxxxx မြို့၊ xxx ကျေးရွာမှာ သာနေထိုင်ခဲ့သည်။ ကျွန်မတို့မောင် နှမ (၃) ယောက်ရှိပါတယ်။ အမျိုးသား (၁) ယောက်နှင့် အမျိုးသမီး (၂) ဖြစ်ပါသည်။ ကျွန်မတို့ မိသားစုသည် လယ်ယာ၊ တောင်ယာနှင့် စိုက်ပျိုးရေး လုပ်ငန်းကို အဓိကထားလုပ်ဆောင်ကာ မိသားစုစားဝတ်နေရေးအတွက် ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။ ကျွန်မဘဝမှာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေထိုင်နိုင်ခဲ့တဲ့ အချိန်ဆိုတာမရှိသဘောက်ပါပဲ။ စစ်ပွဲတွေကြားထဲမှာပဲ အသက်ဆက်ရှင်သန်ရုန်းကန်နေရတယ်။

၁၉၈၀ ခုနှစ်ဝန်းကျင်မှာ ကျွန်မတို့ xxx ကျေးရွာတွင် ဗမာစစ်တပ်နဲ့ ကေအိုင်အေတပ်ဖွဲ့ တွေကြားမှာ တိုက်ပွဲဖြစ်ခဲ့တယ်။ စစ်တပ်ကပြည်သူတွေကို ပေါ်တာဆွဲ၊ အိမ်မီးရှို့တာတွေ လုပ်တာကြောင့် ကျွန်မတို့ မိသားစုက ကချင်ပြည်နယ်၊ xxxxx မြို့၊ xxx ကျေးရွာဘက်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရတယ်။ xxx ကျေးရွာမှာ ကျွန်မတို့ နေထိုင်နေချိန် ၁၉၈၉ ခုနှစ်တွင် ဗမာစစ်တပ်က ရွာသူရွာသားတွေအားလုံးကို ဂျာပူကျေးရွာရှိ စစ်တပ်စခန်းကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ ပါတယ်။ ကျွန်မလည်းဖမ်းခံရတဲ့အထဲပါတယ်။ အဲဒီတုန်းက ကျွန်မက ဆယ်ကျော်သက်အရွယ်ပဲ ရှိသေးတယ်။

ဖမ်းဆီးခံရတဲ့ ရွာသားတွေထဲက ကျွန်မအဖေအပါအဝင် ယောကျ်ားသားတွေ အားလုံးကို စစ်သားတွေက ညှင်းပန်းနှိပ်စက်ပြီး၊ စစ်ဆေးမေးမြန်းကြတယ်။ ရွာသားတစ်ယောက်ကို တော့ ညှင်ပန်းနှိပ်စက်ပြီး ပစ်သတ်လိုက်ပြီဆိုသည့် သတင်းကို ကြားသိခဲ့သည်။ ထိုချိန် တွင် ကျွန်မတို့အားလုံး စိတ်တုန်လှုပ်ခြောက်ခြားကာ လုံခြုံမှုမရှိသလိုပင် ခံစားခဲ့ရသည်။ ထိုချိန်တွင် ဗမာစစ်သားများသည် ကျွန်မတို့ ရွာအတွင်း သေနတ်ရှိသည်ကို ကြားသိရ သောကြောင့် ရွာသားများကို ခုလိုဖမ်းခေါ်ပြီး ရွာအတွင်းမှ သေနတ်တစ်လက်ပေးနိုင်မှ သာ ရွာသားများကို ပြန်လွှတ်ပေးမည်ဟု ခြိမ်းခြောက်ပြောဆိုသောကြောင့် ကျွန်မအဖေ သည် ရွာတွင်းမှ မုဆိုးလိုက်သေနတ် တစ်လက်ကို ရှာယူကာ စစ်သားများအား ပေးခဲ့နိုင် သောကြောင့် ရွာသားများ အားလုံးပြန်လွှတ်မြောက်ခဲ့သည်။ သေနတ်တစ်လက်နဲ့ ရွာသားတွေကို ပြန်ရွေးယူလိုက်သလိုပါပဲ။ ရွာမှာ စစ်ပွဲတွေ ခဏခဏဖြစ်လို့ ကျွန်မလည်း ကျောင်းပညာကို (၃) တန်းအထိပဲ သင်ခဲ့ရတယ်။

၁၉၉၁ ခုနှစ်မှာ အလှနှင့် အိမ်ထောင်ပြုပြီး ကချင်ပြည်နယ်၊ xxxxx မြို့၊ xxx ကျေးရွာမှာ စပြီးနေထိုင်ခဲ့ပါတယ်။ ကျွန်မတို့ လင်မယားမှာ သား (၄) ယောက်နဲ့ သမီး (၃) ယောက်ရှိ ပါတယ်။ ကျွန်မတို့ မိသားစုက တောင်ယာလုပ်ငန်းကို လုပ်ကိုင်ကြတယ်။ ကျွန်မ အိမ်ထောင်ပြုတဲ့နှစ်မှာ ဗမာစစ်တပ်က ကျွန်မခဲအို (ကျွန်မယောကျ်ားရဲ့အစ်ကိုအကြီးဆုံး) ကို မတရားဖမ်းဆီးသွားကြပြီး ရွှေညောင်ပင်စစ်တပ် (တပ်ရင်း - ၃၂၁) မှာ ချုပ်နှောင် ထားကြတယ်။ အဲအချိန်က တပ်ရင်းမှူး နာမည်က ဗိုလ်ကြီးသောင်းလွင်လို့ ခေါ်တယ်။ ခဲအိုကသူ့ကို သတ်မယ်ဆိုတဲ့ သတင်းကြားတဲ့ချိန် အစောင့်စစ်သားမှ ခရစ်ယာန်ဘာသာ ဝင် ကရင်လူမျိုးတစ်ဦးမှ ထွက်ပြေးရန် လွှတ်ပေးခဲ့သည်။ သူထွက်ပြေးသွားတော့ တစ်မိသားစုဖြစ်တဲ့ ကျွန်မကို ဓားစာခံအနေနဲ့ ပြန်ပြီးဖမ်းဆီးသွားခဲ့တယ်။ အဲ့ဒီအချိန် ကျွန်မက ကိုယ်ဝန် (၈) လလွယ်ထားရတာပါ။ ကျွန်မကို စစ်သားတွေက ခြောက်ပေါက် ထဲမှာ ထည့်ထားခဲ့တယ်။ ကျွန်မရဲ့ ခြေထောက်နဲ့ မေးစေ့တွေမှာ ဓားမြှောင်နဲ့ ထောက်ပြီး ခြိမ်းခြောက်ကြတယ်။ ကျွန်မကို စစ်ဆေးမေးမြန်းသည့်အခါ ကျွန်မသည် xxx ကျေးရွာ သား ဖြစ်ပြီး xxx ကျေးရွာတွင် အိမ်ထောင်ကျသောကြောင့် ကျွန်မ၏ ခဲအိုအကြောင်း လည်းကျွန်မ မသိဘူးခဲ့ပါဘူး စသဖြင့် ကျွန်မကောင်းမွန်စွာ ရှင်းပြပြီး ပြန်လွှတ်မြောက် လာသည်။

၂၀၁၁ ခုနစ်ရောက်တော့ ကချင်ပြည်မှာ စစ်ပွဲတစ်ကျော့ပြန်ဖြစ်ခြင်းကြောင့် ကျွန်မတို့ မိသားစုမှာ ကချင်ပြည်နယ်၊ xxxxx မြို့၊ xxx ကျေးရွာရှိ စစ်ဘေးရှောင်စခန်းမှာ စစ်ရှောင် နေခဲ့ရတယ်။ ကျွန်မတို့ မိသားစု၏ စားဝတ်နေရေး အရမ်းကျပ်တည်းလာတာကြောင့် ကျွန်မက နယ်စပ်ဒေသသို့ သူများရဲ့ နွားတွေ သွားရောင်းပေးဖို့ ခရီးထွက်လာခဲ့တယ်။ လမ်းမှာ ဗမာစစ်တပ်နဲ့ ကချင်တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ကေအိုင် အေ) တို့ကြား တိုက်ပွဲဖြစ်နေတာနဲ့ပက်ပင်တိုးခဲ့ရတယ်။

**“တိုက်ပွဲဖြစ်နေချိန် လက်နက်ပစ်ခတ်မှုကြောင့် ကျွန်မရဲ့လက်တွင် ထိမှန်ပြီး ဒဏ်ရာရခဲ့တယ်။ နောက်တော့ ကျွန်မ၏ လက်ကို ဖြတ်ပစ်လိုက်ရပြီး မသန် စွမ်းဖြစ်ခဲ့ရတယ်။ ကျွန်မလက်ဖြတ်လိုက်ရတာကြောင့် စိတ်သွားတိုင်း ကိုယ်မပါဖြစ်တယ်။ မိသားစုကိုကောင်းကောင်းမထောက်ပံ့နိုင်တော့ဘူး။ ကျွန်မ သား၊ သမီးတွေက သူတို့ရဲ့ပညာရေး၊ လူမှုရေးနဲ့ ကျန်းမာရေး အတွက် အသက်အရွယ်နှင့်မလိုက် သူတို့ဖာသာ ကြိုးစားကြရတယ်။”**

အခုလို လက်တဖက်ဆုံးရှုံးပြီးနောက် ကျွန်မက တောင်ယာတွေ၊ အလုပ်ကြမ်းတွေ မလုပ်နိုင်တော့ဘူး။ ပိုက်ဆံလည်းမရှာ နိုင်တော့ဘူးဆိုတော့ သား၊ သမီးတွေရှာတဲ့ ဝင်ငွေ နဲ့ပဲ မိသားစုစားဝတ်နေရေးကို ဖြေရှင်းနေတယ်။ ကျွန်မကသား၊ သမီးတွေကိုလည်း အားနာလာပြီး လူပိုတစ်ယောက်လို ခံစားလာရတယ်။ ပြီးတော့ “တကယ်လို့ ကျွန်မသေ သွားခဲ့ရင် ကျွန်မတို့ ကချင်ရိုးရာမှာ လူသေအလောင်းရဲ့ လက်မနှစ်ခုကို ချည်ဖြူနဲ့ ချည်ရလေ့ရှိပါတယ်။ အဲ့ဒီအခါ ကျရင်ကျွန်မရဲ့ လက်တစ်ဖက်ကမရှိတော့ဘူး ဆိုတော့ ချည်ပေးဖို့လက်မက မရှိတော့ဘူး။ အလိုဆိုရင် သား၊ သမီးတွေ သူများရှေ့မှာ မျက်နှာငယ် ရမှာ အရမ်းစိုးရိမ်တယ်”

ကျွန်မအတွက် အမှောင်မိုက်ဆုံးကာလမှာ ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ)မှ ကျွန်မလို လူ့အခွင့်အရေးချိုးဖောက်ခံနေရတဲ့သူတွေ အချင်းချင်း တွေ့ဆုံနိုင်တဲ့ အစီအစဉ်မှာ ကျွန်မကိုဖိတ် ကြားခဲ့ပါတယ်။ အခြားသော ရှင်သန်လွတ်မြောက်သူအမျိုးသမီးတွေနဲ့ တွေ့ဆုံဖလှယ်နိုင်တဲ့ အစီအစဉ်မှာ ပါဝင်ခွင့်ရလာတော့မှပဲ ဒီလိုခံစား နေရတာ ကျွန်မ တစ်ယောက်ထဲမဟုတ်ပါလားဆိုပြီး စိတ်သက်သာ ရာရလာခဲ့တယ်။ အစီအစဉ်တစ်လျှောက်လုံးမှာ စိတ်ပိုင်းဆိုင်ရာ ကုစားမှုနဲ့ လူ့အခွင့်အရေးဆိုင်ရာ အမြင်ဖွင့်သင်တန်းတွေအပြင် အသက်မွေးဝမ်းကျောင်းအတွက် လက်မှုပညာတွေပါ သင်ယူလေ့လာခွင့် ရရှိခဲ့ပါတယ်။ ရှင်သန်လွတ်မြောက်သူများ အချင်းချင်း တွေ့ဆုံနှီးနှောဖလှယ်တဲ့ အစီအစဉ်ကြောင့် ကိုယ့်ကိုယ်ကို ပိုပြီး ဂရုစိုက်တတ်လာတယ်၊ ဆက်လက်ရှင်သန်ရပ်တည်နိုင်ဖို့ စိတ်ခွန်အားတွေ ရရှိခဲ့တယ်။

**အခုအချိန်မှာ ကျွန်မက ကချင်ပြည်နယ်တခွင်က ရှင်သန်လွတ်မြောက်သူ ကချင်အမျိုးသမီးများက စပြီးစုဖွဲ့ခဲ့တဲ့ ကစီကဂျာ (Kasi Kaja) ဆိုတဲ့ အဖွဲ့ငယ်လေးမှာ အဖွဲ့ဝင်တစ်ဦးအနေနဲ့ ပါဝင်ရင်း အခြားသော လူ့အခွင့်အရေးချိုးဖောက်ခံရသူတွေကို သွား ရောက် တွေ့ဆုံပြီး အားပေး၊ ကူညီတဲ့ လုပ်ရှားမှုတွေမှာ အဖွဲ့ဝင်တွေနဲ့အတူ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်မတို့ လူ့အခွင့်အရေးချိုးဖောက်ခံရတဲ့ သူတွေအတွက် အမှန်တရားနဲ့ တရားမျှ တမှုရချင်တယ်။ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ထပ်မဖြစ်အောင် ချိုးဖောက်ခံရသူတွေကလည်း နိုင်ငံတကာအထိ သိအောင် ထုတ်ဖော်ပြောဆိုရမယ်။ လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်တဲ့ သူတွေလည်း အပြစ်ဝန်ခံပြီး ပြစ်ဒဏ်ခံယူ စေချင် တယ်။" ကျွန်မအနေနဲ့ အကြောက်တရားတွေနဲ့မနေချင်တော့ဘူး၊ လွတ်လွတ်လပ်လပ် သွားလာနေထိုင်ချင်တယ်။**



# ရေဗကွာ

ကျွန်မနာမည် ရေဗကွာလို့ခေါ်ပါတယ်။ ကျွန်မတို့ မိသားစုကကချင်ပြည်နယ်၊ xxxxx မြို့၊ xxx ကျေးရွာမှာ နေထိုင်ပါတယ်။ ကျွန်မမှာ မောင်နှမ သုံးယောက်ရှိပါတယ်။ ကျွန်မအမေက ကျွန်မညီမတစ်နှစ်ကျော်အရွယ်မှာ ဆုံးပါးသွားခဲ့တယ်။ အမေဆုံးသွားတော့ အဖေကအိမ်ကနေထွက်သွားခဲ့လို့ ကျွန်မတို့ မောင်နှမ သုံးယောက်ပဲ ကျန်ခဲ့တယ်။ နောက်တော့အဖွားအိမ်မှာ သွားနေကြရတယ်။ ကျွန်မတို့ မောင်နှမ သုံးယောက်စလုံးက အဖွားလက်ထဲမှာပဲ ကြီးပြင်းခဲ့ရတယ်။ ကျွန်မတို့ ကိုယ့်ဖာသာ ထိန်းကျောင်းပြီး လွတ်လွတ်လပ်လပ် နေထိုင်ကြီး ပြင်းလာခဲ့ကြတယ်။ ကျွန်မက အစိုးရပညာရေးဝန်ထမ်း၊ ကျောင်းဆရာမတစ်ဦး ဖြစ်ပါတယ်။ အိမ်ထောင်ပြုပြီး ကျွန်မမှာ ကလေး (၁) ရှိတယ်။

၂၀၁၃ ခုနှစ်မှာ ကျွန်မညီမ မရန်လုရာက (၁၀) တန်း ဖြေထားပြီး ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ဆွမ်ဘရာဘွမ် မြို့နယ်၊ ခင်ဒူယာန်ကျေးရွာဘက်ကို ကချင်နှစ်ခြင်းအသင်းတော် (KBC) ရဲ့ အသင်းတော်စာပေသာသနာ အစီအစဉ်မှာ စေတနာ့အကျိုးဆောင် ပါဝင်ဖို့သွားလိုက်ပါတယ်။



၂၀၁၄ ခုနှစ်တွင် ရှမ်းပြည်မြောက်ပိုင်း၊ မူဆယ်မြို့နယ်၊ မုန်းပေါ် - ကောင်ခါးကျေးရွာမှာ ဖွင့်လှစ်ထားသော ကချင်နှစ်ချင်းအသင်းတော် စာသင်ကျောင်းတွင် စေတနာ့ဝန်ထမ်း ကျောင်းဆရာမလုပ်ဖို့ သတာဝန်ကျခဲ့တယ်။ ကောင်ခါးရွာတွင် ကျောင်းဆရာမ လုပ်နေစဉ် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှာ ကျွန်မညီမ မရန်လုရာနဲ့ သူ့ရဲ့ လုပ်ဖော်ကိုင်ဖက် ဆရာမခေါန်နန်စင်တို့ နှစ်ယောက်စလုံးကို မြန်မာစစ်တပ်က စစ်သား တွေက ရက်ရက်စက်စက် အဓမ္မပြုကျင့်သတ်ဖြတ်ခြင်းကို ခံလိုက်ရပါတယ်။ ကျွန်မညီမ တွေရဲ့ အဖြစ်အပျက်သတင်းကို ကြားလိုက်ရတဲ့ အချိန်မှာ ကျွန်မယူကျုံးမရခံစားခဲ့ရ တယ်။ မအိပ်နိုင်၊ မစားနိုင်ဖြစ်ခဲ့သည်။ ကျွန်မညီမရဲ့ ရုပ်ကလပ် မြစ်ကြီးနားမြို့ကို ရောက်လာချိန်မှာ ကျွန်မ ပြိုလဲမသွားအောင် မနည်းထိန်းထားခဲ့ရတယ်။ ကျွန်မ ခံနိုင် ရည်ရှိဖို့အတွက် ဘုရားဆီမှာ ဆုတောင်းပဲ တောင်းခဲ့တယ်။

**ကျွန်မတို့ မောင်နှမ (၃) ယောက် ပြန်မဆုံနိုင်တော့ဘူးဆိုတဲ့ အတွေးတွေ ဝင်လာတာနဲ့ မြန်မာစစ်တပ်ရဲ့ လူမဆန်စွာ ညင်းပန်းနှိပ်စက်မှုကို အရမ်းပဲ ခါးသီး၊ နာကျည်းမိတယ်။ ကျွန်မညီမနဲ့ပတ်သက်ပြီး တရားမျှတမှုကို ဒီကနေ့ထိတိုင် မရရှိသေးပါဘူး။ စစ်တပ်မှ စစ်ရာဇဝတ်မှုကျူးလွန်တာ တွေအပေါ် လျစ်လျူရှုပြီး ကင်းလွတ်ခွင့်ပေးမထားသင့်ပါဘူး။ အပြစ်ပေး အရေးယူဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ကျွန်မညီမတို့ရဲ့ အဖြစ်အပျက်ဖြစ် သွားပြီးနောက် ကျွန်မက စိတ်ဒဏ်ရာကို ပြန်လည်ကုစားနိုင်ဖို့အတွက် အချိန်အတန်ကြာယူခဲ့ရပါတယ်။**

၂၀၁၈ ခုနှစ်တွင် ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) မှ ကြီးမှူးပြီး လုပ်တဲ့ ရှင်သန် လွတ်မြောက်သူအမျိုးသမီးများ တွေ့ဆုံဖလှယ်မှု အစီအစဉ်မှာ ကျွန်မပါဝင်ခွင့် ရခဲ့တယ်။ အဲ့ဒီအစီအစဉ်မှာ ပါဝင်ခဲ့ကြတဲ့ ကျွန်မအပါအဝင် ရှင်သန်လွတ်မြောက်သူ ကချင်အမျိုး သမီး ၅ ဦးမှ စတင်ပြီး ကစီကဂျာ (Kasi Kaja) လို့ခေါ်တဲ့ ရှင်သန်လွတ်မြောက်သူ အမျိုးသမီးများ အဖွဲ့ငယ်လေးကို စတင်စုဖွဲ့ခဲ့ကြပါတယ်။ ကစီကဂျာအဖွဲ့ကို စတင်စုဖွဲ့ချိန် တွင် ကျွန်မက အဖွဲ့ဝင် တစ်ဦးအနေနဲ့ ပါဝင်ရင်း လက်မှုပညာသင်တန်း၊ နိုင်ငံရေးအသိ မြင်ဖွင့်ခြင်း၊ လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု၊ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေစတဲ့ အကြောင်းအရာများနဲ့ပတ်သက်တဲ့ သင်တန်း၊ ဆွေးနွေးပွဲများကို တက်ရောက်၊ သင်ယူလေ့လာခဲ့ပါတယ်။ ယခုအချိန်မှာ ကျွန်မက ကစီကဂျာအဖွဲ့ရဲ့ အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်နေပါတယ်။ ကျွန်မ သင်ယူရရှိထားတဲ့ လက်မှုပညာတွေနဲ့ ဝင်ငွေရရှိဖို့ တစ်နိုင်တစ်ပိုင် အလုပ်လေးကို လုပ်နေပါတယ်။ အရင်းအနှီးနည်းတာကြောင့် ဝင်ငွေပိုပြီးလည်ပတ်အောင်လုပ်နိုင်ဖို့ အကန့်အသတ်တော့ဖြစ်နေပါတယ်။

၂၀၂၁ ခုနှစ် ဇူလိုင်လတွင် ကျွန်မတွင် ဆိုးဝါးသော ကျန်းမာရေးထိခိုက်မှုကို ခံစားခဲ့ရ သည်။ အထူးသဖြင့် ရေဖျင်း၊ အသည်းရောင်အသားဝါဖြစ်သောကြောင့် ကလေး ကိုယ်ဝန်ပျက်ကျမှုကို ကြုံတွေ့ခံစားခဲ့ရသည်။ ကျွန်မမှာ ဆေးကုနိုင်ဖို့တောင် အတော်ကို ခက်ခဲခဲ့သည်။ ကျွန်မက ကျွန်မရဲ့ဝန်ထမ်းလစာနဲ့ မိသားစုရဲ့စားဝတ်နေရေး လိုအပ်ချက် တွေကို ဖြည့်ဆည်းပံ့ပိုးနေရသူဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စစ်တပ်က အာဏာသိမ်းလိုက်တာကို ဆန့်ကျင်သည့် အစိုးရဝန်ထမ်းများ၏ CDM လှုပ်ရှားမှုတွင် ကျွန်မလည်း ပါဝင်ပြီးကျောင်းဆရာမ အလုပ်မှ ရပ်နားထားခဲ့ပါတယ်။ CDM လှုပ်ရှားမှုမှာ ပါဝင်တာကြောင့် အလုပ်လက်မဲ့တော့ ဖြစ်သွားပြီး မိသားစု စားဝတ်နေရေး အရမ်းခက်ခဲသွားခဲ့တယ်။ နိုင်ငံရေးအခြေအနေတွေ ပိုဆိုးလာတာ သောကြောင့် စားဝတ်နေရေးကလည်း ပိုပိုပြီး ကျပ်တည်းလာပါတယ်။ စေတနာ့ဝန်ထမ်း ဆရာမဖြစ်တဲ့ ကျွန်မညီမ မရန်လုရာနဲ့ ဆရာမခေါန်နန်စင်တို့ နှစ်ဦးအား အဓမ္မပြုကျင့် သတ်ဖြတ်မှုနှင့်ပတ်သက်ပြီး အမှန်တရားနဲ့ တရားမျှတမှုကိုလိုချင်ပါတယ်။ ကျူးလွန်တဲ့ သူတွေကိုလည်း ထိုက်သင့်တဲ့ ပြစ်ဒဏ်တွေ ချမှတ်စေချင်ပါတယ်။ ကျူးလွန်သူတွေ အပြစ်ဒဏ်မှ ကင်းလွတ်နေတာမျိုး မဖြစ်သင့်ပါဘူး။ ဒီအဖြစ်အပျက်ဟာ ကချင်တစ်မျိုး သားလုံးနဲ့ သက်ဆိုင်တဲ့အမှုကိစ္စဖြစ်တယ်။ ပြည်သူတွေကို အမှန်တကယ် ကာကွယ်ပေး နိုင်တဲ့ တရားဥပဒေတွေလိုအပ်တယ်။



# မာထ

ကျွန်မနာမည် မာထလို့ခေါ်ပါတယ်။ ကျွန်မက ၁၉၇၃ ခုနစ်မှာ မွေးဖွားခဲ့ပါတယ်။ ၁၉၈၆ခုနစ် ဝန်းကျင်မှာတော့ မိဘတွေနဲ့အတူ ကချင်ပြည်နယ်၊ xxxxx မြို့၊ xxx ကျေးရွာမှာ နေထိုင်ခဲ့ပါတယ်။ နောက်ပိုင်းတွင် ကချင်ပြည်နယ်၊ xxxxx မြို့၊ xxx ကျေးရွာမှာ နေထိုင်ပါတယ်။ ၂၀၁၁ ခုနှစ်တွင် ကချင်ပြည်နယ်မှာ စစ်ပွဲတကျော့ပြန်ဖြစ်လာတဲ့အတွက်ကြောင့် စစ်ဘေးရှောင်တိမ်းရင်းယခုလက်ရှိမှာ မြစ်ကြီးနားမြို့က စစ်ရှောင်စခန်း တခုမှာနေထိုင်ပါတယ်။ ကျွန်မဘဝမှာ ငယ်စဉ်ကလေးဘဝကတည်းက စစ်ပွဲတွေကြောင့် အခက်အခဲအမျိုးမျိုး ရင်ဆိုင်ကျော်ဖြတ်ခဲ့ရတယ်။

xxxxx မြို့၊ xxx ကျေးရွာမှာ နေထိုင်စဉ် ကျွန်မတို့ ညီမအစ်မတွေက xxx ကျေးရွာမှာ ကျောင်းသွားတက်ရပါတယ်။ အဲဒီတုန်းက ကျွန်မအသက်အရွယ်က (၁၁) နှစ်ဝန်းကျင် လောက်ရှိပါပြီ။ ကေအိုင်အေနဲ့ ဗမာစစ်တပ်ကြား တိုက်ပွဲတွေ ခဏခဏဖြစ်တာကြောင့် ကျွန်မတို့ မိသားစုတွေက တောလျှိုတောင်ကြားတွေထဲ ခဏခဏစစ်ဘေးရှောင်ပြေးရင်းတဲ့တွေ ထိုးပြီးနေကြရတာကို မှတ်မိနေသေးတယ်။ တောတွင်းပုန်းခိုနေချိန်တွေမှာ မိသားစုမှာပါလာတဲ့ ပစ္စည်းတွေ၊ ပိုက်ဆံတွေ ခြစားပြီး ဆွေးကုန်တာလဲ ကြုံခဲ့ရတယ်။ ကျွန်မတို့ ရွာက အိမ်တွေကို ဗမာစစ်သားတွေက မီးရှို့ဖျက်ဆီးခြင်း၊ မိသားစု ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေ အားလုံးဆုံးရှုံးသွားခဲ့ခြင်းတွေ ခဏခဏကြုံခဲ့ဖူးပါတယ်။ အဲလို အကုန်ဆုံးရှုံးသွားတဲ့အခါ မိသားစုဘဝကို သုညကနေ ပြန်ပြန်စရပါတယ်။

၁၉၈၇ခုနှစ်မှာ xxxxx မြို့၊ xxx ကျေးရွာက စစ်တပ်၊စစ်ကြောင်းတွေက ကျွန်မတို့ ရွာကို ရောက်လာပြီး အိမ်တွေကို မီးရှို့ဖျက်ဆီးလိုက်ကြတယ်။ ရွာသူရွာသားတွေအားလုံးကိုလည်း ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြတယ်။ အဲ့ဒီနေ့က ကျွန်မနဲ့ ကျွန်မအစ်မက xxx ကျေးရွာဘက် ဈေးသွားဝယ်နေလို့ ဖမ်းဆီးသွားတဲ့အထဲ မပါဘဲလွတ်သွားခဲ့ဘူး။ စစ်သားတွေ ဖမ်းဆီးခေါ်ဆောင်သွားတဲ့ အထဲမှာ ကျွန်မတို့ မိသားဝင်တွေလည်းပါသွားခဲ့တယ်။ စစ်သားတွေက ဖမ်းဆီးသွားတဲ့ အမျိုးသားနဲ့ အမျိုးသမီးတွေကို သီးသန့်စီခွဲထား ကြတယ်။ အမျိုးသားတွေကို ညင်းပန်းနှိပ်စက်ပြီး စစ်ဆေးမေးမြန်းကြတယ်။ ကျွန်မအဖေကိုလည်း ကေအိုင်အေစစ်သားပါဆိုပြီး စွပ်စွဲညှင်းပန်းနှိပ်စက်ခဲ့ကြတယ်။ ကျွန်မအဖေလည်း နောက်ဆုံးမှာ မခံနိုင်တော့လို့နေမှာ၊ ထွက်ပြေးတဲ့ အချိန်ကျတော့ စစ်သားတွေက အဖေ့ကို ပစ်သတ်လိုက်ကြတယ်။ အမှန်မှာတော့ ကျွန်မအဖေဟာ ကေအိုင်အေစစ်သား လုံးဝ မဟုတ်ရပါဘူး၊ ကချင်နှစ်ခြင်းခရစ်ယာန်အသင်းချုပ် (KBC) ရဲ့ အသင်းတော်က သင်းထောက်တစ်ဦးသာဖြစ်တယ်။

အဖေကို ဆုံးရှုံးသွားပြီးနောက် ကျွန်မတို့ မိသားစုကစစ်ပြေးရှောင်ရတာကြောင့် ကျွန်မ (၇) တန်းနှစ်မှာ ကျောင်းဆက်မတက်နိုင်တော့ပဲ၊ ကျောင်းထွက်လိုက်ရတယ်။ ကျွန်မက xxx ကျေးရွာမှာပဲ အိမ်ထောင်ပြုပြီး ဆက်နေထိုင်ခဲ့တယ်။ ကျွန်မအမျိုးသားက မိဘမဲ့ တစ်ဦးဖြစ်ပြီး သူ့ဆွေမျိုးတွေ ကြည့်ရှုစောင့်ရှောက်မှုအောက်မှာ ကြီးပြင်းလာသူဖြစ်တယ်။ ၂၀၀၁ ခုနှစ်မှာ ကျွန်မအမျိုးသား ဆုံးပါးသွားခဲ့ပြန်တယ်။ ကျွန်မမှာ ကလေး ၄ ယောက်နဲ့ မုဆိုးမဘဝရောက်ခဲ့ရတယ်။

၂၀၀၇ ခုနှစ်မှာ ကျွန်မနောက်အိမ်ထောင်ပြန်ပြုခဲ့တယ်။ ဒုတိယအိမ်ထောင်နဲ့ နောက်ထပ် ကလေးနှစ်ယောက် ထပ်ထွန်းကားခဲ့တော့ ကျွန်မမှာ သား၊ သမီး စုစုပေါင်း (၆) ယောက်ရှိပါတယ်။ ဒါပေမဲ့ ဒုတိယသမီးက အသက် (၅) နှစ်အရွယ်မှာ ကွယ်လွန်သွားခဲ့တယ်။ မိသားစုမှာ ငွေကြေးအရမ်းခက်ခဲတာကြောင့် ကျွန်မသမီးကြီး ခေါ်န်နန်စင်က (၉) တန်းမှာ ကျောင်းထွက်လိုက်ရတယ်။ ၂၀၁၀ - ၂၀၁၁ ခုနှစ်တွင် ကျွန်မသမီးကြီးက xxx ကျေးရွာမှာ ကချင်နှစ်ခြင်းအသင်းတော်က ဖွင့်လှစ်ထားတဲ့ မူကြိုကျောင်းမှာ မူကြိုဆရာမ လုပ်ခဲ့တယ်။

၂၀၁၁ ခုနှစ်၊ ဇွန်လတွင် ကချင်ပြည်နယ်မှာ စစ်ပွဲတစ်ကျော့ ပြန်ဖြစ်လာတာကြောင့် ကျွန်မတို့ မိသားစုက xxx ကျေးရွာကနေ xxxxx မြို့သို့ စစ်ဘေးတိမ်းရှောင်ထွက်ပြေးခဲ့ရပါတယ်။ သမီးကြီးခေါ်န်နန်စင်က စစ်ဘေးရှောင်နေချိန်အတောအတွင်း (၉) တန်း ကျောင်းပညာကို ဆက်လက်သင်ယူနိုင်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာ (၁၀) တန်းဖြေဆိုထားပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကောင်းခါးကျေးရွာရှိ ကချင်နှစ်ခြင်းအသင်းတော် (ကေဘီစီ) က ဖွင့်လှစ်ထားတဲ့ အသင်းတော် စာသင်ကျောင်းတွင် စေတနာ့ဝန်ထမ်း ဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ကျွန်မသမီးကြီးက သူရတဲ့ လစာထဲကနေ မိခင်များနေ့မှာ ကျွန်မကို ပေးဖို့လက်ဆောင်ဝယ်ထားကြောင်း ကျွန်မကို ဖုန်းဆက်ပြောပြလာပါတယ်။ ကျွန်မသမီး ဖုန်းဆက်လာပြီးနောက်တစ်ပတ်အကြာမှာတော့ ကောင်းခါ ကျေးရွာ၊ အသင်းတော်ကျောင်းက စေတနာ့ဝန်ထမ်းကျောင်းဆရာမ မရန်လုရာနဲ့ ကျွန်မသမီး ခေါ်န်နန်စင်တို့နှစ်ယောက်ကို စစ်သားတွေက နှိပ်စက်အဓမ္မပြုကျင့်သတ်ဖြတ်လိုက်ကြောင်းသတင်းဆိုးကို ကြားခဲ့ရပါတော့တယ်။

ကျွန်မသမီးနဲ့ ဆရာမ မရန်လုရာတို့က ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှာ သူတို့ နေထိုင်တဲ့ ကောင်းခါးကျေးရွာစေတနာ့ဝန်ထမ်း နေအိမ်မှာပဲ စစ်သားတွေက အုပ်စုလိုက် ရက်ရက်စက်စက် နှိပ်စက်ပြီး အဓမ္မပြုကျင့်သတ်ဖြတ်လိုက်တာဖြစ်ပါတယ်။ အဲဒီသတင်းကိုစပြီး ကြားကြားချင်း ကျွန်မနှလုံးခုန်ရပ်သွားသလို ခံစားလိုက်ရတယ်။ ဒီအဖြစ်အပျက်က ကျွန်မအတွက် အိပ်မက်ပဲ ဖြစ်ခဲ့မယ်ဆိုရင် ဘယ်လောက်များ ကောင်းမလဲလို့ စဉ်းစားမိပါတယ်။ ဒါပေမဲ့အိပ်မက် မဟုတ်ခဲ့ပါဘူး။ အမှန်တကယ်ဖြစ်ပျက်ခဲ့တာပါ။

သမီးကြီးခေါ်နန်စင်ကို ဆုံးရှုံးလိုက်ရတဲ့ ချိန်ဟာ ကျွန်မဘဝမှာ အမှောင်မိုက်ဆုံးအချိန် ဖြစ်ခဲ့တယ်။ ကျွန်မသမီးခေါ်နန်စင်နဲ့ဆရာမမရန်လုရာတို့ရဲ့ ရုပ်ကလပ်ကို ကချင်နှစ်ခြင်း အသင်းချုပ် (ကေဘီစီ) က တာဝန်ယူပြီး ကျန်တဲ့ ကချင်ပြည်သူများ၊ အခြားအရပ်ဘက် အဖွဲ့အစည်းများလည်း ပူးပေါင်းပြီးမူဆယ်မြို့နယ်၊ ကောင်းခါးရွာကနေ မြစ်ကြီးနားမြို့ အထိ ပြည်ထောင်ဆုလမ်းမကြီး အတိုင်းသယ်ဆောင်လာခဲ့ပေးကြသလို၊ ဆုတောင်း ဈာပနအခမ်းအနားကိုလည်း ကောင်းကောင်းမွန်မွန်နဲ့ လုပ်ပေးခဲ့ကြပါတယ်။ ဒီလို အသိ အမှတ်ပြု ဝန်းရံပေးကြတာကြောင့် ကျွန်မရဲ့ ဝမ်းနည်းပူဆွေးမှုတွေ တစုံတရာ ဖြေသာခဲ့ ပါတယ်။ သို့ပေမဲ့လည်း တစ်ယောက်ထဲ ရှိနေချိန်မျိုးမှာတော့ အမြဲတမ်း ငိုကြွေး၊ ဝမ်းနည်းပူဆွေးနေတတ်ပါတယ်။

၂၀၁၅ ခုနှစ်မှာ ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) မှ ကြီးမှူးပြီး လုပ်ဆောင်တဲ့ ရှင်သန်လွတ်မြောက်သူ အမျိုးသမီးများရဲ့ နှီးနှောဖလှယ်ပွဲ အစီအစဉ်တွင် ကျွန်မကို ဖိတ်ခေါ်ခဲ့လို့ ပါဝင်ခွင့်ရခဲ့တယ်။ အခြားသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုမှ ရှင်သန် လွတ်မြောက်လာသူ အမျိုးသမီးများနဲ့ တွေ့ဆုံခဲ့ရာကနေ ကျွန်မရဲ့ ပူဆွေးဝမ်းနည်းမှုတွေ တဖြည်းဖြည်းနဲ့ နလန်ပြန် ထူလာနိုင်ခဲ့တယ်။ အဖြစ်အပျက်တွေကို မေ့နိုင်သွားတာ တော့ မဟုတ်ပေမဲ့လည်း ကျန်ရှိနေတဲ့ မိသားစုရှေ့ရေးကို တည်ဆောက်ဖို့ လိုအပ်နေတဲ့ အတွက် စိတ်ဒဏ်ရာကို သက်သာအောင်ကြိုးစားခဲ့တယ်။ သင်တန်းနဲ့ အလုပ်ရုံ ဆွေးနွေးပွဲတွေမှာ ပါဝင်ခြင်းအားဖြင့်လည်း ဆက်လက်ရှင်သန်ရပ်တည်နိုင်ဖို့အတွက် မိမိကိုယ်ကို ဂရုစိုက်ဖို့ အရေးကြီးကြောင်းကို သင်ယူခဲ့ရတယ်။ နောက်ပိုင်းတွင် ကစီကဂျာ (Kasi Kaja) လို့ခေါ်တဲ့ ရှင်သန်လွတ်မြောက်သူ အမျိုးသမီးများအဖွဲ့ကို စတင်စုဖွဲ့တည် ထောင်သူ ၅ ဦးထဲမှ တစ်ဦးအဖြစ် အဖွဲ့တွင် ပါဝင်လှုပ်ရှားလာခဲ့ပါတယ်။ လူ့အခွင့်အရေး ချိုးဖောက်ခံရသူများအတွက် ရပ်တည်ပေးနိုင်တဲ့ အဖွဲ့အစည်းတစ်ခုအနေဖြင့် အမြဲတမ်း တည်မြဲအောင် ပါဝင်လုပ်ဆောင်သွားဖို့ ဆုံးဖြတ်ထားပါတယ်။

စိတ်သောကတွေကြား ကြိုးစားပြီး ရှင်သန်ရပ်တည်နေချိန်မှာ ကိုဗစ်ကပ်ရောဂါကြောင့် အခက်အခဲမျိုးစုံကိုလည်း ကြုံတွေ့ခဲ့ရသည်။ စစ်ရှောင်စခန်းအပြင်ဘက်ထွက်ပြီး အလုပ် အကိုင်ဘာမှ လုပ်မရသလို၊ အပြင်ကို ထွက်ပြီးရင်လည်း စစ်ရှောင်စခန်းအထဲ ပြန်ဝင်မရ တာဖြစ်ပြီး အခက်အခဲမျိုးစုံနဲ့ ဒုက္ခမျိုးစုံခံရကြရတယ်။ အခုလိုစစ် အာဏာပြန်သိမ်းတော့ ကျွန်မတို့ စစ်ရှောင်တွေအတွက် ပိုတောင်ဆိုးသွားပါပြီ။ အပြင်ထွက်ပြီးပိုက်ဆံ ရှာဖို့ အတွက်လည်း လုံခြုံမှုကမရှိ၊ ကုန်းဈေးနှုန်းတွေကအဆမတန်တက်နေတော့ ကျွန်မတို့ မိသားစုဆိုရင် အရင်ကထက် ပိုတောင်ခက်ခဲသွားခဲ့သည်။ စစ်အာဏာသိမ်းပြီးနောက် ငွေကြေးအကြပ်အခက်များစွာ ရှိနေသော်လည်း ကလေးတွေ၏ ပညာရေးကို အလေး ထားကာ ပံ့ပိုးဆောင်ရွက်ပေးနေရသည်။

ကျမတို့ စစ်ရှောင်တွေကို အာဏာသိမ်း စစ်ကောင်စီက ဒီနှစ် ၂၀၂၃ အတွင်း မိမိတို့ နေရပ် ကို အပြီးပြန်ခိုင်းဖို့ စီစဉ်ဆောင်ရွက် နေကြပါတယ်။ ကျွန်မတို့ စစ်ရှောင်တွေအားလုံးက မိမိတို့ရပ်ရွာပြန်ဖို့အတွက် စိုးရိမ်နေကြပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကျွန်မတို့ ပြန်သွားနေရမဲ့ ရွာတွေမှာ ကျမတို့ကို နှိပ်စက်သတ်ဖြတ်မဲ့ စစ်တပ်စစ်ကြောင်းတွေ ရှိနေ လို့ပါပဲ။ လုံခြုံမှုမရှိ သေးပဲနေရပ်ကို အတင်းအဓမ္မပြန်ခိုင်းတာကို မလုပ်စေချင်ပါဘူး။ ခုလို တိုက်ပွဲတွေ ပိုဖြစ်လာနေချိန်မှာ ကျွန်မတို့ စစ်ရှောင်တွေကို တိုက်ပွဲတွေ အချိန်မရွေး ဖြစ်လာနိုင်တဲ့ ဒေသကို ပြန်ခိုင်းမယ်ဆိုတာ အရင်ကအဖြစ်အပျက်တွေမျိုး ထပ်ကြုံတွေ့ စေဖို့ တွန်းအားပေးတာနဲ့ တူပါတယ်။ “ကျွန်မရဲ့ဘဝတစ်လျှောက်လုံး ငယ်စဉ်ကလေး ဘဝကတည်းက အခုအချိန်ထိ စစ်ပွဲပဋိပက္ခတွေကြားမှာ လူ့အခွင့်အရေးချိုးဖောက်မှု တွေ အကြိမ်ကြိမ်ကြုံတွေ့ခံစားခဲ့ရပေမဲ့လည်း တရားမျှတမှုကို တစ်ကြိမ်တစ်ခါမျှပင် မရရှိခဲ့ဖူးပါ။ ကျူးလွန်သူများအား အပြစ်ပေးအရေးယူပေးခြင်းမျိုးလည်း တစ်ခါမှ မတွေ့ ဖူးပါ။ ကျူးလွန်သူများကို အပြစ်ပေးမှုမှ ကင်းလွတ်ခွင့်၊ လွတ်ငြိမ်းချမ်းသာခွင့် ပေးထား ကြတာကို တွေ့ရတယ်။ ဒီလိုကင်းလွတ်ခွင့်ပေးထားခြင်းအားဖြင့် ထပ်မံကျူးလွန်ဖို့အား ပေးနေတာနဲ့ တူပါတယ်။ ဒါကြောင့်ကျူးလွန်သူတွေကို ထိထိရောက်ရောက် အရေးယူမှု တွေ လုပ်ခိုင်းစေချင်ပါတယ်။”

ကျွန်မအနေနဲ့ အပြစ်မဲ့ ပြည်သူတွေကိုမ တရားဖမ်းဆီးသတ်ဖြတ်တာတွေ မလုပ်ကြဖို့ တောင်းဆိုချင်ပါတယ်။ ပြည်သူလူထုအသံကို နားထောင်ပြီး လူတိုင်းလူ့အခွင့်အရေး အပြည့်အဝရရှိအောင် လက်တွေ့ဖော်ဆောင်ပေးနိုင်တဲ့ အစိုးရမျိုးလဲ ရရှိချင်ပါတယ်။ ဒါမှသာ ကျွန်မတို့ နိုင်ငံက တရားမျှတပြီး စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို ရရှိလာမယ်လို့ ယုံကြည်ပါတယ်။

# ဒွဲရာ

ကျွန်မနာမည်က ဒွဲရာ လို့ခေါ်ပါတယ်။ ကျွန်မက ယခု ခုနှစ် ၂၀၂၃ မှာ အသက် ၂၃ နှစ်ရှိပြီ။ ကျွန်မ အိမ်ထောင်မပြုခင် ကချင်ပြည်နယ်၊ xxxxx မြို့၊ xxx ကျေးရွာတွင်နေထိုင်ခဲ့တယ်။ ကျွန်မအသက် ၁၅ နှစ်မှ ၁၈ နှစ်အတောအတွင်း ကျမ်းစာသင်တန်းကျောင်းတက်ရင်း စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့တယ်။ ကျွန်မ အမေဆုံးသွားတော့ ကျွန်မအဖေရဲ့ စောင့်ရှောက်မှုနဲ့ပဲ ကြီးပြင်းခဲ့ရတယ်။

ကျွန်မကျမ်းစာကျောင်း ၄ နှစ် တက်နေချိန်ကာလအတွင်း ပယင်းရောင်းရင်း အလှပြင်ဆိုင်မှာလဲ အလုပ်လုပ်ကိုင်ခဲ့ပါတယ်။ အိမ်အကူလည်း လုပ်ခဲ့ဖူးတယ်။

ကျွန်မအသက် ၁၉ နှစ်မှာ အိမ်ထောင်ကျခဲ့တယ်။ အိမ်ထောင်ကျပြီးနောက် ကျွန်မအမျိုးသားက အပြင်ထွက်ပြီး လုပ်ရသည့် အလုပ်တွေကို လုပ်ဖို့ လုံးဝခွင့်မပြုတော့ပါဘူး။ ကျမတို့ အိမ်က ရောဝတီမြစ်ကမ်းဘေးနားမှာရှိပြီး ရွှေဖောင်လုပ်ငန်းနဲ့ ရေငုပ်ကျင်းဖြင့် ရွှေတူးတဲ့ လုပ်ငန်းကို အဓိကလုပ်ကိုင်ပါတယ်။ ကျွန်မတို့ လင်မယားမှာ သားလေးတစ်ယောက်ထွန်းကားခဲ့တယ်။ အိမ်ထောင်ပြုပြီး ၃ နှစ်အကြာ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ၊ ၁၈ ရက်ညမှာတော့ မြန်မာစစ်သားတွေက ကျွန်မအမျိုးသားကို ပစ်သတ်ပြီး ကျမတို့ အိမ်ခြံဝင်းထဲမှာပဲ မီးရှို့တာခံလိုက်ရပါတယ်။ ကျွန်မမှာ ငွေကြေးအခက်ခဲကြောင့် အမျိုးသားရဲ့ ရက်လည်ဆုတောင်းပွဲကိုတောင် ဆန်ပြုတ်ပဲ ကျွေးနိုင်ခဲ့ပါတယ်။



ကျွန်မအိမ်ထောင်ကျပြီး သုံးနှစ်အတွင်းအမျိုးသားက ဘာမှ မလုပ်ခိုင်းတော့ သူဒီလို ယုတ်တရက်ဆုံးသွားတဲ့အချိန်မှာ ကျွန်မကဘာမှ မလုပ်ကိုင်တတ်တော့ပါဘူး။ သူရှိစဉ်တုန်းက ကျွန်မကို ဖုန်းတောင် မသုံးခိုင်းဘူး။ အခုတော့ ကျွန်မမှာ အားကိုးရာမဲ့ဖြစ်ခဲ့ရပြီ။

**ကျွန်မဘဝမှာ ဒီလိုအဖြစ်ဆိုး ကြုံခဲ့ရလိမ့်မယ်လို့ မထင်ထားခဲ့ဘူး။ ကျွန်မဘဝမှာ ဒီထက်အဖြစ်ဆိုးဝမ်းနည်းတဲ့ ဘဝတော့ နောက်ထပ်မကြုံချင်တော့ပါဘူး။ ဒီအဖြစ်အပျက်က ကျွန်မအတွက် အပြင်းထန်ဆုံး ဝေဒနာပါ၊ ဘာနဲ့မှ နိုင်းလို့မရအောင် ခံစားခဲ့ရတယ်။ ကျွန်မအမျိုးသားကို စစ်သားတွေက သေနတ်နဲ့ ပစ်သတ်ပြီးတော့ အလောင်းကို ကျွန်မတို့ ခြံမှာပဲ မီးရှူနေချိန် ကျွန်မမှာ ရှူးမတတ်ခံစားခဲ့ရတယ်။ လောကမှာ တွေ့ဆုံပြီး ခွဲခွာခြင်းလည်း ရှိတယ်ဆိုတဲ့တရားကို ကျွန်မသိပေမဲ့ ဒီအဖြစ်အပျက်က ကျွန်မတို့ မိသားစုအတွက် အင်မတန်ကိုမှ ဆိုးဝါးလွန်းလှပါတယ်။ ကျွန်မမှာ သားလေးစိတ်နဲ့ပဲ ဆက်လက်ရှင်သန်ရပ်တည်နေနိုင်ဖို့ အားတင်းထားရတယ်။ ကျွန်မခံစားနေရတဲ့ ပြင်းထန်လှ စိတ်ဒဏ်ရာ၊ နာကြင်မှုတွေကို ဆုတောင်းခြင်းနဲ့ပဲ ဆက်လက်ရပ်တည်နိုင်ဖို့ ကြိုးစားနေပါတယ်။**

ခုအချိန်မှာ ကျွန်မနဲ့ ကျွန်မသားလေးရဲ့ စားဝတ်နေရေးအတွက် ကျွန်မနိုင်တဲ့ရာ ကျပန်းအလုပ်တွေကို လုပ်ကိုင်ပြီးဝင်ငွေရှာနေရတယ်။ အိမ်ထောင်မပြုခင်က ကျွန်မဟာ ကိုယ့်ဖာသာ ရပ်တည်နိုင်အောင် ကြိုးစားနိုင်ခဲ့တဲ့ အမျိုးသမီးတစ်ယောက်ပါ။ အခုတော့ အပြင်အလုပ်တွေ မလုပ်မကိုင်တာကြာသွားတော့ ကိုယ့်ကိုယ်ကိုလည်း ယုံကြည်မှုမရှိတော့ဘူး။ မလုပ်ရဲ မကိုင်ရဲဖြစ်နေပါတယ်။ ကျွန်မမှာ အဝတ်အစားတောင်မှ သူငယ်ချင်းတွေပေးတာတွေကို ဝတ်နေရတယ်။ ကျွန်မအပေါ် နားလည်ကူညီပေးတတ်တဲ့ သူငယ်ချင်း၊ မိတ်ဆွေတွေရှိနေလို့ ကျွန်မမှာ အနည်းငယ် ဖြေသာနိုင်ခဲ့ပါတယ်။



ဒီအဖြစ်အပျက်တွေကြုံပြီးနောက် ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) ကျွန်မကို အခြားသော ရှင်သန်လွတ်မြောက်သူအမျိုးသမီးတွေနဲ့ တွေ့ဆုံနိုင်ဖို့ စီစဉ်ပေးခဲ့မှုကြောင့် ကျွန်မမိသားစုတွေလို လူ့အခွင့်အရေးချိုးဖောက်ခံရတဲ့ အဖြစ်အပျက်တွေအများကြီး ရှိနေတယ်ဆိုတာကို သိရှိလာခဲ့ပါတယ်။ ကျွန်မတစ်ယောက်တည်းပဲ ဒီလိုဖြစ်ပျက်ခံစားနေရတာ မဟုတ်ကြောင်းကို ကျွန်မကောင်းကောင်း သိနားလည်လာခဲ့ရတယ်။ ကျွန်မအနေနဲ့ ခုလိုရှင်သန်လွတ်မြောက်သူအမျိုးသမီးများရဲ့ တွေ့ဆုံဆွေးနွေးဖလှယ်ပွဲတွေကို တက်ရောက်ရခြင်းအားဖြင့် မိမိခံစားချက်တွေကို ယုံကြည်စိတ်ချစွာ ရင်ဖွင့်ပြောဆို ဖလှယ်နိုင်ခဲ့တဲ့အတွက် မိမိကိုယ်ကို ပြန်လည်တည်ဆောက်နိုင်ဖို့ အားအင်တွေ ရရှိခဲ့တယ်။

ကျွန်မအနေနဲ့ ဘာအပြစ်မှမရှိတဲ့ ပြည်သူတစ်ယောက်ကို အခုလို လူမဆန်စွာ သတ်ဖြတ်လိုက်မှုကို တရားဥပဒေအရ ရင်ဆိုင်ဖြေရှင်းချင်တယ်။ ဒါကြောင့် ကျွန်မတို့နဲ့သက်ဆိုင်တဲ့ တာဝန်ရှိသူတို့တွေဆီ စာနဲ့ လျှောက်လဲတင်ပြတောင်းဆိုထားပါတယ်။ ဒါပဲမယ့် အခုထိ ဘာမှ တုန့်ပြန်အကြောင်းကြားမှု မရှိသေးဘူး။ အဖြေတခုခုတော့ ရချင်ပါတယ်။

ကျွန်မတို့ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးချိုးဖောက်ခံရမှု ဖြစ်ရပ်တွေ၊ စစ်တပ်ရဲ့ လူမဆန်ရက်စက်သတ်ဖြတ်နေမှုတွေကို အရေးယူမှုတွေ လုပ်ဆောင်ရွက်ပေးဖို့ တောင်းဆိုချင်ပါတယ်။ "လူ့အခွင့်အရေးချိုးဖောက်ခံရတဲ့ မိသားစုက ကလေးငယ်တွေ ပညာသင်ကြားနိုင်ဖို့အတွက် ပံ့ပိုးကူညီပေးကြဖို့ကိုလဲ တောင်းဆိုချင်ပါတယ်။" ကျွန်မတို့ နိုင်ငံအမြန်ငြိမ်းချမ်းစေချင်ပါတယ်။



# ထုဂျာ

ကျွန်မနာမည်က ထုဂျာ လို့ခေါ်ပါတယ်။ ကျွန်မမှာ မွေးချင်းမောင်နှမ (၅) ယောက်ရှိပါတယ်။ အဖေက နောက်အိမ်ထောင်ပြုသွားတော့ ကျွန်မတို့ မောင်နှမတို့က အမေနဲ့အတူ နေရပါတယ်။ ကျွန်မတို့ မောင်နှမတွေက ရှမ်းပြည်မြောက်ပိုင်း၊ မူဆယ်ခရိုင်၊ xxxxx မြို့၊ xxx ကျေးရွာမှာ နေထိုင်ကြီးပြင်းခဲ့ပါတယ်။ ကျွန်မတို့ မောင်နှမတွေကို လူလားမြောက်တဲ့အထိ အမေတစ်ယောက်တည်းပဲ ပင်ပန်းခက်ခဲစွာ ရှာဖွေကျွေးမွေး၊ ပြုစုစောင့်ရှောက်ခဲ့ရရှာပါတယ်။ ကျွန်မဘဝမှာ ဘယ်တော့မှမမေ့နိုင်တဲ့ အတွေ့အကြုံတစ်ခုက စားဖို့ဆန်မလောက်လို့ ဖရုံသီး၊ ပြောင်းတွေနဲ့ရောပြီး ဆန်ပြုတ်ပဲသောက်ခဲ့ရတဲ့အတွေ့အကြုံဖြစ်ပါတယ်။ ငယ်စဉ်က ကြုံတွေ့ခဲ့ရတဲ့အခက်ခဲတွေကို ပြန်စဉ်စားလိုက်တိုင်း ကျွန်မ အသက်ရှူကျပ်လာသလိုခံစားရတယ်။

၂၀၀၇ ခုနှစ် ကျွန်မအသက် ၂၀ အရွယ်မှာ အဖော်နှင့် အိမ်ထောင်ပြုခဲ့ပါတယ်။ ကျွန်မအိမ်ထောင်ပြုပြီး သား၊သမီး (၅) ယောက်မွေးဖွားခဲ့ပါတယ်။ ကျွန်မခင်ပွန်းက မိသားစုစားဝတ်နေရေးအတွက် လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ပါတယ်။

၂၀၁၇ ခုနှစ်တွင် ကျွန်မအမျိုးသားကို ဗမာစစ်သားတွေက ကေအိုင်အေအတွက် မိုင်းထောင်၊ မိုင်းဖောက်ခွဲပေးသူလို့ စွပ်စွဲပြီး သူ့ကို သေနတ်နဲ့ပစ်ခတ်လိုက်တာကြောင့် ညာဘက်လက်ပြတ်သွားခဲ့ရပါတယ်။ သူ့ကို ညင်းပန်းနှိပ်စက်တာအပြင် ၁၇/၁ ပုဒ်မနဲ့ ဖမ်းဆီးချုပ်နှောင်ပြီး ထောင်ဒဏ် ၂ နှစ်နဲ့ ၃လ ချလိုက်ပါတယ်။ ကျွန်မအမျိုးသားထောင်ကျသွားတဲ့အချိန်မှာ ကျွန်မတစ်ယောက်တည်း ကလေးတွေကို ပြုစုစောင့်ရှောက်ခဲ့ရတယ်။ ကလေးတွေရဲ့ ပညာရေးကို ပြုစုပျိုးထောင်ပေးချင်သော်လည်း ကျွန်မတစ်ယောက်တည်းရှာဖွေပြီး ဘယ်လိုမှ မထောက်ပံ့နိုင်တော့တာကြောင့် ကျွန်မရဲ့ သားကြီးကို မိဘမဲ့ကျောင်းသို့ ပို့ထားရပါတယ်။ ကျွန်မသားကို အရမ်းတွေ့ချင်ပေမဲ့လည်း ဒီနေ့ထိသွားမတွေ့နိုင်သေးပါဘူး။ မုန့်ဖိုးလည်းတစ်ခါမှ မပို့ပေးနိုင်သေးပါဘူး။ ကျွန်မသားကို အရမ်းသတိရတယ်။ ကျွန်မသမီးကြီးကလည်း စိတ်ဒဏ်ရာတွေကြောင့် အိမ်ထဲမှာပဲနေပြီး အပြင်တောင် မထွက်ဘူး၊ ကျွန်မမှာ နို့ဆို့အရွယ်ကလေးလည်းရှိတယ်။ ကလေးနို့ခွဲဖို့ နို့မုန့်ဖိုးတောင်မတတ်နိုင်လို့ နို့မခွဲဖြစ်သေးဘူး။ ကလေးတစ်ဖက်နဲ့ ကျွန်မနေ့စားလိုက်တယ်၊ ကလေးပိုးထားပြီး ကြံခုတ်လည်းလိုက်တယ်။ ဆန်ဝယ်စားနိုင်ဖို့ ကျွန်မကြိုးစားရတယ်။ နေ့စားကလည်း နေ့တိုင်းမရှိတော့ ပုံမှန်ဝင်ငွေမရှိဘူး။ နေ့စားအလုပ်မရှိတဲ့နေ့ဆို ထင်းခွေရောင်းတယ်။ တစ်ခါတလေ ဆန်မလောက်လို့ ကျွန်မငယ်စဉ်ကလေး ဘဝတုန်းက စားခဲ့ရသလို ဖရုံသီး၊ ပြောင်းတွေရောပြီး ဆန်ပြုတ်လုပ်သောက်ရတဲ့အချိန် ရှိတယ်။ တစ်ခါတစ်လေ ကျွန်မကလေးတွေ ဝအောင်အရင်စားပြီးမှ ကျွန်မက အကြွင်းအကျန်တွေကို ပြန်စားတယ်။

ကျွန်မအမျိုးသားထောင်ကနေ ထွက်လာတော့ လက်တစ်ဖက်ကလည်း မသန်စွမ်းတော့တာကြောင့် အရင်လို အလုပ်ကြမ်း မလုပ်နိုင်တော့ဘူး။ ကျွန်မအမျိုးသားဟာ ထောင်တွင်း နှိပ်စက်ခံရမှုတွေကြောင့် ထောင်ကနေထွက်လာတော့ ခန္ဓာကိုယ် အတွင်းရော၊ အပြင်ပိုင်းရော ဒဏ်ရာတွေပါရပြီး ထွက်လာခဲ့တယ်။ စိတ်ဒဏ်ရာတွေလဲ ရလာခဲ့တယ်။ အတွင်းပိုင်းဒဏ်ရာတွေကို မူးယစ်ဆေးသောက်ရင် အနာသက်သာတယ်ဆိုပြီး စသောက်ခဲ့ရင်းနဲ့ နောက်တော့ မူးယစ်ဆေးလုံးလုံးကို စွဲသွားခဲ့ပါတော့တယ်။ ကျွန်မယောက်ျား မူးယစ်ဆေးစွဲသွားပြီးနောက်ပိုင်းကစပြီး မိသားစုအတွင်း အကြမ်းဖက်မှုပြဿနာတွေလည်း ကြုံတွေ့ခံစားနေရပါတယ်။ သူမူးယစ်ဆေးသုံးစွဲဖို့ ငွေတောင်းတဲ့



အခါ ကျွန်မက မပေးနိုင်ရင် ကျွန်မကို ရိုက်နက်တာမျိုးအထိ လုပ်လာတယ်။ ကျွန်မအတွက် အားကိုးရမဲ့သူဆိုတာ မရှိတော့ပါဘူး။ သူ့ကိုဘာမှ ပြောလို့လည်း မရဘူး။ အခုချိန် ကျွန်မကယောက်ျားကို ကြောက်နေရတယ်။ သူအသက်ရှင်နေသေးလို့ ကလေးတွေအဖေခေါ်စရာ ရှိနေသေးတယ်ဆိုရုံလေးတစ်ခုပါပဲ။

**အရင်အိမ်ထောင်စပြုတုန်းကလိုမျိုး မိသားစုမှာ ပျော်ရွှင်မှုဆိုတာ ကျွန်မ မခံစားရတော့ဘူး။ အခက်အခဲတွေကြား စိတ်ဒုက္ခဝေဒနာတွေနဲ့ အမြဲနေထိုင် နေရတယ်။ ခဏခဏအိမ်တွင်းခံအကြမ်းဖက်ခံရမှုကြောင့် ကျွန်မရဲ့ ခန္ဓာကိုယ်မှာ ဒဏ်ရာဒဏ်ချက်တွေရခဲ့တယ်။ ဒီလိုဖြစ်ရခြင်း အခြေခံအကြောင်းအရင်းကို စမ်းစစ်ကြည့်ရင် စစ်တပ်က ကျွန်မယောက်ျားကို မတရားဖမ်းဆီးညင်းပန်းနှိပ်စက်မှုကြောင့် အိမ်တွင်းအကြမ်းဖက်မှုအထိ ဖြစ်လာခဲ့တာပဲလို့မြင်ပါတယ်။ ဒီနောက် ဆက်တွဲ ဆိုးကျိုးတွေကို ကျွန်မတို့ သားအမိတွေက ခံစားနေရတယ်။ ဒီလိုဒုက္ခမျိုး အခြားဘယ်သူ့ကိုမှ မခံစားစေချင်ဘူး။**

ကျွန်မတို့လို ရှင်သန်လွတ်မြောက်သူအမျိုးသမီးများ လွတ်လွတ်လပ်လပ် ထုတ်ဖော်ပြောလို့ရတဲ့ နေရာမျိုး လိုအပ်ပါတယ်။ ရှင်သန်လွတ်မြောက်သူတွေရဲ့ အခွင့်အရေးနဲ့ ဘဝပြန်လည်ထူထောင်ရေးတို့အတွက် လိုအပ်တဲ့ နည်းပညာနဲ့ အရင်းအနှီးတွေလည်း ဝိုင်းဝန်းကူညီပံ့ပိုးပေးဖို့လည်း တောင်းဆိုချင်ပါတယ်။ ကျွန်မလည်း အိမ်မှာနေရင်း ဝင်ငွေရှာလို့ရမဲ့ အလုပ်မျိုးလုပ်ကိုင် ချင်ပါတယ်။ မြန်မာနိုင်ငံလဲ စစ်မှန်တဲ့ ငြိမ်းချမ်းရေး အမြန်ဆုံး ရရှိလာဖို့မျှော်လင့်ပါတယ်။

# ခေါန်အောင်

ကျွန်မနာမည် ခေါန်အောင် လို့ခေါ်ပါတယ်။ ငယ်စဉ်ကရှမ်းပြည်နယ်မြောက်ပိုင်း၊ xxxxx မြို့၊ xxx ကျေးရွာမှာ နေထိုင်ခဲ့ပါတယ်။ ကျွန်မ မိဘတွေက ကျွန်မကို ကျောင်းပညာသင်ကြားခွင့်ပေးခဲ့တာကြောင့် ကျောင်းနေခဲ့ရတယ်။ ကျွန်မတတိယတန်းရောက်တော့ ညာဘက်မျက်လုံးထိခိုက်မိပြီး ကျောင်းနားလိုက်ရတယ်။ ကျွန်မတို့မိဘတွေက ကျပန်းနေ့စားအလုပ်တွေ လုပ်ပြီး ကျွန်မတို့ မောင်နှမတွေကို ကျွေးမွေးစောင့်ရှောက်ကြတယ်။ အဖေနဲ့ အမေကိုလည်း အရမ်းကျေးဇူးတင်တယ်။

ကျွန်မအသက် ၁၇ အရွယ်မှာ ကျွန်မအမျိုးသားဖြစ်သူ အဂွန်းနဲ့ အိမ်ထောင် ပြုခဲ့ပြီး xxxxx မြို့၊ xxx ကျေးရွာမှာ နေထိုင်ခဲ့တယ်။ ကျွန်မတို့မှာ သား (၃) ယောက်နဲ့ သမီး (၂) ယောက်ရှိပါတယ်။ ကျွန်မတို့ လင်မယားလည်း သားဆက်ခြားမိသားစုစီမံကိန်းတွေလည်း နားမလည်ခဲ့တာကြောင့် တစ်နှစ်ကိုကလေးတစ်ယောက်နှုန်းနဲ့ တစ်ယောက်ပြီးတစ်ယောက် မွေးခဲ့တယ်။ ကျွန်မတို့ မိသားစုက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ပါတယ်။။

၂၀၁၆ ခုနှစ်အတွင်း xxxxx မြို့၊ xxx ကျေးရွာတွင် နိုင်ငံရေး၊ စစ်ရေးအခြေအနေတွေတင်းမာပြီး မတည်မငြိမ်ဖြစ်နေခဲ့ပါတယ်။ ကျွန်မအမျိုးသားက မိသားစုဝင်ငွေရှာဖို့အတွက် နွားကုန်သည်တွေရဲ့ နွားဆွဲပို့ပေးဖို့အတွက် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် xxx ကျေးရွာကနေ xxxxx မြို့၊ ဘက်ကိုခရီးထွက်သွားခဲ့တယ်။ အဲဒီနေ့ကစပြီး ကျွန်မအမျိုးသားက ဒီနေ့အထိ အိမ်ကို ပြန်ရောက်မလာခဲ့ပဲ ပျောက်ဆုံးနေပါတယ်။ ကျွန်မတို့သားအမိတွေနဲ့ ဆွေမျိုး သားချင်းတွေအားလုံး နည်းလမ်းမျိုးစုံနဲ့ ဝိုင်းဝန်းစုံစမ်းရှာဖွေခဲ့ကြပေမဲ့လည်း ဒီနေ့အထိသေလား၊ ရှင်သလားတောင် ကျွန်မတို့ မသိရဘူး။ အဲဒီရက်အတောအတွင်း xxxxx မြို့၊ xxx ကျေးရွာတွင် တိုက်ပွဲဖြစ်နေပြီး မြန်မာစစ်တပ်က လေယာဉ်နဲ့ ဗုံးကျဲမှုတွေ လုပ်နေချိန်လည်းဖြစ်ပါတယ်။



**“ကျွန်မအမျိုးသားပျောက်သွားတဲ့အချိန်မှာ အငယ်ဆုံး သမီးလေးက အသက် (၉) လ အရွယ်ထဲမှာပဲ ရှိပါသေးတယ်။ ကျွန်မတို့ ကလေးတွေလည်း အဖေဘာကြောင့် ပြန်မလာတာလဲဆိုပြီး ကျွန်မကို မေးရင်းငိုကြတယ်။ ကလေးတွေ ငိုရင် ကျွန်မလည်း ဝမ်းနည်းပြီး အကြိမ်ကြိမ်ငိုခဲ့ရတယ်။ ကျွန်မက အသက် ၁၇ နှစ်မှာအိမ်ထောင်ကျပြီးအသက် ၃၀ မှာ မုဆိုးမ ဖြစ်ခဲ့ရတယ်။”**

ကျွန်မအမျိုးသားပျောက်ဆုံးသွားတော့ ကလေး (၅) ယောက်ကို ကျွန်မတစ်ယောက်ထဲ ဘယ်လိုများ ပြုစုပျိုးထောင်ရမလဲ၊ နေ့စဉ်စားဝတ်နေရေးအတွက်လည်း ဘယ်လိုဖြေရမလဲ စသဖြင့် အမြဲပူပင်နေရတယ်။ အခုအချိန်မှာ ကျွန်မအနေနဲ့ ကျပန်းအလုပ်တွေ လုပ်ကိုင်ပြီး သား၊ သမီးတွေကို ကျွေးမွေးစောင့်ရှောက်နေရပါတယ်။ ကျွန်မကလေးတွေကို ပညာတတ်ဖြစ်စေချင်တာကြောင့်ကျောင်းထားပေးတယ်။ ကျွန်မအလုပ် အရမ်းလုပ်တာကြောင့် နောက်ပိုင်းမှာ ကျန်းမာရေး ချူချာလာတယ်။ ကျွန်မနေမကောင်းမဖြစ်အောင်လည်း ကျွန်မကိုယ်ကိုကျွန်မ ဂရုတစိုက်၊ သတိထားပြီးနေထိုင်တယ်။

ကျွန်မအမျိုးသားရဲ့ အဖြစ်အပျက်နဲ့ပတ်သက်ပြီး ကျွန်မဘယ်တော့မှ မေ့လို့ရမှာမဟုတ်ဘူး။ သူက ကျွန်မကို အရမ်းချစ်တယ်။ ကလေးတွေကိုဆို ကျွန်မထက် ပိုချစ်တတ်ပြီး အရမ်းဂရုစိုက်တတ်တယ်။ ကျွန်မသမီးက သူ့အဖေကို အိပ်မက်အမြဲ မက်တယ်လို့ ပြောတယ်။ သူ့အိပ်မက်ထဲမှာ အဖေက ပြန်လာပြီး၊ အိမ်ရှေ့မှာ ရောက်နေလို့ သမီးက တံခါးသွားဖွင့်ပေးတယ်။ အဲဒါကတကယ်မဟုတ်ပဲ အိပ်မက်ဖြစ်နေတယ်လို့ ပြောပြလေ့ရှိတယ်။ သူဒီလိုအိမ်မက်မက်ပြီး လန့်နိုးလာတိုင်း သူ့အဖေကို သတိရပြီး ငိုနေလေ့ရှိတယ်။ ကျွန်မသမီးအငယ်ဆုံးလေးကလည်း ကျွန်မကို အမေရယ်၊ သူငယ်ချင်းတွေက

အဖေလို့ခေါ်ရမဲ့ အဖေရှိတယ်။ ကျွန်မတို့ အဖေက ဘယ်သွားတာလဲ” ဆိုပြီး မေးလာတိုင်း ကျွန်မမှာ တိတ်တဆိတ် ငိုကြွေးခဲ့ရတယ်။ ကျွန်မမှာ အမျိုးသားမရှိတော့တာကြောင့် ဘေးပတ်ဝန်းကျင်ရဲ့ အထင်အမြင်သေးခြင်းကိုလည်း ကြုံတွေ့ခံစားရတယ်။ ကျွန်မမှာ လင်ယောကျ်ားမရှိတာကြောင့် နားမလည်၊ မစာနာတတ်တဲ့ ပတ်ဝန်းကျင်က လူအချို့က အထင်အမြင်သေးတာလည်း ကြုံတွေ့ခံစားခဲ့ရတယ်။

ကျွန်မငယ်စဉ်က မိဘတွေနဲ့ ကြာကြာအတူမနေခဲ့ရသလိုပဲ အခုကျွန်မကလေးတွေလည်း ငယ်စဉ်ကလေးဘဝကတည်းက မိဘစုံစုံလင်လင်နဲ့ အတူမနေကြရရှာဘူး။ မိသားစုရဲ့ နွေးထွေးတဲ့ မေတ္တာကို ကျွန်မဘဝမှာ လိုချင်နေမိတယ်။ ဘယ်လိုအခြေအနေမျိုးမှာပဲ ဖြစ်ဖြစ် ကျွန်မတို့ မိသားစုကို ဘုရားသခင်စောင့်ရှောက်မှာပါဆိုတဲ့ ယုံကြည်မှုနဲ့ပဲ အသက်ဆက်ရှင်သန်နေနိုင်တာပါ။ ဘာပဲဖြစ်ဖြစ် ကျွန်မသားသမီးတွေ ကျန်းကျန်းမာမာနဲ့ ကြီးပြင်းလာတာကို အရမ်းဝမ်းသာတယ်။

ကျွန်မအမျိုးသား အခုလိုဖြစ်သွားပြီးနောက်ပိုင်းမှာ ကျွန်မဟာ လူတွေကို အရမ်းကြောက်တတ်လာတယ်။ စကားလည်း မပြောရဲဘူး။ နောက်ပိုင်းမှာ ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ)မှ ပံ့ပိုးကူညီသူဆရာမက ကျွန်မကို ခဏခဏလာတွေ့ပြီး အခြားလူ့အခွင့်အရေးချိုးဖောက်ခံရတဲ့ ရှင်သန်လွတ်မြောက်သူအမျိုးသမီးများနဲ့ တွေ့ဆုံတဲ့ အစီအစဉ်တစ်ခုမှာ ပါဝင်ဖို့အတွက် ဖိတ်ခေါ်ခဲ့တယ်။ ကျွန်မက အခြားရှင်သန်လွတ်မြောက်သူ အမျိုးသမီးများနဲ့ တွေ့ဆုံရာကနေ ရင်းနှီးမှုတွေ ရှိလာပြီး ကျွန်မရဲ့ ခံစားချက်တွေကို ဖွင့်ထုတ်ပြောပြနိုင်ခဲ့တယ်။ ကျွန်မအနေနဲ့ သားသမီးတွေကို ပညာတတ်စေချင်တာကြောင့် သူတို့ရဲ့ ပညာရေးကို ကောင်းကောင်း ထောက်ပံ့နိုင်ဖို့အတွက် လုံလောက်တဲ့ ဝင်ငွေရရှိနိုင်တဲ့ အသက်မွေးဝမ်းကြောင်းတစ်ခုခုကို လုပ်ချင်ပါတယ်။

**“မြန်မာနိုင်ငံ စစ်မက်မဖြစ်ပဲ စစ်မှန်တဲ့ ငြိမ်းချမ်းရေး အမြန်ရရှိနိုင်ပါစေလို့ ကျွန်မဆုတောင်းနေပါတယ်။”**



# အညွှယ်

ကျွန်မနာမည် အညွှယ် လို့ခေါ်ပါတယ်။ ကချင်ပြည်နယ်၊ xxxxx မြို့၊ xxx ကျေးရွာမှာ နေထိုင်ပါတယ်။ ငယ်ရွယ်စဉ် ကလေးဘဝမှာ မိဘတွေနဲ့ ပျော်ပျော်ရွှင်ရွှင် နေထိုင်ခဲ့ပါတယ်။ အဖေက ကျွန်မတို့ကို အမြဲသွန်သင်ဆုံးမ၊ လမ်းပြခဲ့တယ်။ ငယ်ရွယ်စဉ် ကလေးဘဝအကြောင်းတွေကို အမြဲအမှတ်ရနေမိပါတယ်။ ငယ်ငယ်တုန်းက ကျွန်မပြေးခုန်ပစ်အားကစားမှာ အရမ်းတော်ခဲ့တယ်။ ဒါပေမဲ့မြေတောင်မြှောက်ပေးမဲ့သူ မရှိခဲ့တာကြောင့် မထွန်းပေါက်ခဲ့ဘူး။ ကျွန်မက ကချင်တိုင်းရင်းသူဖြစ်တော့ဆရာမတွေရဲ့ ခွဲခြားဆက်ဆံခြင်းကို ခံခဲ့ရတယ်။ ကျွန်မ စတုတ္ထတန်းမှာ ပညာသင်ကြားနေချိန် ၁၉၈၈ ခုနှစ်တွင် ၈၈ အရေးအခင်း၊ ကျောင်းသားသပိတ်ဖြစ်ခဲ့တယ်။ တနိုင်ငံလုံး ကျောင်းတွေ ပိတ်လိုက်တာကြောင့် ကျွန်မလည်းကျောင်း တစ်နှစ် နားလိုက်ရတယ်။

၁၉၉၃ ခုနှစ်မှာ ကျွန်မအိမ်ထောင်ပြုခဲ့တယ်။ သားတစ်ယောက်နဲ့ သမီးနှစ်ယောက် ထွန်းကားခဲ့တယ်။ ကျွန်မအိမ်ထောင် ကျပြီးနောက် အိမ်ထောင်မိသားစုရဲ့ စားဝတ်နေရေး ဝင်ငွေရရှိဖို့အတွက် အလုပ်အကိုင်မျိုးစုံ လုပ်ကိုင်ခဲ့သလို အိမ်မှုကိစ္စအဝဝကိုလည်း ကျွန်မပဲ တာဝန်ယူခဲ့ရပါတယ်။ ကျွန်မက တောင်ယာလုပ်ငန်း၊ လယ်ယာလုပ်ငန်း၊ နွားအရောင်းအဝယ်လုပ်ငန်း၊ ကြက်မွေးမြူရေးလုပ်ငန်းစတဲ့ လုပ်ငန်းအမျိုးမျိုးကို လုပ်ကိုင်ပြီး မိသားစုကို ထောက်ပံ့ခဲ့တယ်။ ၂၀၂၁ ခုနှစ်မှာ ကျွန်မကြက်မွေးမြူရေး စတင်လုပ်ကိုင်ခဲ့တယ်။ ကြက်မွေးမြူရေး လုပ်နေချိန် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ စစ်တပ်က အာဏာသိမ်းလိုက်တာကြောင့် ဝိုင်းမော်မြို့နယ်က ပြည်သူလူထုအနေနဲ့ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်တဲ့ ဆန္ဒပြပွဲလုပ်ကြရာမှာ

ကျွန်မကိုယ်တိုင် ရှေ့ထွက်ပြီး ဦးဆောင်ပါဝင်ခဲ့မှုကြောင့် ရဲနဲ့ စစ်သားတွေက ကျွန်မတို့ကို ဖမ်းဆီးချုပ်နှောင်ပြီး ပုဒ်မ ၅၀၅(က)နဲ့ တရားစွဲခဲ့ကြတယ်။ ဖမ်းဆီးခံရချိန်မှာ မိသားစုနဲ့ တွေ့ခွင့်မရတော့ အရမ်းစိတ်ညစ်ခဲ့ရတယ်။ မိသားစုတွေက ကျွန်မနဲ့ အဆက်အသွယ် မရလို့စိုးရိမ်နေကြမှာကို တွေးပြီးစိတ်ပူနေမိခဲ့တယ်။ ကျွန်မထောင်ထဲ ရောက်သွားတဲ့ အချိန် ခံစားခဲ့ရတဲ့ ခံစားချက်ကို ဘယ်တော့မှ မေ့နိုင်မှာမဟုတ်သလို ဒီလိုမတရားဖမ်းဆီး ချုပ်နှောင်ခံရတော့ မခံချင်စိတ်တွေ ပိုတောင်ဖြစ်လာခဲ့တယ်။ ဖိနှိပ်ခံထားရတဲ့ ကျွန်မတို့ ပြည်သူလူထုတွေအတွက် ပိုပြီး အလုပ်လုပ်ချင်စိတ်ဖြစ်လာတယ်။ ထောင်ထဲမှာက သတင်းစာလည်း မဖတ်ရ၊ တီဗီလည်း ကြည့်ခွင့်မရှိတော့ အပြင်မှာ ဘာဖြစ်နေတယ်ဆို တာ ဘာမှမသိရတော့ဘူး။ စိတ်က အမှောင်ထဲရောက်သွားသလို ခံစားခဲ့ရတယ်။ ကျွန်မ ထောင်ထဲမှာ ရှိနေချိန် အတူတူထောင်ကျနေတဲ့ အခြားသူငယ်ချင်းတွေကို ထောင်ပြင်ပ မှာ ဖြစ်ပျက်နေတဲ့ အခြေအနေတွေနဲ့ ပြည်သူတွေ နေ့တိုင်းဖမ်းဆီး၊ ညှင်းပန်းနှိပ်စက်၊ သတ်ဖြတ်ခံနေရတဲ့ အကြောင်းတွေကို ပြောပြခဲ့တယ်။ အဲဒီအချိန်မှာ “အပြင်က အကြောင်းတွေကို ဒီထောင်ထဲမှာ ဘာမှလာမပြောနဲ့” ဆိုပြီး ထောင်မှူးတွေက ကျွန်မကို ခေါ်သတိပေးတာခံခဲ့ရတယ်။

ကျွန်မကို ကယ်မဲ့သူက ဘုရားသခင်ပဲရှိတော့တယ်လို့ တွေးပြီး အစာရှောင်ဆုတောင်းခဲ့ တယ်။ ၂၀၂၁ ခုနှစ် ဇွန်လ ၃၀ ရက်နေ့မှာ ကျွန်မထောင်က ပြန်လွတ်လာခဲ့တယ်။ ထောင် က လွတ်လာတော့ အချို့အပေါင်းအသင်းမိတ်ဆွေတွေက ကျွန်မကို မေးထူးခေါ်ပြော တောင် မလုပ်ချင်ကြတော့လို့ ဝမ်းနည်းမိတယ်။ ကျွန်မထောင်က ပြန်ထွက်လာတော့ အရင်က လုပ်ကိုင်နေတဲ့ စီးပွားရေးတွေဘာမှ မလုပ်နိုင်တော့ဘူး။ ထောင်ထဲမရောက်ခင် ကလုပ်နေတဲ့ ကြက်မွေးမြူရေးလုပ်ငန်းလည်းပဲ အရင်းပြုတ်သွားခဲ့တယ်။ မိသားစု အတွက် စိန်ခေါ်မှုအခက်အခဲတွေကတော့ အများကြီးပါပဲ။ ကျွန်မထောင်ကထွက်လာတဲ့ နောက်တစ်ပတ်လောက်ကစပြီး စစ်ကားတွေက ကျွန်မတို့ အိမ်နား လာလာပတ်နေ တယ်။ ကျွန်မအတွက် လုံခြုံမှုမရှိတော့လို့ ဖားကန့်ဘက်ကို ရှောင်တိမ်းသွားခဲ့ရတယ်။ ၂၀၂၁ ခုနှစ်၊ အစောပိုင်းမှာ ကျွန်မသမီးမာလုကို လာတောင်းရမ်းဖို့ အစီအစဉ်ရှိခဲ့တာ လည်း ကျွန်မအဖမ်းခံရတာကြောင့် အစီစဉ်တွေအကုန်ပျက်သွားခဲ့ရတယ်။ လက်ရှိမှာ ကျွန်မ ဝင်ငွေရဖို့အတွက် ကျွန်မတို့ ခြံမှာ ပန်းနှမ်းနဲ့ မုံညင်းတွေစိုက်နေပါတယ်။

၂၀၂၂ ခုနှစ်တွင် ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ)မှ ကြီးမှူးပြီးလုပ်တဲ့ ရှင်သန် လွတ်မြောက်သူ အမျိုးသမီးများရဲ့ နီးနှောဖလှယ်မှု အစီအစဉ်တခုတွင် ကျွန်မပါဝင်ခဲ့ တယ်။ ရှင်သန်လွတ်မြောက်သူအမျိုးသမီးအဖွဲ့ ကစီကဂျာ (Kasi Kaja) မှလည်း ကျွန်မ ကို လာရောက်တွေ့ဆုံပြီး အားပေးမှုတွေ လုပ်ခဲ့ကြတယ်။ ကျွန်မအရမ်းပဲအားရှိသွား သလိုခံစားရတယ်။ ရှင်သန်လွတ်မြောက်သူ အမျိုးသမီးတွေ အချင်းချင်း မိမိတို့ ခံစားချက်၊ အတွေ့အကြုံတွေကို ဝေမျှနိုင်ပြီး အခြားသူများရဲ့ ခံစားချက်တွေကိုလည်း နားထောင်ပေးခွင့် ရခဲ့တယ်။

**“ကျွန်မပြောချင်တာကတော့ မတရားလုပ်တဲ့သူတွေကို ကြောက်နေလို့မရဘူး။ အမှန်တရားကို ဖော်ထုတ်ရမယ်။ အမှန်ပြောရရင်ကျွန်မက တရားမျှတမှု အတွက် သေရမှာလည်း မကြောက်တော့ဘူး။ မတရားမှုတွေ ခံစားလာ ရတာ နှစ်ပေါင်းများလွန်းလှပြီ၊ ဒီတကြိမ်တော့ လုံးဝဆုံးရှုံးသွားလို့ မဖြစ်ဘူး။ အရောက်စီတိုင်း အမှန်တရားအတွက် ထုတ်ဖော်ဖို့ လိုအပ်တယ်။ ပေးဆပ် စရာရှိရင်လဲ ပေးဆပ်ရမှာပဲ။”**

အမှန်တရားအတွက် ပေးဆပ်ခဲ့ကြတာတွေကို အလကားမဖြစ်စေချင်ဘူး။ အောင်မြင် တာကို မြင်ချင်တယ်။ လူ့အခွင့်အရေး အပြည့်အဝခံစားလို့ရတဲ့ နိုင်ငံပဲဖြစ်စေချင်လှပြီ။ စစ်မှန်တဲ့ ငြိမ်းချမ်းရေးကိုလည်း လိုချင်လှပါပြီ။

“နိုင်ငံတကာအသိုင်းအဝန်းအနေနဲ့လဲ မြန်မာနိုင်ငံအတွင်း ပြည်သူလူထုအပေါ် မြန်မာ စစ်တပ်မှ ကျူးလွန်တဲ့ ရာဇဝတ်မှုတွေနဲ့ ဆိုးဝါးလှတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ရပ်တန့်နိုင်ဖို့နဲ့ နောက်နောင်ထပ်ပြီး မကျူးလွန်အောင် ဝိုင်းဝန်းကူညီပံ့ပိုးပေးဖို့ တောင်း ဆိုချင်ပါတယ်။”



# အရာ

ကျွန်မနာမည် အရာ လို့ခေါ်ပါတယ်။ ကျွန်မငယ်စဉ်ကလေးဘဝမှာ မိဘတွေနဲ့အတူ ကချင် ပြည်နယ်၊ xxxxx မြို့၊ xxx ကျေးရွာမှာ နေထိုင်ခဲ့ပါတယ်။ ကျွန်မတို့ မိဘတွေက တောင်ယာ၊ လယ်ယာလုပ်ငန်းတွေ လုပ်ကိုင်ကြပါတယ်။ ၂၀၀၄ ခုနှစ်မှာ ကျွန်မ အိမ်ထောင်ပြုခဲ့တယ်။ ကျွန်မ အိမ်ထောင်ကျတဲ့အချိန်မှာ အသက် ၁၅ နှစ်ပဲ ရှိပါသေးတယ်။ အိမ်ထောင်ကျပြီးနောက် ကောင်ဂျာကျေးရွာ မှာပဲဆက်လက်နေထိုင်ခဲ့ပါတယ်။ သားသမီးသုံးယောက်ထွန်းကားပြီး ယောကျ်ားလေးတစ်ယောက်၊ မိန်းကလေးနှစ်ယောက်ရှိပါတယ်။

ကျွန်မငယ်စဉ်က မမေ့နိုင်တဲ့ ဖြစ်ရပ်တစ်ခုကြုံတွေ့ခဲ့ဖူးတယ်။ ကျွန်မတို့ ရွာပတ်ဝန်းကျင်မှာ အမြဲလိုလို တိုက်ပွဲတွေဖြစ်လေ့ရှိတယ်။ တစ်နေ့မှာတော့ကျွန်မတို့ မိသားစု ဝင်တွေလယ်တောကိုသွားတဲ့ အချိန်မှာ ကျွန်မတို့အိမ်ကိုဗမာစစ်သားတွေမီးရှို့ပစ်လိုက်ကြတယ်။ ကျွန်မတို့ညနေ အလုပ်ကနေပြန်ရောက်လာတော့ ကျွန်မတို့မိသားစု ပိုင်ဆိုင်တဲ့အိမ်နဲ့အတူဥစ္စာပစ္စည်းမှန်သမျှ ဘာဆို ဘာတစ်ခုမှ မကျန်တော့ပါဘူး။ အားလုံး မီးလောင်တဲ့အထဲ ပါသွားခဲ့တယ်။ ထိုချိန်တွင် ကျွန်မ၏ စိတ်သည် ဗမာစစ်သားများအပေါ် အရမ်းနာကျည်းခဲ့တယ်။ ကျွန်မတို့ဘဝ ဆင်းဆင်းရဲရဲ ဖြင့်တစ်ဖန် ဖြတ်သန်းရမှာကို ကျွန်မ တွေးပြီး စိတ်ပူပင်သောက ရောက်ခဲ့ရသည်။

၂၀၁၁ ခုနှစ်တွင် ကချင်ပြည်နယ်မှာ တစ်ကျော့ပြန်စစ်ပွဲဖြစ်လာတော့ ကျွန်မတို့ မိသားစုက ကချင်ပြည်နယ် xxxxx မြို့၊ xxx ကျေးရွာရှိ စစ်ရှောင်စခန်းကို ထွက်ပြေးတိမ်းရှောင်နေထိုင်ခဲ့ရပါတယ်။ ဒီတစ်ကြိမ်လည်း မိသားစုရဲ့ရှိ သမျှပစ္စည်းဥစ္စာတွေ အကုန်လုံး ထားခဲ့ရတယ်။

စပါးကအစပေါ့။ ထွက်ပြေးလာတုန်းက ကိုယ်နိုင်သလောက်ပဲ ထမ်းလာခဲ့ရတယ်။ တိုက်ပွဲတွေ နည်းနည်းငြိမ်သွားတဲ့အချိန်မှာ ကျွန်မအိမ်ကို သတိရလို့ သွားပြန်သွားကြည့်တော့ ဘာပစ္စည်းမှ မရှိတော့ပါဘူး။ စပါးတွေလည်း ဘာမှမကျန် အကုန်ပြောင် သလင်းခါသွားပါပြီ။ ကျွန်မတို့ မိသားစုပိုင်ပစ္စည်းဥစ္စာတွေ အားလုံးကို စစ်သားတွေဖျက်ဆီးပစ်လိုက်ကြတယ်။ တအိမ်လုံးလည်း ကျည်ပေါက်တွေ ချည်းပဲဖြစ်နေပါတယ်။ အခုပြန်မယ်ဆိုရင်လည်း အိမ်ကမရှိတော့ပါဘူး။

## စစ်ပွဲကြောင့် ကျွန်မတို့ မိသားစု ဘဝရပ်တည်ရေးက အစကနေ ပြန်စစနေရတာ ခဏခဏပါပဲ။

စစ်ရှောင်မှာနေရင်း ကျွန်မအမျိုးသားက လက်သမားအလုပ်ကို လုပ်ပြီး မိသားစုကို ရှာဖွေကျွေးမွေးခဲ့တယ်။ ၂၀၂၁ ခုနှစ်၊ မေလ ၁၃ ရက်နေ့မှာ ကျွန်မအမျိုးသားက အလုပ်ကို သွားရင်း လမ်းမှာ ဖုန်းငွေဖြည့်ကဒ်နဲ့ ဆေးလိပ်ဝယ်နေချိန် သူ့ကို စစ်သားတွေနဲ့ ရဲတွေက ဖမ်းဆီးသွားပြီးနှိပ်စက်ခဲ့တယ်။ သူ့ကို ကေအိုင်ကေနဲ့ ဆက်သွယ်တယ်၊ စစ်တပ်အာဏာသိမ်းခြင်းကြောင့် ပြည်သူလူထုများ သပိတ်မှောက်သည့် အဖွဲ့တွင် ပါတယ်ဆိုပြီး စွပ်စွဲဖမ်းစီးခဲ့ကြတယ်။ ကျွန်မအမျိုးသား ပြန်လည်လွတ်မြောက်လာရေးအတွက် စစ်ရှောင်စခန်းကစခန်း တာဝန်ခံနဲ့ သက်ဆိုင်ရာ ဘာသာရေးခေါင်းဆောင် တွေအနေနဲ့လဲ စစ်တပ်နဲ့ ဆွေးနွေးညှိနှိုင်းပြီး နောက်ဆုံးမှာ ပြန်လွတ်မြောက်လာခဲ့ပါတယ်။ တစ်ညနှိပ်စက်ခံလိုက်ရတာ ခေါင်း၊ မျက်နှာ၊ နံရိုး တကိုယ်လုံးကို ဖူးရောင်ပြီး အိမ်ပြန်ရောက်လာပါတယ်။

အခုဆို အလုပ်ကြမ်းလည်း မလုပ်နိုင်တော့ဘူး။ တရက်အလုပ်လုပ်ပြီဆိုရင် တစ်ပတ်လောက်နားနေရပြီ။ နှိပ်စက်ထားတာက သွေးမထွက်ပေမယ့် အတွင်းဒဏ်တွေဖြစ်နေတယ်။ ကျွန်မအမျိုးသားအခုလို ဖြစ်သွားပြီးနောက် မိသားစုတာဝတ် စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယောက်ျားအတွက် ဆေးဖိုးဝါးကအစ ကျွန်မရဲ့ တာဝန်ဖြစ်လာတယ်။ အခုအချိန်မှာ ကျွန်မတို့ မိသားစုက စစ်ရှောင်စခန်းအတွင်းက အမိုက်တွေကို



စွန့်ပစ်ပေးတဲ့ အလုပ်ကိုလည်း လုပ်နေပါတယ်။ တစ်လကို ၅၀၀၀၀ ကျပ်ရပါတယ်။ ၂၀၂၁ ခုနှစ်မှာ စစ်တပ်အာဏာသိမ်းပြီးနောက် ကလေးတွေ ကျောင်းတစ်နှစ် နားလိုက်ရတယ်။ ကျွန်မတို့ မိသားစုအတွင်း ငွေကြေးအခက်ခဲရှိသော်လည်း ကလေးတွေရဲ့ ပညာရေးကို ရှေးရှုးကာ အခက်ခဲကြားမှ ထောက်ပံ့ပေးနေသည်။

## ကျွန်မတို့ စိတ်က အမြဲပဲ လုံခြုံမှုမရှိနေသလို ခံစားနေရတယ်။ အချိန်မရွေး ဘာမဆိုဖြစ်လာနိုင်တာကြောင့် စိုးရိမ်ထိတ်လန့်ပြီး နေနေရတယ်။ ဘာကြောင့်လဲဆိုရင် စစ်တပ် က ပြည်သူလူထုကို သူတို့ ကြိုက်သလို စွပ်စွဲပြီး မတရားဖမ်းဆီး၊ ညှင်းပန်းနှိပ်စက်၊ သတ်ဖြတ်နေတယ်။ ဒါ့ကြောင့် ဘယ်လိုအခြေအနေ၊ အခက်အခဲတွေကိုပဲဖြစ်ဖြစ်ကျော်ဖြတ်နိုင်ဖို့အတွက် ဘုရားသခင်ဆီမှာပဲ ဆုတောင်းပြီး ဆက်လက်ရှင်သန်နေနိုင်အောင်ကြိုးစားနေပါတယ်။

ကျွန်မတို့လို လူ့အခွင့်အရေးချိုးဖောက်ခံရမှုတွေ နောက်ထပ်ဘယ်သူမှ မဖြစ်စေချင်ဘူး။ ဒါကြောင့် တရားမျှတမှုကို ပဲလိုချင်တယ်။ ကျွန်မတို့ နိုင်ငံက ခွဲခြားဆက်ဆံမှုလည်း အများကြီးရှိတယ်။ လူမျိုးရေး၊ ဘာသာရေး၊ ဆင်းရဲချမ်းသာအဆင့်အတန်း အရခွဲခြားဖိနှိပ်မှု တွေအားလုံးပပျောက်စေချင်တယ်။



# အတောင်

ကျွန်မနာမည်က အတောင် လို့ခေါ်ပါတယ်။ ကျွန်မက ရှမ်းပြည်မြောက်ပိုင်းရှိ xxxxx မြို့၊ xxx ကျေးရွာမှာ နေထိုင်ပါတယ်။ ကျွန်မတို့ မိဘတွေက လယ်ယာနဲ့ ပြောင်းစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ ကျွန်မ အသက် (၅) နှစ်အရွယ်ကစပြီး ကျောင်းစနေခဲ့ပါတယ်။

“ကျွန်မဘဝမှာ ခဏခဏ စစ်ဘေးရှောင်ရတာကြောင့် ကျောင်းပညာရေးကို ဆုံးခန်းတိုင်အထိ မသင်ကြားနိုင်ခဲ့ပဲ ကျောင်းနားလိုက်ရတယ်။”

၁၉၆၇ ခုနှစ်မှာ ဗမာကွန်မြူနစ်ပါတီနဲ့ မဆလအစိုးရကြားဖြစ်တဲ့တိုက်ပွဲကြောင့် ကျွန်မတို့ မိသားစုကမူဆယ်ခရိုင် xxxxx မြို့၊ xxx ကျေးရွာမှာ ပြောင်းရွှေ့နေထိုင်ခဲ့ရတယ်။ ထိုမှတစ်ဆင့် ၁၉၆၉ ခုနှစ်တွင် xxxxx မြို့၊ xxx ကျေးရွာသို့ တစ်ဖန် ပြောင်းရွှေ့ကြတယ်။

၁၉၈၇ ခုနှစ်တွင် ကျွန်မအဖိုးနေထိုင်ရာ xxxxx မြို့၊ xxx ကျေးရွာသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်ခဲ့တယ်။ အဲဒီနှစ်မှာ ကျွန်မခင်ပွန်းဖြစ်သူ အတူးနှင့် အိမ်ထောင်ပြုခဲ့ပါတယ်။ ကျွန်မအိမ်ထောင်ပြုပြီး သား (၃) ယောက်နဲ့ သမီး (၂) ယောက် ထွန်းကားခဲ့ပါတယ်။

၂၀၁၁ ခုနှစ်တွင် ကချင်ဒေသမှာ စစ်ပွဲတစ်ကျော့ ပြန်ဖြစ်လာတာကြောင့် xxxxx မြို့၊ xxx ကျေးရွာမှ တရုတ်နယ်စပ် စစ်ရှောင်စခန်းကို ထွက်ပြေးတိမ်းရှောင် နေထိုင်ခဲ့ရတယ်။ တိုက်ပွဲ နည်းနည်းငြိမ်သွားတဲ့အချိန် ကျွန်မတို့ ရွာကို ပြန်လာပြီး နေထိုင်ခဲ့တယ်။ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့မှာ အသက် (၂၄) နှစ်အရွယ် ကျွန်မသား ရှောလမွန်ကို စစ်တပ်မှ နှိပ်စက်ပြီးပစ်သတ်လိုက်ကြတာကို နောက်တစ်နေ့မှ သိရပါတယ်။ ကျွန်မသားကို ရက်ရက်စက်စက် နှိပ်စက်ထားတဲ့ ဒဏ်ရာတွေ၊ သေနတ်ဒဏ်ရာတွေနဲ့ သေဆုံးနေတာကို တွေ့ရှိခဲ့ကြတယ်။ သားရဲ့ အလောင်းကို ကျွန်မတွေ့တွေ့ချင်း သူ့ပေါင်ပေါ်က ဓားနဲ့ အထပ်ထပ်ခုတ်ထစ်ထားတဲ့ ဒဏ်ရာမှာ အသားနဲ့ အရိုးတွေကို တွေ့လိုက်ရချိန်မှာ ကျွန်မ ရင်ကျိုးမတတ် ခံစားခဲ့ရတယ်။ အဲဒီနေ့ကစပြီး ကျွန်မမှာ နှလုံးရောဂါနှင့် သွေးတိုးရောဂါ စဖြစ်လာခဲ့တာဖြစ်တယ်။ ကျွန်မသားကို ကေအိုင်အေနဲ့ ဆက်သွယ်တယ်လို့ စွပ်စွဲပြီး ခုလိုရက်ရက်စက်စက် သတ်ဖြတ်လိုက်ကြတာဖြစ်ကြောင်း သိခဲ့ရတယ်။ ကျွန်မသားနဲ့ ပတ်သက်ပြီး စဉ်းစားလိုက်တိုင်း နှလုံးဖောက်လာတတ်တာကြောင့် သားရဲ့ ဓါတ်ပုံကို မမြင်မိစေဖို့ ဝှက်ထားလိုက်တယ်။ ကျွန်မသား ဒီလိုဖြစ်သွားပြီးနောက် ကျွန်မတို့ မိသားစုမှာ လုံခြုံမှု မရှိတော့ဘူး။ အမြဲခြိမ်းခြောက်မှု ရှိနေသလို ခံစားရတယ်။

လွန်ခဲ့တဲ့ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှာလည်း ကျွန်မအမျိုးသား အတူးကို စစ်တပ်က ဖမ်းဆီးသွားပြီး ညင်းပန်းနှိပ်စက်ခဲ့ကြတယ်။ ဖမ်းဆီးသွားပြီးနောက် ၇ ရက် အကြာမှာ ဖမ်းဆီးချုပ်နှောင်ထားပြီး ပြန်လည်လွတ်မြောက်လာခဲ့တယ်။ လွတ်မြောက် လာချိန်မှာ နှိပ်စက်ခံထားရတဲ့ ဒဏ်ကြောင့် အတွင်း၊ အပြင် ဒဏ်ရာတွေ အပြည့်နဲ့ အိမ်ကို ပြန်ရောက်လာခဲ့တယ်။ ဒီလိုဖြစ်ပျက်ချိန်မှာ ကျွန်မတို့ မိသားစုစားဝတ်နေရေး အရမ်း ခက်ခဲကြပ်တည်းနေချိန်ဖြစ်လို့ ကျွန်မအမျိုးသားကို ဆေးကုဖို့ စရိတ်တောင် မရှိလို့ ချေးငှားပြီး ကုသခဲ့ရတယ်။ ဆေးကုသမှု ခံယူခဲ့သော်လည်း အတွင်းဒဏ်တွေကိုတော့ မကုသနိုင်ခဲ့တာကြောင့် ယနေ့ထက်ထိ ကျန်းမာရေး ချူခြာပြီး အလုပ်ကြမ်းတွေ ဘာမှ လုပ်လို့မရတော့ပါ။



**“စစ်တပ်အနေနဲ့ ပြည်သူလူထုကို မတရားဖမ်းဆီးညှင်းပန်းနှိပ်စက်၊ သတ်ဖြတ်မှုတွေကို လုံးဝမလုပ်သင့်ပါ။”**

၂၀၁၆ ခုနှစ်တွင် xxxxx မြို့၊ xxx ကျေးရွာမှာ စစ်တပ်ကလေယာဉ်နဲ့ ဗုံးကျဲတိုက်ခိုက်လာတာကြောင့် ကျွန်မတို့ မိသားစုလည်း တရုတ်နယ်စပ် စစ်ရှောင်စခန်းဘက်ကို တစ်ခါပြန် ထွက်ပြေးတိမ်းရှောင်ခဲ့တာ ဒီကနေ့အထိဖြစ်ပါတယ်။ ကျွန်မတို့ မိသားစုဟာ ပျော်ပျော် ရွှင်ရွှင် နေထိုင်ရတဲ့အချိန် ဆိုတာမရှိသလောက်ဖြစ်ပြီး အမြဲတမ်း စစ်ပွဲတွေကြား ထိတ်ထိတ်လန့်လန့်နဲ့ အသက်ရှင်နေထိုင်နေရတယ်။ မိသားစုအတွက် တခါဆုံးရှုံး ပျက်စီးသွားတိုင်း တစ်ခါပြန်လည်ဆောက်ယူနိုင်ဖို့ဆိုတာ တကယ်ကို မလွယ်ဘူး။

ကျွန်မတို့ မိသားစုဆိုရင် စားဝတ်နေရေးအတွက် တိုက်ပွဲတွေ မဖြစ်တဲ့ချိန်မှာတော့ ပြောင်းတွေ ပြန်စိုက်တယ်။ စစ်ရှောင်စခန်းမှာ နေရတယ်ဆိုပေမဲ့လည်း ကျွန်မတို့ကို ထောက်ပံ့ကူညီမှုတွေ မရှိတော့တာကြောင့် ပိုပြီးခက်ခဲလာတယ်။ ကျွန်မတို့အတွက် ကျန်းမာရေး စောင့်ရှောက်မှုရရှိနိုင်ဖို့လည်း အရမ်းခက်ခဲလာပါတယ်။ စစ်ရှောင်စခန်း ကနေ xxxxx မြို့ရှိ ပြည်သူ့ဆေးရုံသို့ ဆေးသွားကုရတယ်။ ဆေးရုံသွားလည်း အခမဲ့ကု သလို့မရပါဘူး။ ကျွန်မတို့ စစ်ရှောင်တွေအတွက် အဖက်ဖက်ကနေ စိန်ခေါ်မှုအမျိုးမျိုး ကြုံတွေ့ နေရတယ်။ ကျွန်မတို့ မိသားစုတွင် ကျွန်မအမျိုးသားလည်း ကျန်းမာရေး မကောင်းတော့ အိမ်ထောင်မိသားစုရဲ့ လိုအပ်ချက်တွေကို ကျွန်မပဲ ဦးဆောင်ဖြေရှင်း နေရတော့ ကလေးတွေရဲ့ ပညာရေးပိုင်းကို ကောင်းကောင်းမပံ့ပိုးနိုင်တော့တာကြောင့် သား၊ သမီးတွေက (၁၀) တန်းထိ ရောက်သူမရှိခဲ့ဘူး။

ဒီလိုစိတ်ဖိစီးမှုတွေ ဖြစ်နေချိန် ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) မှ ရှင်သန် လွတ်မြောက်သူအချင်းချင်း တွေ့ဆုံဖလှယ်ကြတဲ့ အစီအစဉ်မှာ ကျွန်မကို ပါဝင်ဖို့ ဖိတ်ခေါ်ခဲ့တယ်။ ကျွန်မလိုကြုံတွေ့ခံစားနေရတဲ့ အခြားရှင်သန် လွတ်မြောက်သူ

အမျိုးသမီးတွေရဲ့ အခက်ခဲ၊ အတွေ့အကြုံတွေကို အချင်းချင်းဖလှယ်ခြင်း၊ အပြန်အလှန်နားထောင်ပေးခြင်းတွေ လုပ်ခဲ့ရတယ်။ ဒီလိုဆုံတွေ့ရာမှ ကျွန်မလို ကြုံတွေ့ ခံစားနေရတဲ့ အခြားသူတွေလည်း ရှိနေတယ်၊ ကျွန်မတစ်ယောက်တည်း မဟုတ်ဘူးဆိုတာသိလာခဲ့တယ်။ ဆက်လက်ရှင်သန်ရပ်တည်နေနိုင်ဖို့ အားအင်တွေ ရရှိခဲ့တယ်။

**“ကျွန်မဘဝမှာ ကျွန်မသားနှင့်ပတ်သတ်ပြီး အပြစ်မရှိပဲ ခုလိုသတ်ဖြတ်ခံလိုက်ရခြင်းအပေါ် တရားမျှတမှု ရချင်တယ်။ ပြီးတော့ ကျွန်မသားအတွက် အောက်မေ့သတိရအထိမ်းအမှတ်တစ်ခုခုလည်း တည်ဆောက်ချင်ပါတယ်။”**

ကျွန်မတို့ မိသားစုအတွင်း လူ့အခွင့်အရေး၊ စစ်ရာဇဝတ်မှုတွေ ထပ်ခါတလဲလဲ ကျူးလွန်၊ ချိုးဖောက်ခံခဲ့ရပေမဲ့ တရားမျှတမှုတစ်ခါမှ မရရှိခဲ့ဖူးပါဘူး။ ပြစ်မှုကျူးလွန်တဲ့ သူတွေကိုလဲ အရေးယူမှုရှိစေချင်တယ်။ ကျွန်မတို့ ကြုံတွေ့နေရတဲ့ အဖြစ်မျိုး နောက်ထပ်မဖြစ်စေရအောင် သက်ဆိုင်ရာ အစိုးရနဲ့ နိုင်ငံတကာ အသိုင်းအဝိုင်း မှကူညီပေးစေလိုပါတယ်။

“လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်သူတွေကို အရေးမယူဘဲ ကင်းလွတ်ခွင့်ပေးထားခြင်းဟာ လူ့အခွင့်အရေး နောက်ထပ်ချိုးဖောက်ဖို့အတွက် လမ်းဖွင့်ပေးထားတာနဲ့တူပါတယ်။ ဒါကြောင့်လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ရပ်တန့်နိုင်ဖို့ တာဝန်ယူဖြေရှင်းဆောင်ရွက်မှု လုပ်ပေးသက်ဆိုင်ရာ အစိုးရနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းကိုလည်း တောင်းဆိုချင်ပါတယ်။”

စစ်မှန်တဲ့ ငြိမ်းချမ်းရေးရရှိတဲ့ နိုင်ငံကြီးဖြစ်စေချင်တယ်။ ကျွန်မသား သေဆုံးခဲ့ရခြင်းအပေါ် အသိအမှတ်ပြုသည့် အိမ်ကလေး တစ်လုံးဆောက်ထားချင်ပါတယ်။ ဒါကလည်း ကျွန်မတို့အတွက် မမေ့နိုင်သော ဖြစ်ရပ်တစ်ခုအတွက် သက်သေတစ်ခုအနေနဲ့ တည်ရှိနေဖို့ပါ။





# လုရာ

ကျွန်မနာမည် လုရာ ခေါ်ပါတယ်။ ကျွန်မကငယ်စဉ်ကတည်းက ကချင်ပြည်နယ် xxxxx မြို့၊ xxx ကျေးရွာမှာ မှာပဲနေထိုင် ခဲ့ပါတယ်။ လက်ရှိတွင် xxxxx မြို့၊ xxx ကျေးရွာမှာ ထိုင်ပါတယ်။ ၂၀၀၇ ခုနှစ်၊ ကျွန်မအသက် ၁၈ နှစ်အရွယ်မှာ အိမ်ထောင်ပြုခဲ့တယ်။ သမီးတစ်ယောက်၊ သားနှစ်ယောက်ထွန်းကားခဲ့ပါတယ်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စစ်တပ်အာဏာသိမ်းပြီးနောက် ကျွန်မသားကြီးနဲ့သမီးက ကျောင်းနားထားလိုက်ရတယ်။ သားနဲ့သမီးဟာ ကျောင်းနားထားတဲ့အချိန် သူ့တို့အဒါရဲ့ ကြက်ခြံမှာ အလုပ်လုပ်ပြီး ရတဲ့လုပ်အားခနဲ့ မိသားစုကို ကူညီထောက်ပံ့ပေးနေကြသူတွေဖြစ်ပါတယ်။

ဒါပေမဲ့ ၂၀၂၁ ခုနှစ်၊ မေလ ၄ ရက်နေ့မှာတော့ ကျွန်မတို့ မိသားစုအပေါ် ကံဆိုးမိုးမှောင်ကျလာပါတော့တယ်။ အဲဒီနေ့မှာ အာဏာသိမ်းစစ်တပ်က ပစ်လိုက်တဲ့ လက်နက်ကြီးဟာ ကျွန်မသားနဲ့သမီး အလုပ်လုပ်နေတဲ့ နေရာသို့ ကျပြီး မိသားစုကိုအလုပ်အကျွေးပြုနေတဲ့ ကျွန်မသားကြီးကို ထိမှန်သွားကာ ကျွန်မသား သေဆုံးခဲ့ရတယ်။ ကျွန်မသားက သေဆုံးချိန်မှာ အသက် ၁၄ နှစ်ပဲ ရှိပါသေးတယ်။ အရမ်းလည်း လိမ္မာသိတတ်တဲ့ကလေး၊ မိဘကို သိတတ်လိမ္မာတဲ့ကလေးပါ။ ကျောင်းပိတ်ရက်ဆိုရင် သူ့အဖေကို လယ်လုပ်ကူတတ်တယ်။

သူကြီးလာရင် ပညာတတ်တစ်ယောက်ဖြစ်အောင် အလုပ်ကြိုးစားမယ်လို့ အမြဲပြောတတ်သူလေးပါ။ သားရှိစဉ်တုန်းက ကျွန်မအရမ်းပျော်ခဲ့တယ်။ ကျွန်မသားဒဏ်ယာရတယ်ဆိုတာ ယုံတောင်မယုံချင်ဘူး။ အခင်းဖြစ်တဲ့နေရာကို ရောက်သွားချိန်မှာတော့ သားကစကားတောင် မပြောနိုင်တော့ဘူး။ ဒဏ်ရာရတယ်ဆိုရင်တောင်မှ အဲလောက်ထိ ပြင်းထန်မယ်လို့ မထင်ထားဘူး။ ကျမသား အဲဒီနေ့မှာပဲ ဆုံးသွားပါတယ်။ ကျွန်မသားကို အရမ်းသနားတယ်။ ကျွန်မအတွက် သားကို ဆုံးရှုံးလိုက်ရတဲ့နေ့ဟာ ဘဝမှာ အမှောင်မိုက်ဆုံးအချိန်ပါပဲ။ အဲဒီနေ့မှာ ကျွန်မသားက အလုပ်ကို သိပ်မသွားချင်ရှာဘူး။ ကျွန်မက မသွားနဲ့ လို့မတားမိခဲ့ဘူး။ တားခဲ့ရင်တော့သူ သွားဖြစ်မှာမဟုတ်ဘူး။ ကျွန်မ မတားခဲ့မိတာကို အခုထိ စိတ်ထဲမှာ ဖြေလို့မရဘူး။ နိုင်ငံရေးမကောင်းလို့ ကျွန်မသားအခုလို ဖြစ်ရတယ်။ နိုင်ငံရေးသာကောင်းခဲ့မယ်ဆိုရင် ကျွန်မသားအခုလို အဖြစ်ဆိုးမျိုးနဲ့ ကြုံရမှာမဟုတ်ဘူး။ စစ်တပ်အာဏာသိမ်းမှုကြောင့် ကျွန်မကလေးတွေ ကျောင်းလည်း မတက်နိုင်ဖြစ်ရသည့် သာမက ကျွန်မသားဆိုရင် အသက်ပါဆုံးရှုံးခဲ့ရတယ်။ ဒါပေမဲ့ကိုယ့်လူမျိုးနဲ့ တိုင်းပြည်ကောင်းလာဖို့အတွက် ပေးဆပ်မှုတစ်ခုလို့ပဲ မှတ်ပြီး ဖြေသိမ့်ပါတယ်။

**"ကျွန်မသား သေဆုံးသွားခဲ့တဲ့နေ့ကစပြီး ကျွန်မအိပ်လို့မရတော့ဘူး။ သားဆုံးသွားပြီးနောက် ကျွန်မစိတ်တွေ အမြဲတမ်း စိုးရိမ်ထိတ်လန့်နေရတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်မသား ဒီလိုဖြစ်ပြီးနောက် စစ်တပ်က ကျွန်မတို့ အိမ်ထဲကို ညတိုင်းလိုလို ဝင်ရောက်စစ်ဆေးမှုတွေလုပ်တယ်။ တိုက်ပွဲတွေလည်း အချိန်မရွေး ဖြစ်လာနိုင်တဲ့ ဒေသဆိုတော့ အမြဲတမ်း ကျီးလန့်စာစားနေရသလို စိုးရိမ်ပူပန်စွာ နေထိုင်နေရတယ်။"**

တိုက်ပွဲဖြစ်ပြီးနောက် လုံခြုံမှုမရှိတော့တာကြောင့် ကျွန်မတို့ မိသားစုအနေနဲ့ တောထဲတောင်ထဲသွားပြီး စားဝတ်နေရေးအတွက် ဝင်ငွေရှာတဲ့ အလုပ်လုပ်ဖို့ အရမ်းပဲခက်ခဲသွားတယ်။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလတွင် xxxxx မြို့၊ xxx ကျေးရွာမှာ တိုက်ပွဲပြန်ပြင်းထန်လာတယ်။ ကျွန်မတို့ ရွာထဲကို စစ်တပ်မှ စစ်ကြောင်းထပ်တိုးလာပြီး စစ်တပ်မှ လက်နက်ကြီးများ ယမ်းသမ်းပစ်ခတ်မှုကြောင့် ကျွန်မတို့ ရွာထဲ လက်နက်ကြီးကျည်တွေ ကျရောက်ပေါက်ကွဲမှုတွေ ဖြစ်ခဲ့တယ်။ ကျွန်မတို့ အိမ်ရှေ့ဘက်၊ အိမ်နဲ့ ပေ ၃၀ အကွာလောက်မှာ လက်ကြီးတစ်လုံးကျရောက် ပေါက်ကွဲမှုကြောင့် အိမ်နားက အသက် ၂၁ အရွယ် လူငယ်အမျိုးသားတစ်ယောက် ဒဏ်ရာရခဲ့တယ်။ အဲဒီအချိန်မှာ ကျွန်မတို့ ရွာထဲကို လက်နက်ကြီးတွေက လမ်းဘေး၊ လူနေအိမ်ဘေးတွေမှာလည်း ကျရောက်ပေါက်ကွဲပြီး ပြည်သူတွေကို ထိခိုက်မှုတွေ ဖြစ်ခဲ့တယ်။ ကျွန်မတို့ ပြည်သူလူထုတွေက ဒီလိုစစ်ပွဲတွေကြားမှာ အမြဲတမ်း စိုးရိမ်ထိတ်လန့်စွာနဲ့ အသက်ရှင်နေထိုင်နေကြရပါတယ်။

ကျွန်မသားကို ဆုံးရှုံးခဲ့ရတာကြောင့် စိတ်ထိခိုက်မှုရတာကတဘက်၊ စစ်ပွဲတွေကြားမှာ နေ့စဉ်စိုးရိမ်ထိတ်လန့်မှုတွေနဲ့ အသက်ရှင်ရုန်းကန်လှုပ်ရှားရတာက တဘက်ကြောင့် စိတ်ခံစားချက်တွေနဲ့ နေနေရချိန်မှာ အခြားရှင်သန်လွတ်မြောက်သူ အမျိုးသမီးတွေနဲ့ ဆုံတွေ့နိုင်မဲ့ အစီအစဉ်တစ်ခုမှာ ပါဝင်ခွင့်ရခဲ့တယ်။ ဒီရှင်သန်လွတ်မြောက်သူ အမျိုးသမီးများရဲ့ နှီးနှောဖလှယ်ပွဲမှာ ကျွန်မကြုံတွေ့ ခံစားနေရတာတွေနဲ့ပတ်သက်ပြီး လုံခြုံစိတ်ချစွာ ရင်ဖွင့်ထုတ်ဖော်ပြောပြနိုင်ခဲ့တာဟာ ကျွန်မအတွက် အရမ်းတန်ဖိုးရှိပါတယ်။


"နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ မြန်မာနိုင်ငံက လူ့အခွင့်အရေးချိုးဖောက်ခံရမှုမှ ရှင်သန်လွတ်မြောက်လာသူတွေရဲ့ အသံကို နားထောင်ပြီး အမှန်တရားနဲ့ တရားမျှတမှုကို ဆောင်ကျဉ်းပေးနိုင်ဖို့အတွက် ဝိုင်းဝန်းကူညီပေးကြပါလို့ ကျွန်မရှင်သန်လွတ်မြောက်သူ တစ်ဦးအနေနဲ့ တောင်းဆိုချင်ပါတယ်။"

ကျွန်မအနေနဲ့ မြန်မာနိုင်ငံကို အမြန်ငြိမ်းချမ်းစေချင်လှပါပြီ။ ကျွန်မတို့ အမျိုးသမီးတွေနဲ့ ကလေးငယ်တွေအတွက် လုံခြုံမှုမရှိဘူး၊ ပြည်သူတွေအတွက်လည်း မလုံခြုံဘူး။ အသက်မပြည့်သေးတဲ့ ကလေးတွေ အသက်ဆုံးရှုံးမှုတွေဖြစ်နေတယ်။ ညသန်းခေါင် အိပ်မရတဲ့ ညတွေများလှပါပြီ။ တော်လှန်ရေးကာလ အရမ်းရှည်လွန်းနေပြီ။ သေနပ်သံတွေ မကြားချင်တော့ဘူး၊ ကလေးတွေအတွက် အရင်ကလိုပညာသင်ကြားနိုင်ခွင့်ရစေချင်ပြီ။ လွတ်လွတ်လပ်လပ်နဲ့ သွားလာလုပ်ကိုင်နိုင်ခွင့်တွေ အမြန်ရချင်လှပါပြီ။"

# မိုင်းရာ

ကျွန်မနာမည် မိုင်းရာ လို့ခေါ်ပါတယ်။ ကျွန်မရဲ့ ငယ်ရွယ်စဉ်ကလေးဘဝက မိဘတွေနဲ့အတူ နေခဲ့ရတာ ကြောင့်ကျွန်မ အရမ်းပျော်တယ်။ ကျွန်မသည် ရှမ်းပြည်နယ်မြောက်ပိုင်း xxxxx မြို့၊ xxx ကျေးရွာမှာ နေထိုင်ခဲ့သည်။ ကျွန်မမှာ မွေးချင်းမောင်နှမ သုံးယောက်ရှိပါတယ်။ မိန်းကလေးနှစ်ယောက်နဲ့ ယောက်ျားလေးတစ်ယောက်ဖြစ်ပါတယ်။ ကျွန်မ ငယ်ငယ်က အဆိုတော်ဖြစ်ချင်ခဲ့တယ်။ ဒါပေမဲ့ ကျွန်မဖြစ်ချင်တာတွေတော့ ဖြစ်မလာခဲ့ဘူး။ ကျွန်မက ကျောင်းပညာကို ၅ တန်း အထိပဲသင်ကြားနိုင်ခဲ့တယ်။

ကျွန်မအသက် (၂၂) နှစ်အရွယ်၊ ၂၀၀၉ ခုနှစ်မှာ အိမ်ထောင်ပြုခဲ့တယ်။ သားတစ်ယောက်၊ သမီးနှစ်ယောက်ရှိပါတယ်။ ကျွန်မတို့ မိသားစုက စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်တယ်။ အဲဒီကာလမှာ တရုတ်ပြည်ကို ဝင်ထွက်သွားလာကူသန်းရောင်းဝယ်နိုင်တာကြောင့် လုပ်ငန်းအခွင့်အလမ်းတွေရှိခဲ့တယ်။ ၂၀၁၂ ခုနှစ်တွင် ကျွန်မတို့ နေထိုင်တဲ့ xxxxx မြို့၊ xxx ကျေးရွာမှာ တိုက်ပွဲတွေ ဖြစ်လာခဲ့တယ်။ ဒေသအတွင်း နေထိုင်ဖို့ လုံခြုံမှုမရှိတော့တာကြောင့် ကျွန်မတို့ မိသားစု အပါအဝင်ရွာသူရွာသားတွေ အားလုံးက တရုတ်နယ်စပ်မှာရှိတဲ့ စစ်ရှောင်စခန်းကို ထွက်ပြေးတိမ်းရှောင်လာခဲ့ကြရပါတယ်။



တိုက်ပွဲတွေကြားမှာ စားဝတ်နေရေးအတွက် အလုပ်လုပ်ရတာ အရမ်းခက်ခဲပါတယ်။ တိုက်ပွဲခဏ ငြိမ်သွားရင် အိမ်နဲ့ စစ်ရှောင်စခန်းကြား သွားလိုက်လာလိုက်နဲ့ ရသလောက် အိမ်ပြန်ပြီး အလုပ်လုပ်ရတယ်။ ၂၀၁၆ ခုနှစ်တွင် ကျွန်မတို့ရွာ အပါအဝင် xxxxx မြို့၊ xxx ကျေးရွာတစ်လျှောက်မှာ တိုက်ပွဲတွေ ပြန်ပြီး ပြင်းထန်လာတာကြောင့် တစ်ခါပြန်ထွက်ပြေးတိမ်းရှောင်ကြရတယ်။ ကျွန်မတို့ မိသားစုလည်း ဖိုင်ကောင်းစစ်ရှောင်စခန်းမှာပဲ ပြန်ခိုလှုံ နေထိုင်ခဲ့ကြတာ ဒီနေ့အထိဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ မှာ ကျွန်မက ရွာနား ဘောလုံးကွင်းဘေးမှာ မြှုပ်ထားတဲ့ မြေမြှုပ်မိုင်းကို နင်းမိတာကြောင့် ညာဘက်ခြေထောက်မှာ ကြီးမားတဲ့ ထိခိုက်ဒဏ်ရာ ရရှိခဲ့တယ်။ ကျွန်မမိုင်းနင်းမိပြီး မိုင်းထပေါက်ကွဲချိန်မှာ နားလည်းမကြားရတော့ဘူး။ မျက်စိလည်းဘာမှ မမြင်ရဖြစ်ပြီး အရမ်းဝမ်းနည်းခဲ့ရတယ်။ ဒဏ်ရာရတော့ ကျွန်မမှာ ဆေးကုကုသဖို့ ငွေကြေးကြပ်တည်းခက်ခဲခဲ့တယ်။ ကျွန်မရဲ့ ခြေထောက်ကို ဖြတ်ရတော့မလားဆိုပြီး အရမ်းစိုးရိမ်မိခဲ့တယ်။ နေ့စဉ် စားဝတ်နေရေးနဲ့ ကျွန်မရဲ့ ဆေးကုသစရိတ်အတွက် ဒေသအတွင်းသွားလာလုပ်ကိုင် အလုပ်လုပ်ဖို့ကလည်း အရမ်းပဲ ခက်ခဲတယ်။ အဲဒီကာလအတောအတွင်း ကျွန်မတို့ ဒေသမှာ နိုင်ငံရေး၊ စစ်ရေးအခြေအနေတွေ တင်းမာမှုကြောင့် တရုတ်ပြည်ဘက် ဝင်ရင်နေထိုင်ခွင့် လက်မှတ်တွေရှိမှသာ သွားလာနေထိုင်ခွင့်ရတယ်။ ဒါကြောင့် တရုတ်ပြည်ဘက်ကို သွားပြီး အလုပ်လုပ်ဖို့နဲ့ အရောင်းအဝယ်လုပ်ဖို့လည်း ခက်ခဲတဲ့ အချိန်ဖြစ်တယ်။

ရွာတွင်း ကျွန်မတို့ တစ်နိုင်တစ်ပိုင် စိုက်ထားတဲ့ သီးနှံနဲ့ ဟင်းသီးဟင်းရွက်တွေကိုလည်း စစ်တပ်က ဖျက်ဆီးပေးလိုက်တာကြောင့် ကျွန်မတို့ ဘာမှ ပြန်မရနိုင်တော့ဘူး။ ကျွန်မ ဆေးကုသနိုင်ဖို့အတွက် စစ်တပ်က ခွင့်ပြုချက်တောင်းပြီးမှ သွားလာလို့ရတယ်။ ဆေးကုသနေချိန်မှာ ကျွန်မအရမ်းစိတ်အားငယ်တယ်။ ကျွန်မကလေးတွေကလည်း ငယ်သေးတော့ စိုးရိမ်ပူပန်မှုတွေနဲ့ ဖြတ်သန်းခဲ့ရတယ်။ ကျွန်မခြေထောက်ထဲက မိုင်းစတွေကိုတော့ ထုတ်လိုက်နိုင်ခဲ့တယ်။ ဘုရားကျေးဇူးတော်ကြောင့် ကျွန်မခြေထောက် ဖြတ်စရာ မလိုတော့ပါဘူး။



ကျွန်မခြေထောက်မိုင်းထိဒဏ်ရာရလို့ ကျွန်မအရမ်းရှက်ခဲ့တယ်။ ပတ်ဝန်းကျင်ကလည်း ကျွန်မခုလိုဖြစ်သွားတဲ့ချိန် ကျွန်မကို ကြည့်တဲ့အကြည့်၊ အပြောအဆိုတွေက ကျွန်မကံမကောင်းလို့ ခုလိုဖြစ်သွားတာဆိုပြီး ပြောကြတယ်။ သို့ပေမဲ့ ကျွန်မစိတ်ထိခိုက်အားငယ်နေချိန် ရှင်သန်လွတ်မြောက်သူအမျိုးသမီးများနဲ့ တွေ့ဆုံခွင့်ရခဲ့တယ်။ သူတို့နဲ့ တွေ့ဆုံချိန်မှာ ကျွန်မရဲ့ ခံစားချက်တွေကို ရင်ဖွင့်ပြောပြနိုင်ခဲ့သလို အခြားရှင်သန်လွတ်မြောက်သူ အမျိုးသမီးများရဲ့ အတွေ့အကြုံတွေကိုလည်း သိလာရတော့ ကျွန်မတစ်ယောက်တည်းခုလို ခံစားနေရတာ မဟုတ်ဘူးဆိုတာကို သိလာခဲ့ရတယ်။ ဒါကြောင့် ကျွန်မဘဝကို ပြန်တည်ဆောက်နိုင်ဖို့အား ပြန်ရှိလာတယ်။

ကျွန်မခုလို ခြေထောက်ဒဏ်ရာရသွားတာကြောင့် အရင်ကလို အလုပ်တွေ မလုပ်နိုင်တော့ပဲ မိသားစုစားဝတ်နေရေးအတွက် ကျွန်မအမျိုးသားတစ်ယောက်တည်း ကြိုးစားရုန်းကန်ရှာဖွေရသလို ကျွန်မကိုလည်း ပြုစုရရှာတယ်။ ကျွန်မလည်း ကျွန်မလုပ်နိုင်မဲ့ အလုပ်အကိုင်အခွင့်အလမ်းမျိုး ရရှိခဲ့မယ်ဆိုရင် လုပ်ချင်တယ်။ တဘက်တလမ်းကနေ မိသားစုကို ပံ့ပိုးချင်တယ်။ ဒါပေမဲ့ ကျွန်မမှာ အရင်းအနှီး မတည်ငွေ မတတ်နိုင်သလို အသက်မွေးဝမ်းကျောင်း နည်းပညာတွေ လိုအပ်ပါတယ်။ ကျွန်မက အိမ်မှာနေရင်း စျေးဆိုင်ရောင်းချင်ပါတယ်။

**“ကျွန်မတို့ တောင်ပေါ်ဒေသတွေဟာ အမြဲတမ်း တိုက်ပွဲတွေဖြစ်တဲ့ နယ်မြေဒေသဖြစ်တာကြောင့် မိုင်းရှင်းလင်းရေးနဲ့ မြေမြှုပ်မိုင်းနဲ့ ပတ်သက်တဲ့အမြင်ဖွင့်မှုတွေ လိုအပ်နေပါတယ်။ ပြည်သူလူထုတွေ နေထိုင်တဲ့ ကျေးရွာဒေသပတ်ဝန်းကျင် မြေမြှုပ်မိုင်းမထောင်ရန်နဲ့ ထောင်ထားပါက မြေမြှုပ်မိုင်းတွေကို ပြန်လည်ရှင်းလင်းပေးဖို့အတွက် သက်ဆိုင်ရာ မြန်မာစစ်တပ်နဲ့ လက်နက်ကိုင်တပ်ဖွဲ့အားလုံးကိုတောင်းဆိုချင်ပါသည်။”**

နောက်ပြီးတိုက်ပွဲဖြစ်ရာနယ်မြေတွေမှာ မြေမြှုပ်မိုင်းထောင်ထားပါကလည်း သတိပေးခြင်းတွေလုပ်ဖို့လိုအပ်ပါတယ်။ ပြည်သူလူထု ထိခိုက်မှုမဖြစ်အောင်လုပ်ဖို့အစိုးရမှာ တာဝန်ရှိတယ်။

**“ပြည်သူလူထုကို အကြမ်းဖက်နေတဲ့ မြန်မာအာဏာသိမ်းစစ်တပ်ကို လက်နက်ရောင်းချပေးခြင်းရပ်တန့်အောင် ဝိုင်းဝန်းကူညီပေးကဖို့အတွက် နိုင်ငံတကာအသိုင်းအဝိုင်းကိုတောင်းဆိုချင်ပါတယ်။ မြန်မာအာဏာသိမ်းစစ်တပ်ရဲ့ အကြမ်းဖက်မှုနဲ့ စစ်ပွဲတွေပိုအားကောင်းလာစေဖို့ ပံ့ပိုးပေးနေတဲ့ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုတွေကိုလည်း ပိတ်ပင်တားဆီးထား ပေးကြပါလို့ တောင်းဆိုချင်ပါတယ်။”**



# ရှင်သန်လွတ်မြောက်သူ

## ကချင်အမျိုးသမီးတို့၏ အသံ

“

ကျွန်မတို့ အရပ်သားပြည်သူလူထုတွေ နေထိုင်တဲ့ ကျေးရွာဒေသတွင်းမှာ စစ်တပ်မှတပ်ချတာမျိုး၊ လက်နက်အပြည့်နဲ့ ပြည်သူတွေရှိတဲ့ နေရာတွေမှာ ဝင်ရောက်နေထိုင်တာမျိုးတွေကို ကျွန်မတို့ မလိုလားပါဘူး။ အမြန်ဆုံးထွက်သွားစေလိုပါတယ်။

**တိုက်ပွဲလည်း မဖြစ်စေချင်ပါဘူး။**



ကျွန်မတို့လို ရှင်သန်လွတ်မြောက်လာသူများကို ဘေးဖယ်မထားပဲ သူတို့ဘဝတွေ ပြန်လည်ရှင်သန်ရပ်တည်လာနိုင်ဖို့အတွက် ကူညီပံ့ပိုးပေးစေလိုပါတယ်။ **ကျွန်မတို့ကြုံတွေ့ခံစားခဲ့ရတဲ့ ဖြစ်ရပ်မျိုး အခြားဘယ်သူကိုမှ မခံစားစေချင်တော့ပါဘူး။** ဒါကြောင့် အမှန်တရားနှင့် တရားမျှတမှုရရှိဖို့အတွက်၊ ကျူးလွန်သူတွေကို အပြစ်ပေးအရေးယူမှုများဆောင်ရွက်ကြရန် တိုက်တွန်းချင်ပါတယ်။





စစ်ပွဲဖြစ်ရင် စစ်တပ်က အရပ်သားတွေ ပြည်သူလူထုတွေကို ပစ်မှတ်ထားပြီး သူတို့ကြိုက်သလိုမတရားဖမ်းဆီး၊ ညှင်းပန်းနှိပ်စက်မှုတွေ လုပ်တာကို **တားဆီးကာကွယ်ပေးဖို့ နိုင်ငံ့ရဲ့သက်ဆိုင်ရာ အစိုးရအုပ်ချုပ်သူတွေကို တောင်းဆိုချင်ပါတယ်။**



ညှင်းပန်းနှိပ်စက်မှုကြောင့် လူတစ်ဦး တစ်ယောက်ရဲ့ ဘဝကို အသက်သာ ရှင်နေသော်လည်း ဘဝတခုလုံးဆုံးရှုံးသွား စေနိုင်တယ်။

ဒီလို မတရားပြုကျင့်မှုတွေကို လုံးဝခွင့်ပြုမထားသင့် ပါဘူး။ မြန်မာနိုင်ငံအတွင်းမှာဆိုးရွားတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကိုအရေးယူဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံတကာအသိုင်းအဝိုင်းမှလည်း ဝိုင်းဝန်းပံ့ပိုးကူညီ ပေးကြဖို့ ကျွန်မအနေနဲ့ တောင်းဆိုချင်ပါတယ်။





“နိုင်ငံငြိမ်းချမ်းသွားတဲ့ အချိန်ကျရင် လူ့အခွင့်အရေး ချိုးဖောက်ခံခဲ့ရသူတွေကို မေ့မထားစေချင်ဘူး။ ရှင်သန်လွတ်မြောက်လာသူတွေကို စိတ်ဒဏ်ရာ ကုစားပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာတွေ သင်ပေးခြင်း၊ ပြန်လည်ကုစားမှုများကို လုပ်ပေးခြင်း တွေကို ပံ့ပိုးပေးစေလိုပါတယ်။

ကျူးလွန်သူတွေလည်း ကိုယ့်အပြစ်တွေ ဝန်ခံပြီး၊ သူတို့နဲ့ ထိုက်သင့်တဲ့ ပြစ်ဒဏ်ကို ခံယူခိုင်းစေချင်တယ်။”



ကျွန်မရဲ့ဘဝတစ်လျှောက်လုံး ငယ်စဉ်ကလေးဘဝကတည်းက အခုအချိန်ထိ စစ်ပွဲပဋိပက္ခတွေ ကြားမှာ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ အကြိမ်ကြိမ် ကြုံတွေ့ခံစားခဲ့ရပေမဲ့လည်းတရားမျှတမှုကို တစ်ကြိမ်တစ်ခါမျှပင် မရရှိခဲ့ဖူးပါ။ ကျူးလွန်သူများအား အပြစ်ပေး အရေးယူပေးခြင်းမျိုးလည်း တစ်ခါမှ မတွေ့ဖူးပါ။

ကျူးလွန်သူများကို အပြစ်ပေးမှုမှ ကင်းလွတ်ခွင့်၊ လွတ်ငြိမ်းချမ်းသာခွင့် ပေးထားကြတာကိုတွေ့ရတယ်။ ဒီလိုကင်းလွတ်ခွင့်ပေးထားခြင်းအားဖြင့် ထပ်မံကျူးလွန်ဖို့ အားပေးနေတာနဲ့ တူပါတယ်။ ဒါကြောင့်ကျူးလွန်သူတွေကို ထိထိရောက်ရောက် အရေးယူမှုတွေ လုပ်ခိုင်းစေချင်ပါတယ်။





မတရားလုပ်တဲ့သူတွကို ကြောက်နေလို့ မရဘူး။ အမှန်တရားကို ဖော်ထုတ်ရမယ်။ အမှန်ပြောရရင် ကျွန်မက တရားမျှတမှုအတွက် သေရမှာလည်း မကြောက်တော့ဘူး။
မတရားမှုတွေ ခံစားလာရတာ နှစ်ပေါင်းများလွန်းလှပြီ။ ဒီတကြိမ်တော့ လုံးဝဆုံးရှုံးသွားလို့ မဖြစ်ဘူး။ အရောက်စီတိုင်း အမှန်တရားအတွက် ထုတ်ဖော်ဖို့လိုအပ်တယ်။ ပေးဆပ်စရာရှိရင်လဲပေးဆပ်ရမှာပဲ။



လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်သူတွေကို
အရေးမယူဘဲ ကင်းလွတ်ခွင့်ပေးထားခြင်းဟာ
လူ့အခွင့်အရေး နောက်ထပ်ချိုးဖောက်ဖို့အတွက်
လမ်းဖွင့်ပေးထားတာနဲ့ တူပါတယ်။ ဒါကြောင့်
လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ရပ်တန့်နိုင်ဖို့
တာဝန်ယူ ဖြေရှင်းဆောင်ရွက်မှု လုပ်ပေးဖို့
သက်ဆိုင်ရာ အစိုးရနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းကို
လည်းတောင်းဆိုချင်ပါတယ်။





## ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) ၏
# အကြံပြုချက်များ

(၁) အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး၏ အတွင်းကူးပြောင်းရေးနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းစဉ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုမှ လွတ်မြောက်လာသော အမျိုးသမီးများ၏ အသံကို အထူးအလေးပေး ဆောင်ရွက်ပေးရန်။

(၂) ဤကဲ့သို့သော လူ့အခွင့်အရေးချိုးဖောက်မှုများ ထပ်မံမဖြစ်ပွါးရန် ကျူးလွန်သူများအား တရားဥပဒေအရ အပြစ်ပေး၊ အရေးယူဆောင်ရွက်ပေးရန်။

(၃) ပတ်ဝန်းကျင်မှ ရှင်သန်လွတ်မြောက်သူများအား အထင်အမြင်သေး၊ ခွဲခြားဆက်ခံခြင်းများ မပြုပဲ ထိုသူများအား ဝိုင်းဝန်းကူညီပံ့ပိုးပေးခြင်းအားဖြင့် စိတ်ပိုင်းဆိုင်ရာ မြှင့်တင်ပေးရန်။

(၄) နိုင်ငံတကာ အလှူရှင်အဖွဲ့အစည်းများမှ အရှင်သန်လွတ်မြောက်သူများ၏ ဘဝ ရည်ရှည်တည်တံ့ ရပ်တည်နိုင်သည့် လုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းပညာများကို ကူညီပံ့ပိုးပေးရန်။

(၅) မိမိတို့အနေဖြင့် ဤကဲ့သို့သော အချိန်ကာလကြာရှည်စွာ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုများကို ဖြစ်စေသော နိုင်ငံတကာစစ်ရာဇဝတ်မှု ကျူးလွန်သူများအား ဘက်မလိုက်လွတ်လပ်သော စုံစမ်းစစ်ဆေးမှု နှင့် အရေးယူဆောင်ရွက်ပေးရန်။

Published in September 2023

Kachin Women's Association Thailand (KWAT)

kwat.office@gmail.com
+66(0)897 5598 92
www.kachinwomen.com



*Designed by Ying Tzarm*
*June 2023*



KWAT

WWW.KACHINWOMEN.COM